www.burmeseclassic.com

# ဆက်ရှပ်
# ထဲက
# မိုးရေစက်များ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးဒီဇိုင်း
ဖေသစ်တည်
ထုတ်ဝေသူ
ဦးပြည့်လင်း (၀၄၄၀၃)
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
ဘာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်ရီ-၀၂၀၁၂
မိုးစန္ဒာ ပုံနှိပ်တိုက်၊
အမှတ် ၁၁၉၊ ၃၂-လမ်း
-န်းဘဲဘန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး
တံခွန်တိုင်စာပေ
အမှတ် ၅၈၊ ၉၃-လမ်း၊
လာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
တန်ဖိုး
၅၀၀
အုပ်ရေ
၅၀၀
ထုတ်ဝေသည့်လ
အောက်တိုဘာလ၊ ၂၀၁၄

## ဒို့အရေး အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
- [illegible]
- ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- [illegible] ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ရာဇဝင်ကို
လက်ခုပ်ထဲကမိုးရေစက်များ
ရာဇဝင်ကို၊ ရန်ကုန်
တံခွန်တိုင်စာပေ ၂၀၁၄။
၂၃၆ စာ၊ ၁၂.၀၀ X ၁၈.၈ စင်တီ
(၁) လက်ခုပ်ထဲကမိုးရေစက်များ




မြှည့်လင်း:
မိတဉ်ပျက်စေသည် . . .

တံခွန်တိုင် စာပေတိုက်
အမှတ် ၅၈၊ ၉၃ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၉၄၆၅၀၊ ၀၉ ၇၃၀၆၉၈ ၂၂၊ ၀၉ ၄၂၀၀၁၉၆၇၈

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

"ဟဲ့ . . . ဒီနေ့မိုးရွာမလားမသိဘူးနော်၊ မိုးနံ့ရတယ်၊ မိုးရိပ်တွေလည်း ရှိနေတယ်"

ကောင်းကင်ကို မော့ကြည့်ကာ ပြောလိုက်တဲ့ စိမ့်စမ်းစကားကြောင့် ဟန်နီနဲ့သာယာတို့ကပါ ကောင်းကင်ကို မော့ကြည့်လိုက်ကြတယ်။ ကောင်းကင်မှာက မိုးရိပ်အချို့ရှိနေတာကို တွေ့ရသလို မိုးရွာတော့မယ့်နိမိတ်ရှေ့ပြေးအဖြစ် မိုးနံ့သင်းသင်းကိုလည်း ရနေတာအမှန်ပါပဲ။

"အင်း . . . ရွာမယ်ထင်တယ်"

ဟန်နီရဲ့ မှတ်ချက်စကားအဆုံး စိမ့်စမ်းက သူမ လွယ်အိတ်ထဲက ခေါက်ထီးနီနီလေးကို ထုတ်ပြလာရင်းဆိုတယ်။

"ငါတော့ ထင်လို့ထီးယူလာတယ်၊ နင်တို့ရော ထီးပါလာကြလား"



www.burmeseclassic.com

www.burmeseclassic.com



သာယာကလည်း သူမလွယ်အိတ်ထဲက ခေါက်ထီးအစိမ်းရောင်လေးကို စားပွဲပေါ်တင်ပြလာရင်း. . .

"ပါတယ်၊ ဟန်နီရော"

လို့ဆိုကာ အကြည့်က ဟန်နီ့ဆီကို ရောက်လာတယ်။ ဟန်နီကတော့ လွယ်အိတ်ထဲမှာ ထီးပါလာပေမယ့်လို့ ထုတ်ပြမနေတော့ဘဲ ခေါင်းတစ်ချက်သာ ညိတ်ပြလိုက်ရင်း. . .

"အင်း. . . လိုရမယ်ရဆိုပြီးတော့ ယူလာတယ်လေ"

"အံမယ်. . . သုံးယောက်လုံးပါတယ်ဟ၊ ဟဲဟဲ. . . ငါတို့တွေ မိုးလေဝသဌာနမှာ အလုပ်ဝင်လို့ရပြီ၊ ဘွဲ့ရအောင် ယူစရာမလိုတော့ဘူး"

အဲဒီအချိန်မှာပဲ ဟန်နီ့အကြည့်က သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ စားပွဲဝိုင်းတစ်ဝိုင်းမှာ ထိုင်နေတဲ့ အတွဲတစ်တွဲဆီကို ရောက်သွားရတယ်။ ကောင်မလေးက ဘာစားထားတယ်မသိပါဘူး။ ပါးစပ်မှာ တစ်ခုခုပေနေတာကို ကောင်လေးက ကြင်ကြင်နာနာလေးနဲ့ သုတ်ပေးနေတာ။ ဒါကို ဟန်နီက မျက်စပစ်ပြလိုက်ရင်း. . .

"ဟဲ့ဟဲ့. . . ဟိုမှာ ဟိုမှာ. . ."

ဆိုတော့ သာယာနဲ့စိမ့်စမ်းတို့ရဲ့ခေါင်းတွေကလည်း အဲဒီအတွဲဆီ ငဲ့စောင်းရောက်ရှိသွားကြတော့တယ်။



# လက်ခုပ်ထဲက မိုးရေစက်များ

"အားပါးပါး. . ."

"အဟင့်. . . အားကျလိုက်တာ"

သွားရေကြားက လာတဲ့အသံတွေနဲ့ ထွက်လာတဲ့ သူတို့စကားတွေအဆုံး ဟန်နီက တစ်ချက်ပြုံးလိုက်ရင်းမှ. . .

"အားကျရင် နင်တို့လည်း ရည်းစားထားကြပေါ့ဟဲ့၊ ဘာခက်တာမှတ်လို့"

လို့ဆိုတော့ စိမ့်စမ်းက မျက်စောင်းတစ်ချက်ပိတ်ထိုးလာရင်း. . .

"ရည်းစားထားတာတော့ လွယ်တာပေါ့ဟဲ့၊ ဒါပေမယ့် ရင်ခုန်ရတဲ့လူမှ မတွေ့သေးတာ"

"အေးလေ. . . ငါ့ဖူးစာရှင်က ဘယ်မှာသွားအိပ်နေတယ် မသိပါဘူး"

"ဟုတ်ပ. . . ငါ့ဖူးစာရှင်လည်း အဲဒီအတိုင်းပါပဲ၊ ဟင်း. . . ဖူးစာရှင်က နီးနီးကြားကြားနဲ့ အနားမှာရှိနေတဲ့ နင်ကျတော့လည်း လှုပ်မှမလှုပ်တာ"

စိမ့်စမ်းစကားကြောင့် ဟန်နီက အူလည်လည်ဖြစ်သွားရရင်း. . .

"အိုးမိုင်ဂေါ့ထ်. . . ဘယ်မှာတုန်း ငါ့ဖူးစာရှင်က"

"ဟိဟိ. . . ပန်တျာညီညီလေဟာယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး သာယာနဲ့ စိမ့်စမ်းက တဟားဟားအော်ရယ်ကြ
တော့တယ်။

"အမ်! သေဦးမယ်၊ အဲဒီပန်တျာညီညီကို နင်တို့ပဲယူ"

ပြောရင်း မျက်လုံးထဲမှာ ပုလင်းဖင်လောက်မျက်မှန်ကြီးနဲ့ ဖာတ်မင်းသားရှုး ရှုးနေတဲ့ ပန်တျာညီညီရဲ့ ပုံရိပ်က ဝင်ရောက်လာရတယ်။ အဲဒီတစ်ယောက်ဟာဖြင့် သူမကို အရှင်ပဲရရ၊ အသေပဲရရ၊ မသေမရှင်ပဲရရဆိုတဲ့ အစားမျိုးထဲဖြစ်ပြီး သူမကို မြင်လိုက်တာနှင့် အိမ်မြှောင်အပြီးပြတ်သွားသလိုဒီဇိုင်းနဲ့ သူမ အနားကို ရောက်လာတတ်တာပါ။ ပြီးတော့လည်း ဘာတွေပြော မှန်းမသိ။ သူမသာ သူ့ကိုယူရင် နှစ်ပါးသွားခွေထုတ်ကျွေးမယ်တွေရော၊ ဇာတ်ကကျွေးမယ်တွေရော စုံလို့ပါပဲ။ အံမယ်လေး. . . သူမကို သူ့ဇာတ်အဖွဲ့မှာ ပြဇာတ်ခေါင်းဆောင်မင်းသမီး တင်ပေးမယ်ဆိုတာကလည်း ပါသေး။

"ဟီးဟီး. . . ယူချင်တာပေါ့ဟဲ့၊ ဒါပေမယ့် ဟိုက နင်နဲ့မှ နှစ်ပါးသွားလေး ကချင်ပါတယ်ဆိုပြီး ဖြစ်နေတာကို"

"အေးပါ. . . အေးပါ၊ ဒီတစ်ခါ ငါ့အနားကို သူရောက်လာရင် နင်က စိတ်ဝင်စားနေတယ်ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ့မယ်"





"အယ်. . . အဲ. . . အဲလိုတော့ နောက်ရဘူးလေ၊ မီးက ညဘက်ဆို အိပ်ရေးပျက်ခံနိုင်ဘူး. . . ဟီးဟီး. . ."

စိမ့်စမ်းစကားအဆုံး သုံးယောက်စလုံး ပွဲကျသွားကြပြန်တယ်။ နောက်တော့ အတန်းချိန်နီးလာပြီမို့ သူမတို့လည်း ပိုက်ဆံရှင်းကာ အတန်းဆီကို ချီတက်လာခဲ့ကြပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com





သွပ်တံစက်မြိတ်ကနေ စီးကျနေတဲ့ မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ ခံယူရင်းကနေ ဟာန်နီက အယ်(လ်)ဆိုင်းဇီရဲ့ "မိုးရာသီထဲ" သီချင်းလေးကို ခပ်တိုးတိုးလေး ရေရွတ်လိုက်မိတယ်။

သူမက မိုးရေစက်တွေကို တအားချစ်တာပါ။ မိုးရေထဲမှာ ဖိနပ်လည်းမစီး၊ အမိုးအကာလည်းမပါဘဲ လျှောက်သွားရတာ တိုလည်း၊ အရမ်းနှစ်သက်မိတာ ငယ်ငယ်ကလေးကနေ အခု အချိန်အထိ။ ပြီးတော့ သွပ်မိုးပေါ် မိုးစက်တွေကျလာသံကို နားထောင်ရင်း၊ စာအုပ်လေးတစ်အုပ်၊ ကော်ဖီလေးတစ်ခွက်နဲ့ ငြိမ့်နေရတာကိုလည်း ကြိုက်ပြန်ပါသေးတယ်။

အတွေးနဲ့အတူ မိုးရေစက်တွေကို ငေးကြည့်နေတုန်းမှာပဲ အနားကို သူငယ်ချင်းမတွေဖြစ်တဲ့ စိမ့်စမ်းနဲ့ သာယာတို့ ရောက်လာတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဘာတွေစိတ်ကူးယဉ်နေပြန်တာလဲ၊ သွားမယ်လေ၊ ကျွတ်. . . မိုးကလည်း အတန်းပြီးချိန်ကျမှ ကွက်တိရွာရတယ်လို့၊ စိတ်ညစ်လိုက်တာ"

သာယာက သူမခေါက်ထီးကို ထုတ်ယူဖြန့်နေရင်းကနေ ပွစိပွစိရေရွတ်တယ်။ ဟန်နီမိုးကျော်ကတော့ မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ ခံယူမပျက် ခံယူနေရင်းကနေ ပြုံးလိုက်ကာ. . .

"နင်ကလည်း မိုးရွာတာ စိတ်ညစ်စရာမှမဟုတ်တာ၊ ပျော်စရာကြီးပါ၊ ဒီလောက်အေးချမ်းပြီး ချစ်ဖို့ကောင်းတဲ့ မိုးစက်လေးတွေကိုများ နင်မို့လို့အပြစ်မြင်နေ"

သူမစကားအဆုံး သာယာက မျက်နှာကို မဲ့ကာရွဲ့ကာနဲ့ အပြင်မှာရွာနေတဲ့ မိုးတွေကို မကျေမနပ်ကြည့်လိုက်ရင်း. . .

"ဟင်း. . . နင်ပဲပျော်နေ၊ ငါကတော့ မပျော်ပါဘူး၊ မိုးရာသီကိုမုန်းလွန်းလို့"

ဆိုတော့ စိမ့်စမ်းကလည်း လွယ်အိတ်ထဲက ခေါက်ထီးကို ထုတ်ယူကာဖွင့်လိုက်ရင်း. . .

"ဟုတ်တယ်၊ ငါလည်း မိုးရွာတာကို လုံးဝမကြိုက်ဘူး၊ သွားရလာရတာ စိုစိုစိစိနဲ့ စိတ်ညစ်လွန်းလို့ လာလာ. . . သွားမယ် သွားမယ်"





ဆိုပြီး ထီးကိုယ်စီနဲ့ အပြင်ကိုထွက်ဖို့ ဟန်ပြင်လိုက်ကြတယ်။ ဒီအချိန်မှာပဲ ဟန်နီက သူမလွယ်အိတ်ကို စိမ့်စမ်းဆီ လှမ်းပေးလိုက်တော့ စိမ့်စမ်းက မျက်မှောင်ကြုတ်ကြည့်လိုက်ရင်းက. . .

"ဘာတုန်း အဲဒါက"

"ငါ့လွယ်အိတ်ကို ယူလာခဲ့ပေးဟယ်၊ ငါ မိုးရေထဲကို ဒီအတိုင်းလမ်းလျှောက်မလို့"

သူမစကားကြောင့် စိမ့်စမ်းရော သာယာပါ မျက်လုံးတွေ ပြူးကုန်ကြတယ်။

"ဘယ်လို"

"ကြားတဲ့အတိုင်းပဲဟာ၊ မိုးရေထဲမှာ လမ်းမလျှောက်ရတာ ကြာပြီဟဲ့၊ အခုလို ကြုံတုန်းလေးမှာ ကားဆီအရောက် ဒီအတိုင်းလမ်းလျှောက်မလို့"

"မိန်းမ. . . ရူးမနေစမ်းပါနဲ့ဟယ်၊ ဖျားနေလို့ နောက်နေ့ကျောင်းမတက်နိုင်ဘဲနေဦးမယ်၊ နင့်မှာ ထီးလည်းပါရဲ့သားနဲ့၊ ကလေးမဟုတ် သူငယ်မဟုတ်"

"မဖျားပါဘူးဟယ်၊ ငါက မိုးရေနဲ့တည့်ပါတယ်၊ ငါ့ရာဇဝင်မှာ မိုးမိလို့ဖျားတယ်ဆိုတာ တစ်ခါမှ မရှိခဲ့ဖူးဘူး သိရဲ့လား၊ ရှောပါဟယ်. . . ရှော"

www.burmeseclassic.com

## ရာဇဝင်ကို

ဟန်နီက ပြောလည်းပြော လွယ်အိတ်ကိုလည်း စိမ့်စမ်းလက်ထဲကို အတင်းထိုးထည့်ပေးလိုက်တယ်။ နောက်တော့ သူမက ခပ်မြူးမြူးလေးတစ်ချက်ခုန်လိုက်ပြီးမှ သာယာနဲ့စိမ့်စမ်းတို့ တဟဲ့ဟဲ့ လုပ်နေတဲ့ကြားကနေပဲ မိုးရေထဲကို ဒီအတိုင်းထွက်လာခဲ့လိုက်တယ်။

ခန္ဓာကိုယ်ပေါ်ကို အတားအဆီးမရှိကျဆင်းလာတဲ့ မိုးရေစက်တွေကြောင့် လူက အေးမြကာ စိတ်ထဲမှာ ပေါ့ပါးလန်းဆန်းသွားတယ်။ နောက်ဘက်ကိုပြန်ကြည့်လိုက်တော့ သာယာနဲ့ စိမ့်စမ်းတို့က သူမနောက် မလှမ်းမကမ်းကနေ ထီးကိုယ်စီနဲ့ ခေါင်းတရမ်းရမ်းလုပ်ကာ ပါလာကြတယ်။

ကျောင်းဆင်းချိန်မို့ ထီးပါတဲ့ တချို့ကျောင်းသူကျောင်းသားတွေက ကားရပ်ထားရာဆီကို ထီးကိုယ်စီနဲ့သွားနေကြသလို ထီးမပါလာတဲ့ ကျောင်းသူကျောင်းသားတွေကတော့ အတန်းရှေ့မှာပဲ မိုးအတိတ်ကို ရပ်စောင့်နေကြတယ်။ တချို့ကလည်း သူမကို ဘာကြောင်တာလဲဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်သွားကြလေရဲ့။ ဒါပေမယ့် သူမကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး။ သူမ ဂရုစိုက်တာက မိုးရေစက်တွေကိုပါပဲ။



## လက်ခုပ်ထဲက မိုးရေစက်များ

နောက်တော့ သူမက ပိုမိုပျော်မြူးလာကာ လမ်းကိုပုံမှန်လျှောက်နေရာကနေ ခြေလှမ်းတွေကို ခပ်မြန်မြန်နဲ့ မပြေးရုံတမယ် ပုံစံမျိုးလျှောက်လာမိတယ်။

"ဟဲ့. . . ဟန်နီ၊ အရူးမ၊ ဖြည်းဖြည်းလျှောက်လေ၊ တော်ကြာ ချော်လဲပြီး ကျိုးနေဦးမယ်"

နောက်ကနေပြီး လှမ်းအော်လိုက်တဲ့ သာယာ့ရဲ့အသံကြောင့် ဟန်နီကနောက်လှည့်ကာ သာယာကို ကိုရီးယားကားတွေထဲမှာ ချစ်တယ်လို့လုပ်ပြသလိုမျိုး လက်နှစ်ဖက်ကို ခေါင်းပေါ်မှာတင်ကာ ပြောင်ပြလိုက်မိတော့ သာယာက မနိုင်ဘူးဆိုတဲ့သဘောနဲ့ လက်ခါပြတယ်။ သာယာ့ပုံစံကိုကြည့်ရင်းကနေ ဟန်နီက သဘောတကျ ရယ်လိုက်မိပြီးမှ ရှေ့ဘက်ကိုပြန်လှည့်အပြေးမှာတော့ ဘယ်အချိန်က သူမရှေ့နားမှာ ရောက်နေမှန်းမသိတဲ့ လူတစ်ယောက်ကို သူမက အင့်ခနဲနေအောင် ဝင်တိုးမိုက်မိတော့တယ်။

"အမေ့!"

"ဟာ!"

တိုးတိုက်လိုက်တဲ့ အရှိန်ကြောင့် သူမက ရေကွက်တစ်ခုဆဲ ဒူးထောက်လဲကျသွားသလို တစ်ဖက်လူဟာလည်းပဲ လက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



က ထီးပါလွတ်ကျသွားပြီး လူကလည်း နောက်ဘက်ကို ဖင်ထိုင်ရက် ပြုတ်ကျသွားတော့တယ်။

ဒါပေမယ့် သူမက တစ်ဖက်လူရဲ့ မျက်နှာကို သေချာမကြည့်မိသေးဘူး။ သွားပြီ. . . ဆိုတဲ့အသိနဲ့ ကိုယ့်ကိုယ်ကိုယ် ပူထူသွားကာ လဲကျနေရာကနေ ကမန်းကတန်းထပြီး တစ်ဖက်လူလွတ်ကျသွားတဲ့ ထီးကိုခပ်မြန်မြန်ပဲ ပြန်ကောက်ကာ ဖင်ထိုင်ရက်လဲကျနေတဲ့ တစ်ဖက်လူအပေါ်ကို မိုးပေးထားလိုက်ရင်း. . .

"ဆောရီး. . . ဆောရီးပါရှင်၊ ကျွန်မ တမင်လုပ်တာမဟုတ်ပါဘူး"

လို့တောင်းပန်ရတယ်။ ပြီးမှ တစ်ဖက်လူရဲ့မျက်နှာကို အသာကြည့်မိစဉ်မှာတော့. . .

ဟင်. . .။

သူမရင်ထဲမှာ ဘာမှန်းမသိတဲ့ မြစ်တစ်စင်းက အရှိန်အဟုန်နဲ့ ပြေးဆင်းသွားတယ်။ ကြည့်စမ်း။ ဒီကောင်လေးဟာ ဘာ့ကြောင့်များ ဒီလောက်ကြည့်ကောင်းနေရတာလဲ။ ဒီလောက်မိုးငွေ့မိုးမြူတွေ ရိုက်ခတ်နေတဲ့ကြားထဲမှာတောင် သူ့မျက်ဝန်းတွေက တောက်ပနေလိုက်တာ။ ပြီးတော့ ဂျယ်လ်လူးပြီး သေချာပုံသွင်းဖြီးသင်ထားဟန်ရှိတဲ့ ဆံပင်တွေကြားထဲကနေ မျက်နှာပေါ်ကို မိုးရေစက်တွေ စီးကျနေပုံက ဘယ်လိုကြည့်ကောင်းနေမှန်းမသိ။



# လက်ခုပ်ထဲက မိုးရေစက်များ

သူမက သူ့ကို ထီးမိုးပေးထားရင်းကနေ သတိလက်လွတ်နဲ့ ငေးကြည့်နေမိတယ်။ သူက သူမလက်ထဲကထီးကို လာရောက်ဆုပ်ကိုင်ဆွဲယူတော့မှ သူမမှာ သတိပြန်ဝင်လာရပြီး. . .

"ဘာ. . . ဘာဖြစ်သွားလဲ မသိဘူး"

လို့ အယောင်ယောင်အမှားမှားနဲ့ မေးမိတော့ သူက သူမကို တစ်ချက်သာ အလိုမကျသလို မျက်မှောင်ကုပ်ကြည့်လာပြီး ထီးကိုဆတ်ခနဲ ဆွဲယူလိုက်ကာ. . .

"ရတယ်၊ ဘာမှမဖြစ်ဘူး"

လို့ဆိုတယ်။ နောက်တော့ လဲကျနေရာကနေထကာ အတန်းတွေဘက်ကို လျှောက်သွားတော့တယ်။ နောက်ကို တစ်ချက်လေးတောင် လှည့်မကြည့်။ သူမကိုလည်း လောကွတ်အရ "မင်းရော ထနိုင်ရဲ့လား၊ ဘာဖြစ်သွားသလဲ" တောင် မေးမသွား။ သူမကတော့ အိပ်မက်ထဲမှာ လမ်းလျှောက်နေရသူလို အခုထိ ယောင်ယောင်ဝါးဝါးနဲ့ ငုတ်တုတ်ထိုင်နေမိတုန်း။

"ဟဲ့. . . မိန်းမ၊ ဘာဖြစ်နေတာလဲ၊ မထနိုင်ဘူးလား"

အနားကိုရောက်လာတဲ့ စိမ့်စမ်းဆီက အသံတစ်ခုကြားလိုက်ပေမယ့် ဘာပြောလိုက်မှန်းသေချာမသိ။

"ဟဲ့. . . မေးနေတယ်လေ၊ မထနိုင်ဘူးလားလို့"



www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းဆီက နောက်တစ်ခါ အသံထွက်လာတော့မှ သူမက သတိပြန်ဝင်လာပြီး. . .

"ဩော်. . . ဘာ. . . ဘာမှမဖြစ်ဘူး၊ ရတယ်၊ ရတယ်"

ဆိုပြီး ထိုင်နေရာနေ ကုန်းရုန်းထရတယ်။ နောက်တော့ သုံးယောက်သား ကားရပ်ထားရာဆီကို ယှဉ်လျှောက်လာရင်းက နေ သူမက နောက်ဘက်ကို လည်ပြန်ပြန်ကြည့်မိပြန်တယ်။

ဒါပေမယ့် ဝေးသွားပြီဖြစ်သလို မိုးငွေ့တွေရိုက်နေတဲ့ အတွက် လူကို ယဲသဲကွဲကွဲမမြင်ရတော့ပါ။ သူဆောင်းထားတဲ့ ထီးအပြာလေးကိုတော့ ရင်ခုန်စရာတွေ့လိုက်ရပါရဲ့။

ရှင်. . . ဘယ်သူများလဲကွယ်။



## အခန်း (၂)

သူမစကားလည်းဆုံးရော စိမ့်စမ်းနဲ့သာယာတို့က မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်သွားကြတယ်။ မပြူးခံနိုင်ရိုးလား။ အခုအချိန်အထိ ဘယ်ယောကျ်ားတစ်ယောက်ကိုမှ ရင်မခုန်ခဲ့ဖူးတဲ့ သူမဆီက(တခြား ကိုယ့်ကိုရင်ခုန်လို့ လာရောက်ချစ်ခွင့်ပန်တဲ့ ပုရိသတွေထဲကတောင်မဟုတ်ဘဲ) ခဏတာလေးဆုံလိုက်ရတဲ့ ယောကျ်ားတစ်ယောက်ကို ရင်ခုန်သွားမိပါတယ်ဆိုတဲ့ စကားထွက်လာခြင်းက သူတို့တွေအတွက်တော့ အံ့ဩစရာကိစ္စတစ်ခုဖြစ်နေမှာပါပဲ။ ဒါပေမယ့် မယုံမရှိပါနှင့်။ အဲဒါဟာ တကယ်ပဲဖြစ်ပါတယ်။

"နင်. . . တကယ်ပြောနေတာလား ဟန်နီ"

သာယာ့ရဲ့ မယုံသင်္ကာသလိုအမေးကို ဟန်နီက ခေါင်းညိတ်အတည်ပြုပေးလိုက်ကာ နုတ်မှလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါဆို"

"ဘုရား. . . ဘုရား"

"ဟုတ်ရော. . . ဟုတ်ရဲ့လားဟယ်၊ ယောကျ်ားလေးတစ်ယောက်. . . ဘယ်ကမှန်းလည်း မသိတဲ့လူတစ်ယောက်ကို မြင်မြင်ချင်းချစ်သွားတယ်ဆိုတာက မလွန်လွန်းဘူးလား"

စိမ့်စမ်းစကားကြောင့် ဟန်နီက မျက်မှောင်ကုပ်လိုက်ရင်းမှ. . .

"ဟဲ့. . . ဘယ်မှာငါ ချစ်တယ်လို့ပြောလို့လဲ၊ ရင်ခုန်သွားတယ်လို့ပဲ ပြောတာပါ"

လို့ ဆိုမိတော့ စိမ့်စမ်းက သူမကို မျက်စောင်းတစ်ချက်ပိတ်ထိုးလာရင်းက. . .

"ဟဲ့. . . ရင်ခုန်တာနဲ့ ချစ်တာနဲ့က အတူတူပဲမဟုတ်ဘူးလား"

"မတူပါဘူး၊ ရင်ခုန်တာက ရင်ခုန်တာ၊ ချစ်တာက ချစ်တာ၊ သပ်သပ်စီပါ"

"စကားကို နှစ်လုံးတည်းနဲ့ ဘောင်းဘီကြပ်အောင်မပြောစမ်းပါနဲ့ ဟန်နီရယ်၊ ရင်ခုန်ပါတယ်ဆိုတဲ့နောက်တော့ ချစ်လို့ပဲပေါ့"





စိမ့်စမ်းစကားကို သူမက ခေါင်းရမ်းငြင်းဆန်လိုက်မိတယ်။ ဟုတ်တယ်။ သူမ သူ့ကိုချစ်မိသွားတယ် လို့ပြောဖို့ကတော့ စောနေပါသေးတယ်လေ။ ရင်ခုန်တယ်ဆိုပေမယ့် (သူက သူမအတွက် အခြားယောကျ်ားလေးတွေနဲ့ မတူတဲ့ခံစားချက်တစ်ခုကို ပေးလိုက်နိုင်တယ်၊ မဟုတ်ဘူး. . . ပေးလိုက်တာမဟုတ်ဘူး။ မိမိဘာသာရလိုက်တာလို့ပြောရင် ပိုမှန်မယ်) ဒါဟာ အချစ်ပါလို့တော့ တံသေကံမ, အတပ်ပြောလို့ မရသေးဘူးမဟုတ်လား။

ဒါဟာ အချစ်နဲ့မဆိုင်တဲ့ သီးခြားရင်ခုန်ခြင်းသပ်သပ်လည်း ဖြစ်နိုင်တာပဲမဟုတ်လား။

"မဟုတ်ဘူး၊ ငါ့စိတ်ထဲမှာ သူ့ကိုချစ်မိသွားတယ်လို့တော့ မထင်ဘူး၊ ဒါပေမယ့် သူ့ကိုတွေ့လိုက်ရတဲ့ ခဏတာအချိန်လေးအတွင်းမှာ ငါ့စိတ်တွေလှုပ်ရှားသွားတယ်၊ သူဟာ ငါ့အတွက် သာမန်ယောကျ်ားတစ်ယောက်ဆိုတာထက် ပိုတယ်၊ အဲဒါကိုတော့ ငါဝန်ခံတယ်ဟာ၊ ဒါပေမယ့် သူ့ကို နင်တို့ ထင်မြင်ယူဆလိုက်သလို မြင်မြင်ချင်းချစ်မိသွားခဲ့တယ်ဆိုတာမျိုးတော့ မဟုတ်ဘူး၊ အဲဒါကိုတော့ ငါလက်မခံဘူး"

သာယာက သူမစကားကို နားမလည်ဘူးဆိုတဲ့ သဘောမျိုးနဲ့ မျက်မှောင်ကို တမင်တကာ တွန့်ချိုးပြလာသလို စိမ့်စမ်းက



www.burmeseclassic.com

www.burmeseclassic.com





လည်း "တစ်ယောက်တည်းကို ရှုပ်နေတာပဲ၊ လိုက်ကိုမမီတော့ဘူး" လို့ ရေရွတ်တယ်။ ပြီးမှ တစ်ခုခုကို သတိရသွားဟန်နဲ့. . .

"ဒါနဲ့ မေးပါဦးမယ်၊ သူ့ပုံစံက ဘယ်လိုမျိုးလဲ၊ တအားချော လို့လား"

စိမ့်စမ်းစကားကြောင့် ဟန်နီက မနေ့က မိုးရွာကြီးထဲမှာ တွေ့လိုက်ရတဲ့ အမည်မသိမိုးကျရွှေကိုယ်ရဲ့ မျက်နှာကို ပြန်လည်မြင်ယောင်ကြည့်လိုက်မိတယ်။

ရင်က တစ်ချက်ဆောင့်ခုန်သွားရပြန်တယ်။ ဟူး. . . ခက်ချေပြီ။

"တအားကြီးချောနေတာမျိုးတော့ မဟုတ်ဘူးဟ၊ ဒါပေမယ့် ငါ့မျက်လုံးထဲမှာ သူက ဘယ်လိုပြောရမလဲ၊ တစ်မျိုးပဲ၊ အဲဒီတစ်မျိုးက ဘယ်လိုတစ်မျိုးလည်းဆိုတာမျိုးတော့ ငါလည်းမပြောပြတတ်ဘူး"

"ဟင်! နင့်ဟာကြီးကလည်း ဘယ်လိုကြီးတုန်း"

"အေးလေ. . . ဘယ်လိုနားလည်ရမှန်းတောင် မသိဘူး"

"ဘယ်လိုနားလည်ရမှန်းမသိရင်လည်း အဲသလိုပဲ နားလည်လိုက်ဟယ်၊ ငါလည်း နင်တို့နားလည်အောင် မပြောပြတတ်ဘူး၊ ငါ့အတွက် သူက. . . ဟင်!. . ."

ဟန်နီ့စကားက မဆုံးလိုက်။ သူမနဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ တစ်ဝိုင်းကျော်ကခုံကို လာထိုင်တဲ့သူကြောင့် ပြောလက်စ,စကားက လည်ချောင်းဝမှာတင် ပျောက်ရှသွားရပြီး လူကသတိအနေအထားကို အောင်တိုမက်တစ်ရောက်သွားရတယ်။ ပြီးမှ သူငယ်ချင်းမနှစ်ယောက်ကို ဝေ့ဝဲကြည့်လိုက်ရင်းက. . .

"ဟဲ့. . . ဟဲ့. . . နင်တို့ နောက်ဘက်ကိုလှည့်ကြည့်လိုက်၊ မသိမသာလှည့်ကြည့်နော်၊ သူ့ကိုကြည့်တယ်ဆိုတဲ့ပုံစံမျိုးနဲ့ မကြည့်နဲ့၊ ငါတို့နဲ့တစ်ဝိုင်းကျော်မှာ တစ်ယောက်တည်း ထိုင်နေတဲ့တစ်ယောက်၊ အင်္ကျီမိုးပြာရောင်လေးနဲ့၊ ငါပြောတာ သူပဲ"

မသိမသာလှည့်ကြည့်ပါ ဆိုပါသော်လည်း သူ့အကြောင်းကို သူမ ပြောကတည်းက ဘယ်လိုပုံစံလဲဆိုပြီး ကြည့်ချင်နေဟန်ရှိတဲ့ စိမ့်စမ်းနဲ့သာယာတို့က အမဲဖျက်တော့မယ့်ဟန်တွေနဲ့ သူ့တို့နောက်ကို ချာခနဲလှည့်ကာ ပြူးပြဲပြီး ကြည့်ကုန်ကြတော့တယ်။ တော်သေးတာပေါ့။ ဟိုတစ်ယောက်က စားပွဲထိုးကို တစ်ခုခုမှာနေဟန်ရှိပြီး သူ့အာရုံနဲ့သူ ရှိနေပေလို့။

"အဲဒါလား. . . ဘာမှလည်းမထူးခြားပါဘူး သူ့ပုံစံက"

"အင်းလေ. . . ရုပ်ရည်ကလည်း သာမန်ပါပဲ"

www.burmeseclassic.com



သူမရှိရာဘက်ကို ခေါင်းတွေပြန်လှည့်လာကာ ပြောလာတဲ့ စိမ့်စမ်းနဲ့သာယာတို့စကားကို ဟန်နီက အပြုံးလေးတစ်ခုနဲ့ ခံယူလိုက်ရင်းမှ. . .

"မသိဘူးဟယ်၊ နင်တို့အတွက် မထူးခြားပေမယ့် ငါ့အတွက်တော့ သူက ထူးခြားနေတာအမှန်ပဲ၊ ဒါပေမယ့် ဘယ်နေရာက ဘယ်လိုထူးခြားနေမှန်းတော့ ငါလည်း မသိဘူး"

သူမစကားအဆုံးမှာပဲ သူ့အကြည့်က သူမရှိရာဆီကို ဖျတ်ခနဲရောက်လာတော့ သူမမှာ တုန်ခနဲဖြစ်သွားရကာ အကြည့်ကို ကမန်းကတန်းလွှဲလိုက်ရသလို အယောင်ယောင်အမှားမှားနဲ့ပဲ သူမရှေ့က အအေးခွက်ကို ပိုက်ကဲတောင်မသောက်ဘဲ ဖန်ခွက်လိုက် ကောက်မော့လိုက်မိတယ်။

ပြီးမှ သူရှိရာကို မရဲတရဲနဲ့ မျက်လုံးစွေစောင်းလှမ်းပြန်ကြည့်လိုက်တော့ သူ့အကြည့်က သူမဆီမှာ မရှိတော့ဘူး။ သူ့ရဲ့ ဖုန်းဆီမှာပဲ စိတ်ဝင်တစားနဲ့ ကြည့်နေတယ်။

ဒီတော့မှ သူမက သက်ပြင်းမောကို မှုတ်ထုတ်လိုက်ကာ သူမအဖြစ်ကိုသူမ ပြန်တွေးမိရင်း ခိခနဲ တစ်ချက်ရယ်လိုက်မိပြီး. . .

"ငါ သူနဲ့ ခင်ချင်တယ်ဟယ်၊ ဘယ်လိုလုပ်ရမလဲ"





"မိဟန်နီ. . . နင်တော့ ဆေးမမီတော့ဘူး"

စိမ့်စမ်းရဲ့ စကားကို သူမ မနာနိုင်။ သူ့ကို လှမ်းငေးကြည့်ရင်း သဘောတကျပင်ပြုံးလိုက်ရင်းမှ. . .

"ဆေးမမီလည်း အသေခံလိုက်မယ်ဟယ်၊ သူနဲ့ ခင်ခွင့်ရရင်ပြီးရော. . . အဲဒါ ငါ ဘယ်လိုလုပ်ရင်ကောင်းမလဲ၊ ဝိုင်းစဉ်းစားပေးကြစမ်းပါ"

သူမက သူငယ်ချင်းမနှစ်ယောက်ကိုလည်း အကူအညီတောင်း၊ သူမကိုယ်တိုင်လည်း ဦးနှောက်ကို ခပ်သွက်သွက်အလုပ်ခိုင်းလိုက်မိတယ်ဆိုရင်ပဲ သူမခေါင်းထဲက လင်းခနဲ။

"ဟား. . . ငါသိပြီ၊ ငါသိပြီ"

ပြောလည်းပြော ထိုင်ရာကနေလည်း ဆတ်ခနဲထလိုက်တာ ဒီနေ့မှ ထူးထူးခြားခြားယူလာမိတဲ့ ထီးကောက်ကြီးကို သူမချိုင်းကြားမှာ ဖျတ်ခနဲညှပ်လိုက်ပြီး သူရှိရာကို ခြေဦးတည်လိုက်တဲ့ သူမကို စိမ့်စမ်းက မျက်လုံးပြူးမျက်ဆံပြူးနဲ့ ကြည့်လာရင်း. . .

"ဟဲ့. . . ဟဲ့. . . ဒါကဘယ်လိုလဲ"

"သူ့ဆီသွားမလို့လေ"

"ဘာလဲ၊ ကျွန်မ ရှင်နဲ့ခင်ချင်ပါတယ်လို့ သွားပြောမလို့လား"

ဟန်နီက မျက်နှာကို ရှုံ့မဲ့လိုက်ရင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



“အာ. . . နင်ကလည်း၊ အဲဒီလိုကြီးတော့ ပေါ်တင်ကြီး သွားပြောမလားဟဲ့၊ မိန်းမစျေးကျမှာပေါ့”

“အံမယ်. . . ဒါတော့သိသားပဲ၊ ပြောစမ်းပါဦး၊ ဒါဆို နင်က သူ့ဆီကို ဘာသွားလုပ်မှာလဲ”

ဟန်နီက မျက်နှာကို မချိုမချဉ်ပုံစံ လုပ်ပြလိုက်ရင်းမှ. . .

“ပိုက်ဆံသွားချေးမလို့”

“ဟင်!”

“အမ်!”

စိမ့်စမ်းတို့နှစ်ယောက်က ပါးစပ်အဟောင်းသားဖြစ် သွားကြတာ ပြန်ပိတ်မလာတော့ဘူး။ ဟန်နီကတော့ အကျီကို တစ်ချက်ဆွဲဆန့်လိုက်ရင်းကနေ သူရှိရာစားပွဲဆီကို လျှောက်လာ ခဲ့လိုက်တယ်။

ဒီလိုနဲ့ သူ့ရှေ့ကိုရောက်တယ်ဆိုရင်ပဲ. . .

“အဟမ်း. . . အဟမ်း. . .”

လို့ ချောင်းသံပေးလိုက်တယ်။ ဒါပေမယ့် သူက သူ့ဖုန်း ဆီမှာသာ အာရုံရှိနေပြီး သူမကို မော့ကြည့်မလာ။ ဒါနဲ့ သူမက စောစောကထက် ပိုကျယ်တဲ့ “အဟမ်း. . . အဟမ်း. . .”ကို ထပ်လုပ်ရတော့တယ်။ ဒီတော့မှ သူက သူမကိုမော့ကြည့်လာတယ်။ ဒါပေမယ့် သူ့အကြည့်က ကြောင်တောင်တောင်ရယ်။





သူမကတော့ ဟန်ကိုယ့်ဖို့ဆိုတဲ့ ဒီဇိုင်းနဲ့ပဲ သူ့ကို ခပ်တည် တည်ပြန်ကြည့်ပေးလိုက်ရင်းက. . .

“ဟို. . . ခဏ. . . ခဏထိုင်မယ်နော်”

သူမက ခွင့်သာတောင်းတာ။ သူ့ဆီက အဖြေကိုတော့ စောင့်မနေပါဘူး။ သူနဲ့မျက်နှာချင်းဆိုင်မှာ ဖိုးဖိုးဖတ်ဖတ်နဲ့ ဝင် ထိုင်ပစ်လိုက်တယ်။ ဒီတော့ သူက နားမလည်သလိုကြည့်လာ ရင်းက. . .

“ဘာကိစ္စလဲဗျာ”

တဲ့။

သူမက အရဲစွန့်ပြီးတော့သာ ထွက်လာခဲ့ရတာပါ။ တ ကယ်တကယ် သူနဲ့မျက်နှာချင်းဆိုင်မှာထိုင်ပြီး သူ့မျက်နှာကို အနီးကပ်တွေ့၊ သူ့အသံကိုကြားလိုက်ရတဲ့အခါမှာတော့ လူက အတုန်ကယင်နဲ့ ဖျားချင်သလိုလိုတောင် ဖြစ်သွားတယ်။

ဒါပေမယ့် လက်လျှော့ပြန်သွားဖို့တော့ စိတ်မကူးမိပါ ဘူး။ သူမက လုပ်ချင်လာရင် (ကြောက်ကာမှကြောက်ရော) လုပ်ချင်တိုလုပ်လိုက်ရမှ စားဝင်အိပ်ပျော်တတ်သူမျိုးလေ။ ဒီတော့ ရှေ့ မျက်နှာရှေ့မှာပဲ ခပ်ပြောင်ပြောင်ထားလိုက်ကာ ပြောရတယ်။

“ဟို. . . ကျွန်မကို မှတ်မိလားမသိဘူး”

ဆိုတော့ သူက သူမကို မျက်မှောင်ကုပ်ကာ ကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သေချာပါတယ်။ မနေ့က အဖြစ်အပျက်အတွက် သူ့စိတ်ထဲမှာ သူမက လုံးဝကို ရှိမနေခဲ့။ စိတ်ထဲမှာ နည်းနည်းတောင် ဝမ်းနည်းသွားရသလိုလို။

"မသိဘူးဗျာ၊ ဘယ်မှာဆုံဖူးလို့လဲ"

သူမ ထင်ထားသလိုပါပင်။ သူက လုံးဝကို အမှတ်ထင်ထင်ရှိမနေပါဘူး။ ကိစ္စတော့ မရှိပါဘူးလေ။ မသိတော့လည်း သိအောင် အစဖော်ပေးရတာပေါ့။

"ဟို. . . မနေ့က မိုးရွာကြီးထဲမှာ တိုးတိုက်မိတာလေ"

ဒီတော့မှ သူ့မျက်လုံးတွေထဲမှာ အရိပ်အချို့ ဖြတ်ပြေးသွားပြီးနောက်. . .

"ဩော. . . ဟုတ်၊ မှတ်မိပြီ၊ အဲဒါမင်းလား"

တဲ့။ သူမကလည်း ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်း. . .

"ဟုတ်. . . ကျွန်မပဲ"

အဖြစ်အပျက်က နည်းနည်းတော့ ကြောင်တောင်တောင် နိုင်မနေမလားတော့ မသိ။ ဒါပေမယ့် သူမက မှင်နဲ့မောင်းနဲ့ ခပ်တည်တည်ပဲ နေပစ်လိုက်တယ်။

ဒီမှာတင်ပဲ သူက သူမကို နားမလည်သလိုကြည့်လာရင်က. . .

"ဒါနဲ့ အခုက ဘာကိစ္စလဲမသိဘူး"





"ဟို. . . ဟိုဟာလေ. . . ကျွန်မကို ပိုက်ဆံနည်းနည်း လောက်ချေးပါလားလို့"

"ဗျာ!"

မျှော်လင့်မထားတဲ့ စကားကို ကြားလိုက်ရလို့ထင်တယ်။ သူ့ "ဗျာ" က တအံ့တဩ။ သူမကတော့ ပေါက်တဲ့နဖူး မထူးတော့ပြီမို့ ဆက်ပြောရတော့တယ်။

"ပိုက်ဆံနည်းနည်းလောက်ချေးပါလားလို့ ပြောတာပါ၊ ကျွန်မတို့သူငယ်ချင်းတွေ ကန်တင်းလာတာ၊ ဒီနေ့က ကျွန်မ ကျွေးရမယ့်နေ့လေ၊ အဲဒါ ပိုက်ဆံအိတ်က အိမ်မှာမေ့ကျန်ခဲ့လို့၊ သူငယ်ချင်းတွေမှာကလည်း အခုစားထားတာတွေကိုရှင်းလောက်အောင် ပိုက်ဆံများများ မပါလို့ပါ၊ ကူညီပါနော်၊ ဟိုဟာ. . . ကျွန်မ အတိုးပေးဆိုလည်း ပေးပါ့မယ်"

သူက သူမကို စူးစမ်းသလိုကြည့်လာတယ်။ ဒီတော့ သူမကလည်း မျက်နှာကလေးကို သနားချင်စရာလေးဖြစ်အောင် လုပ်ပေးထားလိုက်တယ်ဆိုရင်ပဲ သူက အလိုမကျသလိုပုံစံမျိုးနဲ့ တစ်ပြင်းတစ်ခုကို ကျိတ်ချလိုက်ရင်းမှ. . .

"ပိုက်ဆံက ဘယ်လောက်လိုတာလဲ မသိဘူး"

တဲ့။



www.burmeseclassic.com

www.burmeseclassic.com





သူမရင်ထဲမှာ အပျော်စိတ်က လှိုက်ခနဲတက်လာတယ်။ ဒီပုံအတိုင်းဆိုရင် သူနဲ့ရင်းနှီးခွင့်ရဖို့က လမ်းစပေါ်လာပြီ မဟုတ်ပါလား။

"ဟို. . . လိုတာကတော့ သုံးထောင်ပါ၊ ဒါပေမယ့်လေ. . . ပြန်ဆပ်လို့ကောင်းအောင် ငါးထောင်လောက်ချေးပေးပါလားဟင်၊ ကျွန်မ တကယ်ပြန်ဆပ်မှာပါ၊ ကျွန်မလည်း ဒီကျောင်းက ကျောင်းသူပါပဲ၊ အီးမေဂျာတက်နေတာပါ၊ ကျွန်မနာမည်က. . ."

သူမစကားတောင် မဆုံးသေး. . . သူက လက်ကာပြလိုက်ရင်းကနေ. . .

"ရပြီ. . . ရပြီ၊ အဲဒီလောက်မလိုပါဘူး၊ မင်းကို ကိုယ်ယုံပါတယ်၊ ပိုက်ဆံငါးထောင်လောက်နဲ့တော့ လာမလိမ်နိုင်လောက်ဘူးဆိုတာ သိပါတယ်၊ လိုတာက ငါးထောင်နော်၊ ရော့. . . ဒီမှာ. . ."

ဆိုပြီး ငါးထောင်တန်တစ်ရွက်ကို ထုတ်ပေးလာတော့ သူမက ယောင်နနနဲ့ ယူလိုက်ရတယ်။ သူမမျှော်လင့်ထားတာက ဒီလိုမျိုးမဟုတ်ပါဘူး။ "ကျွန်မနာမည်က ဟန်နီမိုးကျော်ပါ" ဆိုပြီး မိတ်ဆက်လိုက်တာနဲ့ "ဪ. . . ဟုတ်၊ ကိုယ့်နာမည်က ဘယ်သူပါ" ဆိုပြီး ပြန်ထွက်လာမှာမျိုးကိုပါ။ အခုတော့ သူက သူ့နာမည်ကို ပြောဖို့နေနေသာသာ သူမနာမည်ကိုတောင် နားမထောင်။ ဒီအရှုပ်ထုပ်မလေး ငါ့နားက မြန်မြန်ထွက်သွားရင် အေးတာပဲ ဆိုတဲ့သဘောမျိုးနဲ့ ငါးထောင်တန်တစ်ရွက်ကို အလှူခံထည့်သလိုမျိုး ပြန်မယူတော့မယ့် ပုံစံမျိုးကြီးနဲ့ ထုတ်ပေးလာတော့တာ။

ဒါပေမယ့် သူမကလည်း ဟန်နီမိုးကျော်ပဲဟာ။ လိုချင်တာ မရသေးတော့ ထိုင်ရာက မထမိသေးဘူး။ ဒီတော့ သူက သူမကို မျက်မှောင်ကြုတ်ကြည့်လာရင်းက. . .

"ဟို. . . ရပြီမဟုတ်ဘူးလား၊ ဘာလိုသေးလို့လဲ"

လို့ ဆိုလာတော့ သူမက သူ့ကို ကျေးဇူးတင်တဲ့ အကြည့်မျိုးလေးနဲ့ ကြည့်ပေးလိုက်ရင်းက. . .

"ဪ. . . ရပါပြီ၊ ရပါပြီ၊ ဒါပေမယ့် ဘယ်မှာပြန်လာပေးရမလဲမသိလို့လေ၊ အဲဒါ ဖုန်းနံပါတ်လေးများ ရနိုင်မလားနော်"

"ဪ. . . ရပါတယ်၊ ကိုယ်လည်း ဒီကျောင်းကပါပဲ၊ ကန်တင်းကိုလည်း မကြာမကြာရောက်ဖြစ်ပါတယ်၊ တစ်ကြိမ်မဟုတ် တစ်ကြိမ်တော့ ဆုံမှာပါ၊ အဲဒီတော့မှ ပြန်ပေးပေါ့၊ မကြုံရင်လည်း မပေးပါနဲ့တော့"

"အာ. . . မဟုတ်တာ၊ ပြန်တော့ ပေးရမှာပေါ့၊ ကြုံမှာပါ၊ သေချာပေါက်ကိုကြုံမှာပါ"





www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

သူမက သူမအတွေးနဲ့သူမ ပြောလိုက်ပြီးမှ တစ်ချက်ပြုံးလိုက်မိကာ "မကြုံလည်း ကြုံအောင်လုပ်ရမှာပေါ့" ဆိုတဲ့စကားကိုတော့ စိတ်ထဲကနေပဲ ပြောဖြစ်လိုက်တယ်။

ပြီးမှ သူ့ကို အချိုမြဆုံးပြုံးပြလိုက်ကာ ထိုင်ရာကနေ ထလိုက်ရင်း. . .

"ဪ. . . သွား. . . သွားတော့မယ်နော်"

ဆိုပြီး ထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် သူမက သုံးလေးလှမ်းလောက်သာ လှမ်းလိုက်ပြီးနောက် သူ့ရှိရာကို တစ်ခါပြန်လှည့်သွားလိုက်တော့ သူက မျက်ခုံးတွေကိုပင့်ကာ "ဘာလဲ" ဆိုတဲ့အကြည့်မျိုးနဲ့ ကြည့်လာတယ်။

"ဟိုဟာလေ၊ ရှင်နဲ့ ကြုံလာတဲ့အခါကျရင် ရှင့်ကို ဘယ်လိုခေါ်ရမလဲမသိဘူးနော်၊ ဟိုဟာ. . . နာမည်လေးပြောပြပါလား"

"ဪ. . . ကိုယ့်နာမည် မိုးစက်ကိုပါ"

မိုးစက်ကို. . . မိုးစက်ကို. . . ဆိုတဲ့ စကားစုတစ်ခုကို သူမက စိတ်ထဲကနေ ထပ်ဖန်တလဲလဲ ရေရွတ်ပစ်လိုက်တယ်။

"ဟုတ်. . . ကျေးဇူး၊ ကျွန်မနာမည်လည်း မှတ်ထားပေးပါဦး၊ ဟန်နီမိုးကျော်ပါ"



## လက်ခုပ်ထဲက မိုးရေစက်များ

"ဟုတ်"

သူ့အဖြေက "ဟုတ်" တစ်လုံးတည်းရယ်။ နောက်တော့ သူမလည်း သူငယ်ချင်းတွေရှိရာကို ပြန်လာခဲ့လိုက်တယ်။ စိမ့်စမ်းနဲ့ သာယာကတော့ သူမလုပ်ရပ်အတွက် ဩချကာ ခေါင်းတရမ်းရမ်း။ သူမကတော့ ကိုယ့်လုပ်ရပ်အတွက်ကိုယ် သဘောတွေ အကျကြီးကျနေမိတော့တယ်။

ပိုက်ဆံရှင်းတဲ့ အခါကျတော့ သူမက သူပေးတဲ့ပိုက်ဆံငါးထောင်တန်နဲ့မရှင်းပါ။ သူမမှာပါတဲ့ ပိုက်ဆံထဲကနေပဲ သူ မမြင်အောင် အသာရှင်းလိုက်ပြီး ငါးထောင်တန်လေးကိုတော့ သိမ်းထားလိုက်တယ်။

ကွယ်. . . အသက်မရှိတဲ့ သူ့ပိုက်ဆံလေးကတောင် သူမဆီ ခံစားချက်တစ်ခုခုပေးနေသလိုလိုပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၃)

ပလတ်စတစ်ကတ်လောင်ထားတဲ့ ငါးထောင်တန်လေးကို တကိုင်ကိုင်နဲ့ ကြည့်မဝဖြစ်နေတဲ့ ဟန်နီ့ကို စိမ့်စမ်းနဲ့သာယာတို့က ခေါင်းတရမ်းရမ်းရှိတယ်။ ဟန်နီက ဗီပိုက်ဆံလေးကို မနေ့က ညနေက ကွန်ပျူတာမိတ္တူဆိုင်တစ်ဆိုင်ဝင်ပြီးတော့ ပလတ်စတစ် ကတ်လောင်းထားလိုက်တာပါ။ ဒါက မိမိနဲ့မိုးစက်ကိုရဲ့ ပတ်သက်မှုအစ ပစ္စည်းလေးမဟုတ်လား။

"အမလေး. . . ရူးနေတာ၊ ရူးနေတာပြောပါတယ်"

"ဟုတ်ပါ့၊ ဟိုကဖြင့် သူ့ကို ဖုန်းနံပါတ်လေးတောင် မပေးဘဲနဲ့"

သာယာတို့က သူမကို မြင်ပြင်းကတ်လာတော့ သူမကို အစ်ခွန်းမှ အကောင်းမပြော။ သူမကလည်း မနာပါဘူး။ သူတို့က အဲလိုပြောလေလေ၊ သူမက မိုးစက်ကိုနဲ့ပိုပြီးတော့ ရင်းနှီးခွင့်ရ ချင်လေပင်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ဘဝက ရေစက်လည်းတော့ သူမလည်း မပြောတတ်ပါဘူး။ ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်တစားနဲ့ ပတ်သက်ချင်နေမိတဲ့ ကိုယ့်ကိုကိုယ်လည်း နားမလည်။ ဒါပေမယ့် နားလည်အောင်လည်း မစဉ်းစားချင်ပါဘူး။ လူနှစ်ယောက်ရင်းနှီးခင်မင်ပတ်သက်မှုမှာ “ဘာ့ကြောင့်” ဆိုတာက အရေးပါတာမှ မဟုတ်တာပဲနော်။

“နင်တို့ကလည်း၊ သူက သူ့ဖုန်းနံပါတ်ကိုမပေးတာ ကတ်စေးနှဲတယ်လို့ ထင်မှာစိုးလို့ဖြစ်မှာပါ”

“ဘာဆိုင်လို့လဲ”

“ဆိုင်တာပေါ့ဟဲ့၊ ငါက သူ့ဆီက ပိုက်ဆံငါးထောင်ချေးတာလေဟယ်၊ အဲဒါကို ငါက သူ့ဖုန်းနံပါတ်တောင်းလို့ သူက ချက်ချင်းပေးလိုက်ရင် ပိုက်ဆံငါးထောင်ပြန်မရမှာစိုးလို့ပဲ ဖုန်းနံပါတ်ကိုပေးလိုက်တယ်လို့ ထင်မှာပေါ့ မဟုတ်ဘူးလား”

“ဒါကတော့ နင်က နင့်စိတ်နင်ဖြေသိမ့်ပြီး တွေးလိုက်တာပါ ဟန်နီရယ်၊ ငါကတော့ သူက နင့်ကို ဖုန်းနံပါတ်မပေးတာဟာ မပေးချင်လို့ မပေးတာလို့ကိုပဲ ထင်တယ်”

သာယာက မဲ့ကာရွဲ့ကာပြောတော့ စိမ့်စမ်းကလည်း “ငါလည်း အဲလိုပဲထင်တယ်” လို့ ဝင်နှိပ်တယ်။



# လက်ခုပ်ထက မိုးရေစက်များ

“ဟင်း. . . ဒါဆိုလည်း စောင့်ကြည့်လိုက်လေ၊ ဒီနေ့ သူ့ဖုန်းနံပါတ်ကို ငါ ရအောင်ယူပြမယ်၊ ဘယ်လိုလဲ၊ တစ်ဝိုင်းကြေးလောင်းမလား”

“စိန်လိုက်လေ၊ ကြာသလားလို့”

“အိုခေ. . . ဒါဆိုလောင်းကြေးက အတည်ဖြစ်သွားပြီနော်၊ ပြီးမှ နင်တို့တွေ ဝူးဝါးဝူးဝါးမလုပ်နဲ့”

“နိုးပါ. . . နိုးပါ၊ နင့်အစွမ်းအစ အဲလောက်မရှိတာ ငါတို့အသိပဲကို. . . နော့. . . စိမ့်”

အုတ်ခုံပေါ်မှာ သုံးယောက်သား ယှဉ်ထိုင်နေရင်းကနေ အလယ်မှာ ထိုင်နေတဲ့ သာယာက သူ့ညာဘက်မှာထိုင်နေတဲ့ စိမ့်စမ်းကို ပခုံးနဲ့အသာတိုက်ပြီး အကြည်ပြုခိုင်းတော့ ဖွဲ့ဖို့ဆိုအက်မနွှေးတဲ့ သူမတို့ထုံးစံအတိုင်း စိမ့်စမ်းကလည်း ခေါင်းတစ်ချက်ကို စိတ်ပါလက်ပါကြီးကိုပဲ တမင်ညိတ်ပြလာရင်း “အင်းလေ. . . သူဟာက ဒီလောက်လေးမှန်း ငါတို့သိပြီးသားကိုများ” ဆိုပြီး သတ်ညိုးနဲ့ လက်မလေးကို ကွင်းပြတယ်။ ပြီးတော့ နှစ်ယောက်သားက ခွက်ထိုးခွက်လန် ရယ်ကြတော့တယ်။

ဒီအချိန်မှာပဲ ဟန်နီက မလှမ်းမကမ်းမှာ လမ်းလျှောက်လာနေတဲ့ မိုးစက်ကိုကို မြင်လိုက်ရတယ်။

“ဟဲ့. . . ရှူး. . . ရှူး. . . ဟိုမှာ ဟိုမှာ ကြည့်”



www.burmeseclassic.com

www.burmeseclassic.com



သာယာနဲ့ စိမ့်စမ်းတို့အကြည့်တွေက ဟန်နီညွန်ပြရာ မိုးစက်ကိုဆီကို ရောက်သွားကြတယ်။ မိုးစက်ကိုကတော့ သူမတို့ကို မမြင်ပါ။ သူ့ဘော်ဒါဖြစ်ဟန်တူတဲ့ ကျောင်းသားတစ်ယောက်နဲ့ စကားပြောရင်း လျှောက်သွားကာ သူမတို့အုပ်စုကို ကျော်တက်သွားတယ်။ မြင်ရင်တောင်မှ "ကိုယ့်ပိုက်ဆံငါးထောင် ပြန်ပေးတော့လေ" လို့ လာတောင်းမယ်မထင်ပါဘူး။

"ဟား. . . အကိုက်ပဲ၊ နင်သွားလေ၊ ဖုန်းနံပါတ်တောင်းမယ်ဆို"

ပခုံးကိုတိုက်ကာပြောလာတဲ့ သာယာ့စကားကို သူမက မိုးစက်ကိုရဲ့နောက်ကို လိုက်ငေးကြည့်နေရင်းကနေ သူမက. . .

"အာ. . . အခုမတောင်းသေးပါဘူး၊ အတန်းတက်တော့မှာလေ၊ အတန်းအားချိန် ကဲန်တင်းရောက်မှ တောင်းမယ်"

"သူ ကဲန်တင်းသွားပါမယ်လို့ နင့်ကို ဘယ်သူကပြောလဲ"

"နင်ကလည်း၊ ကျောင်းသားတွေရဲ့ စုရပ်က ဒီကဲန်တင်းတစ်ခုပဲရှိတာ၊ အားအားရှိ သွားစရာနေရာကလည်း ဒီတစ်ကျောင်းလုံးမှာ ဒီကဲန်တင်းတစ်ခုပဲရှိတယ်၊ သေချာတယ်၊ သူ သွားကိုသွားမှာ"



# လက်ခုပ်ထဲက မိုးရေစက်များ

"သေချာရင်လည်း ပြီးတာပါပဲ၊ ဒါဆိုလည်း လာ. . . ကဲန်တင်းသွားရအောင်"

"အမ်!"

"ဩော်. . . ယောင်လို့၊ အတန်းသွားတက်ရအောင်လို့ ပြောတာ. . . ဟီးဟီး"

သုံးယောက်သား ရယ်ကာမောကာနဲ့ အတန်းရှိရာကို ထွက်လာခဲ့လိုက်ကြတယ်။ ဩော်. . . အတန်းဆိုမှ အမှတ်ရတယ်။ မိုးစက်ကိုက ဘယ်မေဂျာ၊ ဘယ်အတန်းကလဲနော်။

ဒါလည်း စုံစမ်းထားရမယ့် အချက်အလက်တစ်ခုပဲ။





www.burmeseclassic.com

www.burmeseclassic.com





မိုးစက်ကိုနဲ့ ပြည်စိုးက ကဲန်းတင်းမှာထိုင်ရင်း စကားတွေ ဆောင်စဉ်ရေမရ လျှောက်ပြောနေမိကြတယ်။ စာအုပ်တွေ အကြောင်း၊ မကြာမီကပြီးသွားတဲ့ ကမ္ဘာ့ဖလားဘောလုံးပွဲအကြောင်း၊ နှလုံးသားရေးရာ စသဖြင့်စုံလို့ပါပဲ။

"မင်း ဟိုမော်ဒယ်အကြောင်းရော ကြားပြီးပြီလား၊ မီကို ကော်ဖီမစ်လေ"

ပြည်စိုးစကားကြောင့် သူက ဖုန်းနဲ့ အင်တာနက်သုံးနေ ရင်းကနေ ပြုံးလိုက်ကာ. . .

"သြော. . . ဒေါ်လာဆယ့်ငါးသန်းအကုန်အကျခံပြီး လကမ္ဘာကို ဟန်နီးမွန်းထွက်မယ်ဆိုတာလား"

"အဟီး. . . နေအားအေး"



www.burmeseclassic.com

www.burmeseclassic.com



"ကြားပြီးပြီ အဲဒါကြောင့် ငါလည်း အားကျမခံ အဲလိုလိုက်ပို့ပေးနိုင်မယ့် သူဌေးမတစ်ယောက်လောက်ရှာနေတယ်၊ ဟဲဟဲ. . ."

နှစ်ယောက်သား တခိခိနဲ့ ကျိတ်ကာ ရယ်လိုက်မိကြတယ်။ ဒီအချိန်မှာပဲ သူတို့အနားကို လူရိပ်တစ်ခုက လာရပ်တာနဲ့ သူက ဖုန်းကိုငုံ့ကြည့်နေရင်းကနေ ဘယ်သူပါလိမ့်ဆိုပြီး မော့ကြည့်လိုက်မိတော့ တစ်နေ့က သူ့ဆီကနေ ပိုက်ဆံငါးထောင်လာချေးသွားတဲ့ ကောင်မလေးကို တွေ့လိုက်ရတယ်။

နေပါဦး။ သူ့မနာမည် ဘာပါလိမ့်။

သူက အမှတ်ဘာမဲ့မို့ မေ့တေ့တေ့ဖြစ်နေတဲ့ သူမနာမည်ကို စဉ်းစားလိုက်မိစဉ်မှာပဲ သူမဆီက စကားသံက ထွက်လာတယ်။

"ဟိုလေ. . . ပိုက်ဆံ. . . ပိုက်ဆံလာပြန်ဆပ်တာ"

ပြောလည်းပြော သူမက ငါးထောင်တန်တစ်ရွက်ကိုလည်း သူ့ဆီ ကမ်းပေးလာတယ်။ ဒါနဲ့ သူက ပိုက်ဆံကို ယောင်နနနဲ့ယူလိုက်ရင်း. . .

"ဩော. . . ဟုတ်"

လို့ ဆိုဖြစ်တယ်။ ဒါပေမယ့် သူမက ပိုက်ဆံပေးပြီးတာတောင် ထွက်မသွားသေးဘူး။

"ဟိုလေ. . . တစ်ခုလောက် ထပ်ကူညီလို့ရမလား"





"ဗျာ!"

"ဟိုဟာပါ၊ ဟန်နီ့ဖုန်းကလေ အိမ်မှာမေ့ကျန်နေခဲ့လို့၊ အဲဒါမေမေ့ဆီကို ဖုန်းဆက်စရာလေးပေါ်လာလို့လေ၊ ဖုန်းလေးတစ်ချက်လောက်များ ပေးဆက်လို့ရမလားလို့ပါ၊ ဟိုဟာ ဟန်နီ့သူငယ်ချင်းတွေမှာလည်း ဖုန်းတော့ပါပါတယ်၊ ဒါပေမယ့် အဲဒီကပ်စေးအိုးမတွေက ဖုန်းဘေလ်ကုန်နေတာကို ထပ်မဖြည့်ဘဲ မစ်ကောလ် ယဉ်ကျေးမှု လုပ်နေကြလို့"

သူမစကားကြောင့် မိုးစက်ကိုက ရယ်ချင်စိတ်ကို မနည်းဆိန်းထားလိုက်ရတယ်။ မစ်ကောလ်ယဉ်ကျေးမှုဆိုပါလား။

"ပြည်စိုး. . . မင်းဖုန်းခဏပေးလိုက်လို့ရမလား၊ ငါ့ဖုန်းက အင်တာနက်သုံးနေတာမို့လို့"

"ရတယ်လေ၊ ရော့. . . ရော့. . ."

မိုးစက်ကိုရဲ့စကားအဆုံး ပြည်စိုးက ဟန်းဖုန်းကိုထုတ်ကာ သူမရှိရာကို ကမ်းပေးလိုက်တယ်။ ဒါပေမယ့် သူမက ယူဘူး။

သူမက ပြည်စိုးရဲ့ဖုန်းကို တစ်ချက်သာကြည့်ပြီး သူ့ဖုန်းဆီကိုပဲ အကြည့်ပြန်ရောက်လာရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဟာလေ၊ ဟန်နီက i phone ပဲ ကိုင်နေကျဆိုတော့ samsung ဖုန်းတွေ မကိုင်တတ်ဘူးရှင့်၊ ဖြစ်နိုင်မယ်ဆိုရင် ရှင့် i phone လေးပဲ ပေးငှားပါလားဟင်"

"အမ်!"

သူမဆီက ထွက်လာတဲ့ ထင်မှတ်မထားတဲ့ စကားကြောင့် ပြည့်စိုးမျက်နှာက အိုးမှုန်ထားတဲ့ရုပ်ကြီးလိုဖြစ်သွားသလို သူကလည်း ရယ်ချင်စိတ်ကို တစ်ဖက်လှည့်ကာ မနည်းဖျောက်ယူလိုက်ရတယ်။ ဒါတောင် သူမဘက်ပြန်အလှည့်မှာ တစ်ချက်ပြုံးလိုက်မိရင်းက. . .

"ဟုတ်ပါပြီကွာ၊ ရော့ရော့. . . ရော့"

ဆိုပြီး သူမတောင်းဆိုတဲ့ သူ့ရဲ့ i phone ကို လှမ်းပေးလိုက်ရတယ်။ ဒီတော့မှ သူမမျက်နှာက ဝင်းထိန်သွားကာ သူ့ဖုန်းကို လှမ်းယူရင်း. . .

"အဟင်း. . . ကျေးဇူး"

ဒါပေမယ့် သူမလက်ထဲကို သူ့ဖုန်းရောက်သွားပြီး ဂဏန်းသုံးလေးလုံးလောက်နှိပ်အပြီးလောက်မှာတင်ပဲ သူမဆီက ဖုန်းသံတစ်ခုထွက်လာတယ်။ ဒါပေမယ့် အဲဒီဖုန်းသံက သူမလက်ထဲမှာကိုင်ထားတဲ့ သူ့ဖုန်းဆီက မဟုတ်ဘူး။ သူမရဲ့ ဘေးလွယ်အိတ်ထဲက လာနေတဲ့အသံ။





သူမ မျက်လုံးပြူးသွားတယ်။ သူကလည်း ကြောင်တောင်တောင်ဖြစ်သွားရကာ သူမလွယ်အိတ်ဆီကို ကြည့်နေမိတုန်းမှာပဲ ပြည့်စိုးက သူမလွယ်အိတ်ကို လက်ညှိုးထိုးကာ အော်တယ်။

"အမ်. . . ဖုန်း. . . ဖုန်းလာနေတာထင်တယ်၊ မပါ. . . မပါဘူးဆို"

"ရှင်! ဩော. . ."

ပြည့်စိုးစကားကြောင့် သူမက ဖုန်းခေါ်တာကို ဆက်မခေါ်သေးဘဲ သူမအိတ်ထဲကို ငုံ့ကြည့်မွှေနှောက်ကာ ရှာတယ်။ ပြီးမှ သူမအိတ်ထဲကနေ samsung (S4) ဖြစ်ဟန်တူတဲ့ ဖုန်းတစ်လုံးကို ဆွဲထုတ်လိုက်ရင်းက ရှက်တက်တက်အမူအရာနဲ့. . .

"ဩောဟောဟော. . . ဖုန်းက ဒီထဲရောက်နေတာ၊ ကျွန်မက မေ့နေတယ်ထင်လို့. . . အဟင်းဟင်းဟင်း"

"samsung ကြီးပါလား၊ ပြောတော့ i phone ပဲ ကိုင်နေကျဆိုဗျာ့"

"ရှင်!"

"ဩော်. . . ဒါ. . . ဒါက ဟိုဟာ ကျွန်မဖုန်းမဟုတ်ဘူး၊ မေမေ့ဖုန်း. . . ဟုတ်တယ်. . . မေမေ့ဖုန်း၊ ကျွန်မဖုန်းက i phone ပါ၊ အိမ်မှာကျန်ခဲ့တာဟုတ်တယ်၊ ဘယ်လိုလုပ်ပြီး မေမေ့ဖုန်းက ကျွန်မအိတ်ထဲပါလာတယ်မသိပါဘူး. . . အဟင်းဟင်း"



www.burmeseclassic.com

www.burmeseclassic.com



“ဩော်. . . ဩော်. . . အဲလိုလား”

“ဟုတ်. . . ဟုတ်၊ ဩော်. . . ဒီမှာ ရှင့်ဖုန်း၊ ကျွန်မမခေါ်ရသေးပါဘူး၊ ကျေးဇူးနော်၊ သွား. . . သွားလိုက်ပါဦးမယ်”

သူမက ပြည်စိုးကို “ဟုတ်. . . ဟုတ်” လုပ်ပြီး သူ့ဘက်ကို တစ်ဆက်တည်းလှည့်လာကာ သူ့ဖုန်းကို သူ့ဆီ ပြန်ထိုးပေးလာရင်းဆိုတယ်။ ဒါနဲ့ သူကလည်း ဖုန်းကို ပြန်ယူထားလိုက်ရင်းက. . .

“ဟုတ်. . . ဟုတ်”

လုပ်လိုက်ရတယ်။ နောက်တော့ သူမက ရှက်ကိုးရှက်ကန်း ဟန်နဲ့ သူတို့အနားကနေ ခပ်မြန်မြန်ပဲလျှောက်ကာ ထွက်သွားတော့တယ်။

ပြည်စိုးက သူမနောက်ကို လိုက်ကြည့်နေရင်းကနေ. . .

“ဘယ်လိုကောင်မလေးလဲ မသိဘူးနော်၊ ရယ်ရတယ်”

ပြောရင်း ပြည်စိုးက သဘောတကျနဲ့ ရယ်နေတော့ သူကလည်း ခေါင်းငုံ့ကာ ပြည်စိုးနဲ့အတူ လိုက်ရယ်မိပါတော့တယ်။

ဩော. . . အခုမှ မှတ်မိတယ်။ သူမနာမည်. . . ဟန်နီမိုးကျော်။



လောင်းထားတဲ့ကိစ္စမှာ သူမရှုံးသွားတာဆိုတော့ သူမက သာယာနဲ့စိမ့်စမ်းကို My Garden မှာ သူမတို့ကို ညစာလိုက်ကျွေးရတယ်။

“ဒီနေ့ကျမှပဲ ဒီဆိုင်က ဟင်းတွေက ပိုပြီးတော့ လက်ရာကောင်းနေသလိုပဲနော် စိမ့်”

“အေးဟယ်. . . စားလို့ကောင်းလိုက်တာ. . . ဟီးဟီး”

နှစ်ယောက်သားက ဟန်နီမခံချင်အောင် စ,ကြတယ်။ ပြီးတော့ ထမင်းစားတာကိုလည်း တမင်တကာ ဟန်တွေလုပ်ကာ အရှုံးရှုံးတရှဲရှဲလုပ်ကာ စားကြတယ်။

“အေးပါ. . . အေးပါဟယ်၊ စားကြပါ၊ အဝအပြဲသာ စားကြပါ၊ စားရမဲ့သောက်ရမဲ့လေးတွေကို ကျွေးရတာဆိုတော့ ငါလည်း ကုသိုလ်ရပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



သူမက ဒင်းတို့ကို နာအောင်ပြောလိုက်ပေမယ့်လည်း ဒင်းတို့ကတော့ ကြိုက်တာပြော၊ စားရဖို့က အဓိကဆိုတဲ့ ပုံစံတွေနဲ့ ဟန်ပင်မပျက်။

"ဒါနဲ့ နင်လက်လျှော့လိုက်ပြီလား"

"ဘာကိုလက်လျှော့ရမှာလဲ"

"မိုးစက်ကိုနဲ့ ရင်းနှီးမှုရယူဖို့ ကိစ္စကိုလေ"

"အာ. . . ဘာဆိုင်လို့ လက်လျှော့ရမှာလဲ၊ မလျှော့ပါဘူး"

"ဒါဆို နင်က ဘယ်လိုထပ်ကြံဦးမလို့လဲ"

စိမ့်စမ်းအမေးကို ဟန်နီက တစ်ချက်ပြုံးလိုက်ရင်းကနေ မိုးစက်ကိုရဲ့ မျက်နှာလေးကို မြင်ယောင်မှန်းဆလိုက်ရင်းက. . .

"ဟဲဟဲ. . . စဉ်းစားပြီးသွားပြီ၊ ဒါပေမယ့် အခုမပြောသေးဘူး၊ မနက်ဖြန်ကျမှ ပြောပြမယ်"

"ဘာတွေကိုများ မနက်ဖြန်ကျမှ ပြောပြမှာတုန်း ဟန်နီလေးရဲ့"

အနားကိုရောက်လာကာ ပြောလာတဲ့ အသံကိုအကြားမှာတော့ အောက်ဗွက်ကာ ပါးစပ်ထဲထည့်ဝါးလိုက်တဲ့ ထမင်းလုတ်က နင်သွားရတယ်။ မော့ကြည့်စရာမလိုဘူး။ ဒါ. . . ဟိုချေးထုပ်။

"ထိုင်မယ်နော်"





ပြောလည်းပြော လူကလည်း လွတ်တဲ့ထိုင်ခုံတစ်လုံးမှာ ခင်ထိုင်လာတယ်။ ဟန်နီက စိတ်ပျက်လက်ပျက်နဲ့ စားလက်စ ယက်ထဲက ငွန်းနဲ့ခက်ရင်းကို ချလိုက်မိပေမယ့် သူနဲ့ဗီချေးထုပ်တို့ အမျိုးမျိုး စနောက်နေကျ သာယာတို့နှစ်ယောက်ကတော့ ရုတ်နှာတွေက ပြုံးဖြီးဖြီးတွေဖြစ်သွားကြတော့တယ်။

"မတွေ့တာကြာပြီနော် ကိုပန်ချာပီ"

သာယာ့ရဲ့နှုတ်ဆက်သံလည်း ကြားရော ပန်တျာညီညီရဲ့ နှာကိုယ်က ကျုံ့ခနဲ ဖြစ်သွားရတယ်။

"ဗျာ! ပန်. . . ပန်ချာပီမဟုတ်ပါဘူးဗျာ၊ ပန်တျာ. . . ပန်တျာညီညီပါ"

ပန်တျာညီညီ ဖြစ်သွားတဲ့ပုံကြောင့် ဟန်နီက စိတ်ညစ်ရဲ့ကြားက တစ်ဖက်လှည့်ကာ ပြုံးလိုက်မိသေးတယ်။

"ဩော. . . ဟုတ်သားပဲ၊ ဆောရီးဆောရီး မေ့သွားလို့၊ မတွေ့တာကြာပြီဆိုတော့ နာမည်တောင် မေ့သွားတာလေ၊ ဟင်းဟင်း. . . ကျောင်းထဲတောင်မလာတော့ဘူးနော်၊ ဘယ်တွေပျောက်နေတာတုန်း"

"အင်း. . . ဖြစ်သမျှအကြောင်းကို တစ်ကပြောင်းပြီး ပြောရမယ်ဆိုရင်တော့. . . အဲ. . . ဆောရီး၊ ဇာတ်ကတာနဲ့ ရောသွားလို့၊ ဟီးဟီး. . . အခုက ပွင့်လင်းရာသီ

www.burmeseclassic.com



ဆိုတော့ နယ်တွေမှာ ပွဲသွားကရတယ်လေ၊ အဲဒါကြောင့်ပါ၊ အဲဒါကြောင့်ပါ"

ပန်တျာညီညီရဲ့ စကားပြောဟန်နဲ့ လေယူလေသိမ်းက တကယ့်ကိုမှ ဇာတ်မင်းသားစတိုင်လ်ကြီးရယ်ပါ။

"ဟုတ်လား. . . ဘယ်နယ်တွေရောက်ခဲ့လဲ"

"နယ်လား. . . စုံလို့ပါပဲကွယ်၊ စုံလို့ပါပဲ၊ ပြည်မြို့မှာက ငါးည၊ မော်လမြိုင်မှာက သုံးည၊ မိတ္ထီလာမှာက နှစ်ညခွဲ"

"ရှင်! ဘယ်လိုဖြစ်လို့ နှစ်ညခွဲလဲ၊ နှစ်ညဆိုလည်း နှစ်ည၊ သုံးညဆိုလည်း သုံးညပေါ့"

"အော. . . အဲဒါက ဒီလိုရှိပါတယ်၊ ကိုယ်တို့တွေ နောက်ဆုံးတစ်ည ကနေတုန်း ညတစ်ဝက်လောက်ရောက်တော့ လျှော်လှုပ်ပြီး ဇာတ်စင်ပြိုကျသွားတယ်လေ၊ အဲဒါကြောင့်ပါ. . . အဲဒါကြောင့်ပါ"

"ဩော. . . အဲလိုလား၊ ဒါနဲ့ကိုပန်ချာ. . . အဲ. . . ကိုပန်တျာက နိုင်ငံခြားတွေဘာတွေရော သွားမက,ရဘူးလား၊ ဖိုးချစ်တို့ စွမ်းဇာနည်တို့လိုလေ"

"က,ရပါပြီကောဗျာ၊ အဲဒီမိတ္ထီလာက အပြန်မှာတင်ပဲ ထိုင်းမှာ လေးည၊ စင်္ကာပူမှာ သုံးည၊ မလေးရှားမှာခုနစ်ည၊ အဲလိုမျိုး ဆက်တိုက်ကို မနားတမ်းကခဲ့ရတာလေ"





"ဝါး. . . မိုက်တယ်နော်၊ ဒါဆို ကိုပန်တျာက စွမ်းဇာနည်တို့၊ ဖိုးချစ်တို့ထက်တောင် ဇာတ်ပို က,ရတယ်နော်၊ မိုက်တယ်ရှင်"

"ဩော်. . . ညလေးကလည်း၊ အဲဒီ စွမ်းဇာနည်တို့ ဖိုးချစ်တို့ဆိုတာက ကိုယ့်တပည့်လေးတွေလေ"

"ဟယ်. . . တကယ်"

"တကယ်ပေါ့၊ သူတို့တွေ က,တတ်တယ်ဆိုတာက ကိုယ့်ရဲ့အဖျားအနားလောက်ပဲ က,တတ်တာပါကွာ၊ သူတို့တွေက ကိုယ်သင်ပေးလိုက်တဲ့ ကကွက်ကလေး တစ်ကွက်နှစ်ကွက်လောက်နဲ့ပဲ လုပ်စားနေကြတာ. . . ဟွင်း. . ဟွင်း"

"ဟယ်. . . ဒါဆို ကိုပန်တျာက ဆရာကြီးပဲ"

"ဟွင်း. . . ဟွင်း. . . မခံယူဝံ့ပါဘူးဗျာ၊ မခံယူဝံ့ပါဘူး၊ ဒါပေမယ့် ကြားတယ်လို့တော့ မထင်နဲ့နော်၊ မလေးရှားမှာ ကနေတုန်း ကိုယ့်ဆီကို အမေရိကန်သမ္မတ အိုဘားမားကိုယ်တိုင်က ဖုန်းဆက်လာပြီးတော့ သူ့အိမ်ဖြူတော်မှာ လာက,ပေးနိုင်မလားဆိုပြီး လာကမ်းလှမ်းသေးတာ. . ."

"တကယ်!"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပေါ့ ဒါပေမယ့် ကိုယ်က ငြင်းလွှတ်လိုက်ပါတယ် ကိုယ်က ပွဲဆက်တွေများတော့ တအားကိုပဲ ပင်ပန်းနေပြီလေ၊ သိတယ်မလား၊ နာမည်တအားကြီးတဲ့ ဒဏ်တွေပေါ့၊ မိရှဲလ်ဖိုဘားမားဆို ကိုယ်ငြင်းလိုက်လို့ ငိုတောင်ငိုသွားတယ်လေ၊ ဒါပေမယ့် ကိုယ်က စိတ်မပါရင်ဘာမှ မလုပ်ဘူးလေ၊ ဒီဇာတ်က,တယ်ဆိုတာကလည်း ထေ်လို့ကတာမှ မဟုတ်တာ၊ ဝါသနာပါလို့ ကတာဆိုတော့. . . သိတယ်မလား၊ ငွေဘယ်လောက်ပုံပေးပေး၊ စိတ်မပါရင် မကဘူး၊ အိမ်မှာ အပေါ်ဆုံးကလည်း ပိုက်ဆံပဲလေ. . . ဟွင်း. . . ဟွင်း. . . ဟွင်း. . ."

စိမ့်စမ်းနဲ့သာယာက ပန်တျာညီညီပြောသမျှကို တမင်လုပ်ယူထားတဲ့ အံ့ဩဟန်မျက်နှာတွေနဲ့ လိုက်နားထောင်ပေးနေကြတယ်။ ပန်တျာညီညီခမျာမှာလည်း စိမ့်စမ်းနဲ့သာယာမေးသမျှ မေးခွန်းတွေကို လျှာထွက်မတတ် ဖြေပြီးတော့မှ ဟန်နီဘက်ကို လှည့်နိုင်ရှာတယ်။

"ဒါနဲ့ ဟန်နီလေး. . . နေကောင်းတယ်နော်"

ပန်တျာညီညီရဲ့အမေးကို ဟန်နီက ခေါင်းယမ်းပြလိုက်ရင်းက. . .





"စောစောကအထိတော့ ကောင်းနေတယ်၊ အခုတော့ မကောင်းတော့ဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"နားငြီးလို့"

သူမက ပြောလည်းပြော သာယာတို့ကိုလည်း မေးငေါ့ပြလိုက်ကာ. . .

"ဟဲ့. . . ငါ သန့်စင်ခန်းသွားမလို့၊ နင်တို့လိုက်ဦးမလား"

ဆိုတော့ ချက်ဆို ဗိုက်မှာကပ်နေတာတဲ့ သာယာတို့ကလည်း ဟန်နီဆိုလိုတာကို သဘောပေါက်ကြကာ. . .

"ဪ. . . အေးအေး"

"လိုက်မယ်. . . လိုက်မယ်"

ဆိုပြီး ထိုင်ရာကနေ ထလိုက်ကြတယ်။ ဒီတော့ ပန်တျာညီညီက သူ့ရဲ့ ပုလင်းဖင်လောက်မျက်မှန်ကြီးကို ပင့်တင်လိုက်ရင်းက. . .

"ကိုယ်. . . ကိုယ် ဒီကနေပဲ စောင့်နေမယ်နော်၊ သန့်စင်ခန်းသွားမှာဆိုတော့ လိုက်လို့မကောင်းလို့"

လို့ဆိုလာတယ်။ ဒါနဲ့ဟန်နီက သူ့ကို အချိုမြဆုံးပြုံးပြလိုက်တာ. .

www.burmeseclassic.com

“အင်းအင်း. . . စောင့်နေ စောင့်နေ၊ ပြန်လာခဲ့မယ် မကြာဘူး”

ဆိုပြီး ထွက်လာခဲ့လိုက်ကြတယ်။ နောက်တော့ သူ့အမိုး အခြည်ကိုကြည့်ကာ ဆိုင်အပြင်ဘက်ကို လစ်ထွက်လာခဲ့လိုက်ကြ တယ်။

ပန်းတျာညီညီကတော့ သူမတို့စားထားသမျှ ပိုက်ဆံ ရှင်းရသေးတဲ့ ဝိုင်းမှာ လက်ပိုက်၊ ခြေချိတ်ထိုင်ကာ ဟန်နဲ့ပမ်း ကျန်ခဲ့ရှာတယ်။

ရှင်းလိုက်ဦးနော် ကိုကို။ အိမ်မှာအပေါဆုံးက ပိုက်ဆံ တော့ ဒီလောက်က အပျော့မဟုတ်လား။



## အခန်း (၄)

ဟန်နီမိုးကျော်က မိုးစက်ကိုထိုင်နေတဲ့ အုတ်ခုံဆီကို အသာလှမ်းကြည့်လိုက်ရင်းက သူမရဲ့ဖိနပ်တစ်ဖက်ကို ချွတ်ကာ သည်းကြိုးခေါင်ရဲ့အောက်ခြေကို ဘရိုက်မားလေးနဲ့ တဲတဲလေး ချိန်တဲ့အထိ လှီးလိုက်တယ်။ သူမအကြံက မိုးစက်ကိုရဲ့ အနား မှာ ဖိနပ်ပြတ်သွားကာ မိုးစက်ကိုက လာကူညီတာမျိုးကို ဖန်တီး သူမလို့ပါ။

ဘယ်တုန်းကမှ ကတ္တီပါမစီးဖူးတဲ့ သူမက ဒီနေ့မှ ကတ္တီ ပါဖိနပ်အပါးလေးကို ဝယ်လာတာပါ။ ဖိနပ်ကအသစ်။ ဖြတ်ပစ်ရမှာ နှမြောတော့ နှမြောစရာ။ ဒါပေမယ့် မိုးစက်ကိုနဲ့ ခင်မင်ခွင့်ရဖို့ အ အစကဆိုတော့လည်း ထောင်ဂဏန်းလောက်ပိုက်ဆံကို မြင် မနေတော့ဘဲ ဖိနပ်သည်းကြိုးကို ပျော့ပျော့ကြီးကိုပဲ လှီးဖြတ်ပစ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမ. . . တစ်ကိုယ်လုံးမှာ ဉာဏ်နီဉာဏ်နက်တွေ ချည်းပဲ"

"သေချာလည်းလုပ်ဦး၊ တော်ကြာ၊ သူ့ရှေ့မှာ မှောက်လျက် လည်း လဲနေဦးမယ်"

"မလဲပါဘူးဟယ်၊ စောင့်ကြည့်နေလိုက်၊ ဒီနေ့တော့ အပီလုပ်ပြမယ်၊ ဒါပဲ. . . ဒါပဲ သွားတော့မယ်၊ တော်ကြာ သူက ထိုင်နေရာကနေ ထထွက်သွားဦးမယ်"

သူမက ပြောလည်းပြော မိုးစက်ကိုရှိရာကိုလည်း သည်းကြိုးလိုးထားပြီး စီးထားတဲ့ ညာဘက်ဖိနပ်လေးကို အသာထိန်းပြီးကာ ထွက်လာလိုက်တယ်။

နောက်တော့ သူ့အရိပ်အခြည်ကို ကြည့်ကာ သူ့ရှေ့နားကနေ ဖြတ်လျှောက်တယ်။ သူက နားမှာနားကြပ်ကို တပ်ထားကာ ထုံးစံအတိုင်းပဲ ဖုန်းဆီမှာ ငုံ့ကာစိတ်ဝင်စားနေတာမို့ သူမ ဖြတ်လျှောက်သွားတာကို မသိလိုက်ဘူး။ ပြီးတော့ သူ့ကိုသာ လွန်လာတယ်။ ဖိနပ်ကလည်း မပြတ်ဘူး။

ဒါနဲ့ နောက်ပြန်လှည့်ကာ တစ်ခါထပ်ပြန်လျှောက်တယ်။ ဒါလည်း ဖိနပ်ကလည်း မပြတ်ပြန်ဘူး။ ဒီလောက်တဲတဲလေးပဲကျန်အောင် လှီးထားတာတောင် ဖိနပ်က အခုလိုအချိန်ကျမှ လာခိုင်နေတာများပြောပါတယ်။ ဒါနဲ့သူမက နောက်ကို





ထပ်ပြန်လှည့်ကာ လျှောက်ပြန်တယ်။ ဒါလည်း မပြတ်ဘူး။ သူကလည်း သူ့ဖုန်းဆီမှာသာ အာရုံရောက်နေပြီး လုံးဝကို မော့ကြည့်မလာတော့ သူမ အခေါက်ခေါက်ဖြတ်လျှောက်နေတာကို မမြင်သေးရှာ။ ဒါလည်း တစ်ခုတော့ ကောင်းတာပါပဲ။ သူသာ သူမကို မြင်နေပြီး သူမအခေါက်ခေါက်အခါခါ သူ့ရှေ့ကနေ ဖြတ်လျှောက်နေတာကိုတွေ့ပါက သူမကို အရှူးလို့ထင်တော့မှာ။ ခုတော့ ဖိနပ်မပြတ်သေးပေမယ့် ရာသီဥတုက သူမဘက်ပါသေးတယ်လို့ ပြောရမယ်။

သူမက ဖွဲ့မလျှော့ဘဲ သည်းကြိုးလှီးထားတဲ့ ညာဘက်ဖိနပ်ရဲ့ သည်းကြိုးခေါင်းအောက်ခြေကို ခြေညှိုးခြေမနဲ့ ဖိညှပ်ကုပ်ကာ လျှောက်တယ်။ ဒီလိုနဲ့ လေးငါးခြောက်ခေါက်လောက် လျှောက်အပြီးမှာတော့ ဖိနပ်က ပြတ်သွားတယ်။

သူမက လိုက်ခနဲဝမ်းသာသွားကာ သူရှိရာကို တစ်ချက်သုမ်းကြည့်လိုက်တယ်။ သူက သူမကို မြင်သေးဟန်မတူ။ သူ့အကြည့်က သူ့ဖုန်းဆီမှာသာ။ ဒါနဲ့ သူမက သူ့အကြည့် သူမဆီကို ရောက်လာစေဖို့ အလန့်တကြားဟန်နဲ့ အော်လိုက်တယ်။

"ဟာ. . . ဖိနပ်ပြတ်သွားပြီ"

အော်ပြီး သူမက သူ့ကိုကြည့်လိုက်မိပြန်တယ်။ သူက သိသေးဘူး။



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

"ဒါနဲ့ စောစောကထက် အသံကို နည်းနည်းလေးပို ကျယ်ကာ အော်လိုက်မိပြန်တယ်။

"ဟာ. . . ဖိနပ်ပြတ်သွားပြီ"

ဒါလည်း သူက မကြားသေး။ နားမှာတပ်ထားတဲ့ နားကြပ်ကအသံကို ဘယ်လောက်တောင် ချဲ့ထားသလဲတော့ မသိ။ ဒါပေမယ့် တစ်ချက်မဟုတ်တစ်ချက်တော့ သူကြားမှာပဲဆိုတဲ့စိတ်နဲ့ သူမက နောက်တစ်ခါထပ်ပြီး အသံကျယ်ကျယ်လေးနဲ့ အော်လိုက်မိပြန်တယ်။

"ဟား. . . ဖိနပ်ပြတ်သွားပြီ"

". . . . . . . . . . . ."

"ဟား. . . ဖိနပ်ပြတ်သွားပြီ"

သူမ ဘယ်လောက်အသံကျယ်ကျယ်နဲ့အော်အော် သူက လုံးဝကိုမကြား။ အဲဒီအချိန်မှာပဲ သူမလုံးဝမျှော်လင့်မထားတဲ့ လူတစ်ယောက်က သူမအနားကို ရောက်လာတော့တယ်။

"ဟာ! ဟန်နီလေး၊ ဖိနပ်ပြတ်နေတာလား၊ ဟုတ်လား"

အသံနဲ့အတူ အနားကို မပြေးရုံတမယ်ရောက်လာတဲ့ ပန်တျာညီညီကြောင့် သူမကာ ပြတ်နေတဲ့ ဖိနပ်သည်းကြိုးခေါင်း နေရာကို ခြေထောက်နဲ့ အပေါ်ကနေဖိနင်းကာ ဖုံးထားရင်းက နေ. . .



# လက်ခုပ်ထဲက မိုးရေစက်များ

"ဟင်! မပြတ်ဘူး၊ မပြတ်ဘူး"

လို့ဆိုလိုက်ပေမယ့် ပန်တျာညီညီက သူမခြေထောက်တွေကို ငုံ့ကြည့်လာရင်း. . .

"ဟာ. . . မဟုတ်တာ၊ ဟန်နီလေး အော်လိုက်တာကို ကိုယ်သေချာကြားလိုက်ပါကာယ်၊ ဖိနပ်ပြတ်သွားပြီ ဆိုပြီးတော့"

"သြော်. . . မပြတ်ပါဘူးဆိုနေမှ"

သူမက အသံခပ်အုပ်အုပ်နဲ့ ပန်တျာညီညီကို ပြောလိုက်ရင်းကနေ မိုးစက်ကိုရှိရာကို လှမ်းကြည့်ရသေးတယ်။ ဒါပေမယ့် မိုးစက်ကိုရဲ့အာရုံက အခုထိ သူ့ဖုန်းဆီမှာပါပဲ။

"ပြတ်နေပါတယ်၊ ကိုယ့်ကိုအားနာပြီးတော့ လိမ်နေတာမဟုတ်လား၊ မှန်း. . . ညာဘက်က ပြတ်သွားတာမဟုတ်လား၊ ခြေထောက်ကြွလိုက်၊ ကိုယ်ကြည့်မယ်"

ပန်တျာညီညီက ပြောရုံနဲ့ အားမရတော့ဘဲ ငုံ့ကိုင်းကာ သူမခြေထောက်အောက်က ဖိနပ်ကို ဇွတ်အတင်းဆွဲထုတ်ဖို့ ပြင်နေတာမို့ သူမက မတ်တပ်ရပ်နေရာကနေ ဆောင့်ကြောင့် ထိုင်ချလိုက်ကာ. . .

"သြော်. . . ဘယ်လိုဖြစ်နေတာလဲ၊ မပြတ်ပါဘူးဆိုမှ"



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ ဒင်းကပါ သူမလို ဆောင့်ကြောင့် လိုက်ထိုင်ချ လာရင်း. . .

"ပြတ်နေပါတယ် ဟန်နီလေးရယ်၊ ကိုယ့်ကိုအားမနာပါနဲ့၊ မှန်းစမ်းပါ. . . ဖိနပ်ဆိုဒ်ကြည့်ချင်လို့၊ ကိုယ်အသစ်တစ်ရံ သွားဝယ်ပေးမယ်"

"မလိုဘူး၊ ရတယ်၊ ရှင်. . . ကျွန်မနဲ့ ဝေးဝေးကိုသွားစမ်းပါရှင်၊ စိတ်ညစ်ပါတယ်. . . ရှင်နဲ့လည်း"

သူမက စိတ်ညစ်ညူးလာကာ ခေါင်းကိုတဗျင်းဗျင်းကုတ်ရင်းက ဆိုလိုက်မိတယ်။

"မညစ်ပါနဲ့ ဟန်နီလေးရယ်၊ ကိုယ်က ကူညီပေးချင်လို့ပါ၊ ဟန်နီလေးနဲ့ပတ်သက်လာရင် အသည်းကိုယူမလား၊ နှလုံးကိုယူမလား. . . ထုတ်ပေးဖို့ အသင့်ဆိုတာ သိရဲ့သားနဲ့"

"မလိုဘူး၊ မလိုဘူး၊ ရှင်ဆီက အသည်းလည်းမလိုချင်ဘူး၊ နှလုံးလည်း မလိုချင်ဘူး၊ တစ်လုံးတည်းလည်း မလိုချင်ဘူး၊ ရှင်သွားတော့"

"ဟန်နီလေးကလည်း အားမနာပါနဲ့ဆိုမှပဲ"



# လက်ခုပ်ထဲက မိုးရေစက်များ

သူမမှာ အော်ပြီးတော့တောင် ငိုပစ်လိုက်ချင်စိတ်ပေါက်သွားရတယ်။ ဒါနဲ့ မျက်လုံးကိုပြူး၊ အံကိုကြိတ်ကာ သွားကြားထဲက ထွက်လာတဲ့လေသံမျိုးနဲ့ ခပ်ကျိတ်ကျိတ်ခြောက်ရပြန်တယ်။

"ကျွန်မရုပ်က အားနာတဲ့ရုပ်ပေါက်နေလို့လား၊ ရှင့်ကိုသွားတော့လို့ပြောနေတယ်နော်၊ ကျွန်မစိတ်တိုလာပြီ"

"မတိုပါနဲ့ ဟန်နီလေးရယ်၊ ကိုယ်က ကူညီပေးချင်တာပါ၊ နော်. . . ဖိနပ်ဆိုဒ်လေးပြော၊ ကိုယ်သွားဝယ်ပေးမယ်"

ဒီအချိန်မှာပဲ ခပ်လှမ်းလှမ်းက အုတ်ခုံမှာထိုင်နေတဲ့ မိုးစက်ကိုက ထိုင်ရာကနေ ထရပ်လိုက်တာကို တွေ့လိုက်ရတယ်။ သူ. . . သူသွားတော့မယ်ဆိုတဲ့အသိက သူမကို ပျာယာခတ်သွားစေတယ်။

"ရှင့်ကိုသွားတော့လို့ ပြောနေတယ်နော်"

မိုးစက်ကိုဆီကို လှမ်းကြည့်လိုက်မိပြန်တယ်။ ဒါပေမယ့် မိုးစက်ကိုက ဘယ်ကိုမှမကြည့်ဘူး။ သူ့ဖုန်းကိုပဲ ငုံ့ကြည့်နေရင်းကနေ သူမတို့နဲ့ ဆန့်ကျင်ဘက်အရပ်ကို လျှောက်လှမ်းထွက်ခွာသွားတော့တယ်။ သွားလေပြီ။ စီစဉ်ထားတာတွေ. . . ကြိုးစားထားတာတွေ အကုန်လုံး ဒီဇတ်မင်းသားရှူးကြောင့် သွားလေပြီ။

www.burmeseclassic.com



"ဟင့်အင်း. . . မသွားဘူး မသွားဘူး၊ ကိုယ်က ကူညီရမှုကို သွားမှာ"

သူမရဲ့ စိတ်တိုရွှင်းဒီဂရီက ဂိတ်ဆုံးကို ဆောင့်တက်သွားတယ်။

"ရှင်. . . တကယ်မသွားဘူးလား"

"မသွားဘူး၊ မသွားဘူး"

ပန်တျာညီညီက ကလေးလေးတွေလို နှုတ်ခမ်းကို စူထွန်ကာ cute ပုံစံနဲ့ ပြောလာတယ်။ အံမယ်လေး. . . ရုပ်ကြမ်းကြီးနဲ့ လာနွဲ့နေပြန်ပါပြီ။

"တကယ်မသွားဘူးနော်"

"သွားပါဘူးဆို၊ သွားဘူး၊ သွားဘူး၊ ဖိနပ်ဆိုဒ်ပြောပြမှ သွားမယ်"

"ရှင်က တကယ်ပဲ ကျွန်မဆိုဒ်ကိုသိချင်တယ်ပေါ့"

"အင်း. . . သိချင်တယ်၊ ပြောပြ"

"ကောင်းပြီလေ. . . ဒါဆိုလည်း သိကြသေးတာပေါ့"

သူမက အံကိုကြိတ်ကာ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် အသံကုန်ဟစ်ကာ အော်ချလိုက်တော့တယ်။



# လက်ခုပ်ထဲက မိုးရေစက်များ

"လာကြပါဦးရှင်၊ ဟောဒီမှာ ကျွန်မကို နှမချင်းမစာမနာ ဆိုဒ်လာမေးနေလို့ပါ၊ လာကြပါဦးရှင်၊ လာကြပါဦး"

သူမလည်း အဲလိုအော်လိုက်ရော ပန်တျာညီညီရဲ့ မျက်လုံးတွေက ပြူးကျယ်သွားကြကာ. . .

"ဟင်! မဟုတ်. . . မဟုတ်ဘူးလေ"

သူမက ဒင်းကို ဂရုမစိုက်ဘူး။ အော်စရာရှိတာကိုပဲ အာခေါင်ခြစ်ပြီးတော့ အော်နေလိုက်တယ်။

"လာကြပါဦးရှင်၊ လာကြပါဦး. . . ဒီလူယုတ်မာက မိန်းကလေးတစ်ယောက်ကို ဘယ်ဆိုဒ်လဲလာမေးနေလို့ပါ၊ လာကြပါဦး"

"ဟာ. . . ဟန်နီလေး. . . မဟုတ်ဘူးလေ၊ မဟုတ်. . ."

"လာကြပါဦးရှင်၊ ဒီလူကို ဖမ်းပြီးတော့ ပါမောက္ခချုပ်ရုံးခန်းကို ပို့ပေးကြပါ၊ ကျွန်မကို ဆိုဒ်လာမေးနေလို့ပါ"

"မဟုတ်ဘူးလေ၊ မဟုတ်သေးဘူးလေ"

ပန်တျာညီညီက မျက်ကလူးဆန်ပြာနဲ့ ပတ်ဝန်းကျင်ကို ဝန်းတောက်မှောက်ကြည့်ကာ ပြောတယ်။ သူမကတော့ အော်မြဲ အော်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ကျောင်းသားသုံးလေးယောက်ခန့်က သူမတို့ရှိရာကို ပြေးလာတယ်။ ဒါကိုလည်းမြင်ရော ပန်တျာညိုညိုခမျာ သူမအနားကနေ ဖင်မီးခိုးထွက်မတတ် သုတ်ခြေတင်ပြီးပြေးတာများ သူပြေးရာလမ်းတလျှောက်မှာ ဖုန်တွေ တထောင်းထောင်းထပြီးတော့ကို ကျန်ခဲ့တော့တယ်။



မပြီးနိုင်မစီးနိုင်နဲ့ တခွီးခွီးရယ်နေကြတဲ့ သာယာတို့ကိုကြည့်ကာ ဟန်နီက မျက်စောင်းဝေ့ထိုးလိုက်မိတယ်။ စာသင်ချိန်လည်း မနက်တစ်ပိုင်းကုန်နေပြီ။ အဲဒီစာသင်ချိန်တစ်ပိုင်းလုံးမှာလည်း ဆရာစာသင်တာကိုတောင် ကောင်းကောင်းလိုက်နားမထောင်နိုင်ကြဘဲ သူမနဲ့ ပန်တျာညိုညိုရဲ့ ကိစ္စကိုပဲ သူတို့နှစ်ယောက်တာ တွေးတွေးပြီး ကြိတ်ရယ်နေကြတော့တာ။

အခု နေ့လည်ထမင်းစားချိန် ကန်တင်းရောက်တဲ့အထိတိုင် သူတို့ရဲ့ရယ်ကြောက အတောမသတ်သေးကြ။

“ဟဲ့. . . နင်တို့တွေ အခုထိ ရယ်လို့မပြီးကြသေးဘူးလား၊ ဟုတ်လား၊ အေးအေး. . . ရယ်ကြ ရယ်ကြ၊ ရယ်ရင်းနဲ့လည်း သေးထွက်ကြကုန်ဦးမယ်”

“ဟီးဟီး. . . ငါတို့လည်း အူတွေနာနေပါပြီဟယ်၊ ဒါပေမယ့် တွေးမိတိုင်း မရယ်ဘဲကို မနေနိုင်ဘူးဖြစ်နေတာ”



www.burmeseclassic.com

www.burmeseclassic.com



သာယာ့စကားအဆုံး စိမ့်စမ်းကလည်း သူမမျက်လုံးထောင့်မှာ တွဲခိုလာတဲ့ အရယ်မျက်ရည်တွေကို လက်ခလယ်နဲ့အသာတို့သုတ်လိုက်ရင်းမှ. . .

"ဟုတ်ပ့ါ နင်ကလည်း ပန်ချာပီ. . . အဲ. . . ပန်တျာညီညီမေးတာကို ဖြေလိုက်တာတော့ မဟုတ်ဘူး"

"ငါက ဘာကိုဖြေရမှာလဲ"

"ဩော်. . . ကျွန်မဆိုဒ်က သုံးဆယ့်နှစ်ပါဆိုပြီးတော့လေ၊ ဟီးဟီး. . ."

"အမ်. . . မိစိမ့်. . . နင်မညစ်ပတ်နဲ့နော်"

သူမက ခပ်ကြိတ်ကြိတ်နဲ့အော်တော့ သာယာတို့က ရယ်ကြပြန်တယ်။

"ပြောလို့ပြောတာမဟုတ်ဘူး သိလား၊ နင်နဲ့ အဲဒီပန်တျာညီညီနဲ့က ရေစက်ကိုပါနေတာ၊ သူ့ကိုပဲ တွဲလိုက်ပါလားဟယ်၊ နင်နဲ့မိုးစက်ကိုမှာက ရေစက်မပါပါဘူး၊ လက်လျှော့လိုက်ပါတော့"

"အောင်မယ်. . . ဘာလို့လက်လျှော့ရမှာလဲ၊ ရေစက်ဆိုတာ လူကလုပ်တာပါနော်၊ အချိန်မတန်သေးတာပဲရှိတယ်၊ တစ်နေ့မဟုတ် တစ်နေ့တော့ ငါ သူနဲ့ ခင်ခွင့်ရ





ကိုရမှာ၊ အဲဒါကို ငါ့စိတ်ထဲက အလိုလိုကို သိနေပြီးသား"

"ဒါဆို နင်က နောက်တစ်နည်းကြံဦးမယ် ဆိုတဲ့သဘောပေါ့၊ ဟုတ်လား"

"ဒါပေါ့"

"အဟင်း. . . ငါတို့လည်း ရယ်ဖို့ကို ကြိုပြင်ထားလိုက်ဦးမယ်နော် သိလား. . . ဟင်းဟင်း"

ဟန်နီက မျက်စောင်းတစ်ချက် ထပ်ထိုးလိုက်ပြန်ရင်း. . .

"နင်တို့ကလေ. . . တော်တော်ကောင်းတဲ့ သူငယ်ချင်းတွေသိလား၊ ငါ့ကို ကူညီပေးကြမယ်တော့မရှိဘူး၊ ဝိုင်းရယ်ဖို့ပဲ ချောင်းနေကြတယ်"

"ကူညီဖို့က နောက်ထားပါဦး၊ ငါတို့က နင့်ကို နားကိုမလည်တာ"

"အမ်. . . နင်တို့က ဘာကိုနားမလည်တာလဲ"

"နင့်လုပ်ရပ်တွေကိုလေ၊ နင်ပြောတော့ သူ့ကိုမချစ်ပါဘူးလည်းဆိုသေး၊ သူ့အနားရောက်ဖို့ကိုလည်း အသည်းအသန်ကြိုးစားနေတာ၊ အလုပ်မှမဟုတ်တာ၊ နင့်ကိုယ်နင်လည်း သေချာပြန်စဉ်းစားကြည့်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com

## ရာဇဝင်ကို

စိမ့်စမ်းစကားကြောင့် ဟန်နီက အူကြောင်ကြောင်ဖြစ်သွား ပုံမျိုးနဲ့ ကိုယ့်အဖြစ်ကိုကိုယ် ပြန်စဉ်းစားကြည့်မိတယ်။ ဟုတ် တော့လည်း ဟုတ်သား။ သူမဘာကြောင့်များ သူ့အနားကို နီးနီး ကပ်ကပ် ရောက်ချင်နေမိတာပါလိမ့်။ သူမက ခေါင်းကိုခပ်သွက် သွက် ယမ်းခါပစ်လိုက်ရင်းက. . .

"မသိဘူးဟယ်၊ ငါသိတာက ငါသူနဲ့ သူငယ်ချင်းတွေ ဖြစ်ချင်တယ်၊ ပြီးတော့ သူနဲ့ စကားတွေအများကြီး ပြောချင်တယ်၊ သူနဲ့သူစိမ်းကြီးလိုမနေချင်ဘူး၊ အဲဒါ ငါသိတယ်၊ ကဲ. . . ပိုက်ဆံရှင်းမယ်၊ စားပွဲထိုးကိုလှမ်း ခေါ်"

ပြောကာ ဘေးလွယ်အိတ်ထဲကနေ ပိုက်ဆံအိတ်သေး သေးလေးကို ထုတ်လိုက်တယ်။ ပိုက်ဆံအိတ်ထဲမှာ အခြား ပိုက်ဆံတွေနဲ့အတူရောကာ ပလတ်စတစ်ကတ်လောင်းထားတဲ့ ငါးထောင်တန်လေးက အခန့်သားနေရာယူလို့။ အင်း. . . ဒါဟာလည်း ဘယ်သူမှလိုက်မမီတဲ့ ရှုးသွပ်ခြင်းတစ်မျိုးပဲ ဆိုပါ စေတော့။

အခန်း (၅)

ဒီနေ့တော့ ဟန်နီက နောက်ထပ်တိုက်ကွက်တစ်ခုကို ခမ်းတိုက်စစ်ဆင်ဖို့ပြင်ထားတာဖြစ်ပါတယ်။ အဲဒါကတော့ ...တက်ကို တစ်ယောက်တည်းရှိနေမယ့် အချိန်မျိုးကိုစောင့်ပြီး ...ရှေ့နားက ဖြတ်အလျှောက်မှာ မူးလဲချင်ယောင်ဆောင်မယ့် ...ကွက်မျိုးပါ။ အဲဒီလိုဟန်ဆောင်ဖို့ကိုလည်း သူမက အိမ်က ...ယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ပြီး အမျိုးမျိုးလေ့ကျင့်လာခဲ့ပြီး ...

"ဟဲ့. . . မူးလဲချင်ယောင်ဆောင်တာကတော့ ဟုတ်ပါပြီ၊ ဟိုက နင့်ကို တကယ်မူးလဲတယ်ထင်ပြီး ဆေးရုံကိုခွတ် ခေါ်သွားရင် ဘယ်လိုလုပ်မလဲ"

သာယာ့စကားအဆုံး ဟန်နီက အ,ရန်ကောဆိုတဲ့အ ...ည့်မျိုးနဲ့ ကြည့်ပေးလိုက်ရင်း. . .





www.burmeseclassic.com

www.burmeseclassic.com





"နင်ကလည်း ဒါသုံးစမ်းပါ(နားထင်ကိုလက်ညှိုးနဲ့ ထောက်ပြလိုက်ရင်းမှ)။ သူက အဲဒီလို ဆေးရုံခေါ် သွားမယ်လုပ်ရင် ငါက သနားစဖွယ် အားနည်းနေတဲ့ အသံလေးနဲ့ မျက်နှာလေးကို ရှုံ့မဲ့ထားလိုက်ပြီးတော့. . . ဟို. . . ရပါနှယ် (တယ်). . . ရပါနှယ်(တယ်). . . ဆေးရုံသွားစရာ မလိုပါအူး(ဘူး)၊ ညှ(ည)က အိပ်ရေး ကျက်သွားလို့ ခေါင်းနဲ့(ထဲ)က ရိပ်ခနဲဖြစ်သွားတာပါ ခဏလေးထိုင်နေလိုက်ရင် ခေါင်း(ကောင်း)သွားမှာပါ ဆိုပြီး ပြောလိုက်မှာပေါ့ဟဲ့၊ ဟင်း. . . အိမ်မှာ ငါ သချာကျင့်လာပြီးသား၊ ဒီနေ့ကတော့ ဟန်နီမိုးကျော် တို့ အကယ်ဒမီယူပြီသာမှတ်တော့ ဟဲဟဲ"

သူမစကားအဆုံး သာယာက မျက်နှာကို ရှုံ့မဲ့ပြီး ဆိုလာတယ်။

"ဟင်း. . . နင့်ရုပ်က ငါ့မျက်လုံးထဲမှာတော့ သနားစရာ တစ်စက်မှ မပေါက်ဘူး၊ ဆောင့်ကန်ချင်စရာပဲကောင်း နေတယ်"

"ဒါကတော့ နင်က အကြင်နာတရားမှမရှိတာကိုဟဲ့ မိုးစက်ကိုရဲ့ မျက်နှာလေးကတော့ အကြင်နာတရား တွေနဲ့ ပြည့်လျှံနေတဲ့ မျက်နှာလေးဆိုတော့ ငါ့အပေါ်

မှာ သနားစိတ်တွေ ရေစီးကမ်းပြိုလိုက်သွားမှာ သေချာ ပါတယ် ဟင်းဟင်း. . . အပိုင်ပဲ"

"အေးပါ, . . အေးပါ၊ ပိုင်ရင်လည်း ပြီးတာပါပဲ၊ အခု လောလောဆယ်အရေးကြီးတာက နင့်လူကိုရှာဖို့ပဲ၊ လာ. . . အချိန်ရှိတုန်း လိုက်ရှာရအောင်"

ဒီလိုနဲ့ သုံးယောက်သားက မိုးစက်ကို,ကို ကျောင်းထဲမှာ လိုက်ရှာကြတယ်။ အတန်းတွေ၊ ကျောင်းကော်ရစ်တာတွေ၊ တခြား လူအုပ်အုပ်ရှိတဲ့နေရာတွေ စသဖြင့် ခြေတိုမတတ် အချိန် တော်တော်ကြာအောင် လိုက်ရှာပြီးတော့မှ အနည်းငယ်လူရှင်း တဲ့ သစ်ပင်တစ်ပင်အောက်က ခုံတန်းလျှားတစ်ခုပေါ်မှာ သူ့ကို တွေ့လိုက်ရတယ်။

"ဟဲ့. . . ဟိုမှာ. . . ဟိုမှာ"

သူက ထုံးစံအတိုင်း နားမှာ နားကြပ်တစ်ခုကိုတပ်ထား ပြီးတော့ ခုံတန်းလျှားကို ခပ်ပြေပြေစတိုင်လ်နဲ့ ခေါင်းမှီထားကာ သီချင်းနားထောင်နေပုံပါပင်။ ပြီးတော့ နေကာမျက်မှန်အမည်း တစ်လက်ကိုလည်း ဒီနေ့မှ ထူးထူးခြားခြား စတိုင်လ်ထုတ်ပြီး တော့ တပ်ထားပါသေးတယ်။ ဒါပေမယ့် အရေးကြီးတာက အဲဒီ နေကာမျက်မှန်မဟုတ်။ သူ့နားကနားကြပ်ပင်။ အရင်တစ်နေ့ တာလည်း အဲဒီလို နားမှာနားကြပ်ကြီးတပ်ထားလို့ သူမ,အော်တာ





www.burmeseclassic.com

www.burmeseclassic.com



ကို သူ မကြားလိုက်ဘူး မဟုတ်လား။ ဒါပေမယ့် အခုကတော့ လိပ်ခေါင်းထွက်ချင်ထွက်ပါစေ၊ မကြားကြားအောင်ကို ရှိသမျှ အသံနဲ့ "အား. . . မူးလိုက်တာ" ဆိုပြီးတော့ အကျယ်ကြီး အော်ပစ်လိုက်မယ်လို့ စိတ်ထဲမှာ တေးထားလိုက်ရင်း. . .

"အေးဟဲ့၊ တစ်ယောက်တည်းနော်၊ မြင်တယ်မှလား၊ ရာသီဥတုက ငါ့ဘက်ပါနေတယ်၊ အေးဆေးပဲ၊ ငါသွားလိုက်ဦးမယ်၊ နင်တို့စောင့်ကြည့်နေကြ၊ ငါ့အိုက်တင် ဘယ်လောက်ပိုင်တယ်ဆိုတာ ဒီနေ့ လက်တွေ့ပြမယ်"

ပြောပြီး သူမက အသာထွက်လာခဲ့လိုက်ကာ မိုးစက်ကို ရဲ့ ရှေ့မလှမ်းမကမ်း၊ ကြားသာမြင်သာမယ့် နေရာကနေ ဖြတ် လျှောက်ရင်းမှ. . .

"အား. . . မူးလိုက်တာ"

ဆိုပြီး နားထင်ကို လက်တစ်ဖက်နဲ့အုပ်ကာ မိုးစက်ကို ကြားအောင် အော်လိုက်တယ်ပြီး ခန္ဓာကိုယ်ကို အနည်းငယ် ခပ်ယိုင်ယိုင်နဲ့ ယိမ်းထားလိုက်ရင်းက သူ့အခြေအနေကို တစ်ချက် ရှိုးရတယ်။

ဒါပေမယ့် သူ့ပုံစံက သူမ အော်တာကို ကြားဟန်မတူ။ ဒါပေမယ့် အဲဒီလို မကြားရင်တောင်မှ သူမကိုတော့ သူမြင်ရ မယ်မဟုတ်ဘူးလား။ အခုတော့ သူက တုပ်တုပ်မျှကိုမလှုပ်။





သြော. . . သိပြီ။ သူက သီချင်းနားထောင်ရင်းနဲ့ သီချင်းထဲမှာ စျာန်ဝင်စားပြီး မျက်လုံးတွေကို မှေးမှိတ်ထား လို့ပဲဖြစ်ရမယ်။ အင်း. . . ဟုတ်တယ်။ ဒီလိုပဲဖြစ်ရမယ်။

အဲဒီလိုမျိုးသာဆိုရင်တော့ သူသီချင်းတစ်ပုဒ်ဆုံးတဲ့ အချိန်မျိုးမှာတော့ သူမအော်တာကို သေချာပေါက်ကြားမှာပါပဲ။ ဟုတ်တယ်။ သူမဘက်က အဆက်မပြတ် သူမကြားမချင်းကို အော်နေဖို့ပဲ လိုတယ်။

သူမက သူမအတွေးနဲ့ သူမ ခေါင်းတစ်ချက်ညိတ်လိုက် ကာ ပထမတစ်ခါက အသံအတိုင်း၊ အမူအယာအတိုင်းနဲ့ နောက် တစ်ခါထပ်အော်လိုက်တယ်။

"အား. . . မူးလိုက်တာ"

ဒါလည်း သူက မကြားသေး။ သီချင်းမဆုံးသေးဘူးထင် ပါရဲ့။

"အား. . . မူးတယ်လို့ဆို"

ကြားဟန်မတူ။ သူမ ဇွဲမလျှော့ နောက်တစ်ခါထပ်အော် လိုက်ပြန်တယ်။

"အား. . . မူးလိုက်တာ"

ဒီတစ်ခါတော့ ကြားသွားတယ်။ ဒါပေမယ့် မိုးစက်ကို တော့မဟုတ်။ ဟိုချေးထုပ် ပန်းတျာညီညီ။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဟန်နီလေး. . . ဟန်နီလေး၊ ဘာဖြစ်တာလဲ ဟင်"

သူကပြောလည်းပြော သူမကိုလည်း ပခုံးနှစ်ဖက်ကနေ ဆုပ်ကိုင်ဖမ်းထိန်းလာတယ်။ ဒီတော့ သူမက အလန့်တကြားဖြစ်သွားရရှင်း. . .

"အင်! ရှင် ရှင်က ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာရပြန်တာလဲ"

ဆိုပြီး သူ့လက်တွေကို ပုတ်ထုတ်ပစ်ရတယ်။ ပြီးတော့ ဟိုးခပ်လှမ်းလှမ်းက အကွယ်မှာ ချောင်းကြည့်နေကြတဲ့ သာယာနဲ့ စိမ့်စမ်းတို့ကို တစ်ချက်လှမ်းကြည့်မိပြန်တယ်။ ဒင်းတို့ကလည်း ဒီတစ်ယောက် သူမဆီလာနေတာကို မတွေ့လိုက်ဘူးလားမသိ။ နည်းနည်းပါးပါးလေးများ အချက်ကလေးဘာလေး လှမ်းပြပါတော့လား။

"ကိုယ်က ဟန်နီလေးကို လိုက်ရှာနေတာလေ၊ မူးလို့ဆို နေမကောင်းဘူးလားဟင်၊ ကိုယ်ဆေးခန်းလိုက်ပို့ ပေးမယ်လေ၊ လာလာ. . . သွားရအောင်"

ပြောပြောဆိုဆို ပန်တျာညီညီက သူမလက်တစ်ဖက်ကို ဖမ်းဆုပ်ကိုင်ရင်း ဆွဲခေါ်မယ်လုပ်တော့ သူမက သူ့လက်ထဲက ဆောင့်ရုန်းပစ်လိုက်ကာ အသံခပ်ကြိတ်ကြိတ်နဲ့. . .





"အာ. . . ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မဘာမှမဖြစ်ဘူး၊ ရှင်သွားတော့၊ မြန်မြန်သွား"

ဆိုပြီးမောင်းထုတ်ရတယ်။ ဒီတစ်ယောက်နဲ့ကလည်း ဘယ်လိုရေစက်ရယ်မသိပါဘူး။ စိတ်ညစ်လိုက်တာ။

"ဟန်နီလေး. . . နေမကောင်းတာကို ကိုယ်က ဒီအတိုင်း ထားခဲ့ရမှာလားလို့၊ ထားခဲ့နိုင်ပါဘူး၊ လာပါ ဟန်နီလေး ရယ်၊ လိမ္မာပါတယ်၊ ဆေးခန်းသွားရအောင်နော်. . . နော်"

"အွင်. . . ဓါးပြရုပ်နဲ့ လာနွဲ့ပြနေပြန်ပါပြီ၊ ရှင့်ကို သွားတော့လို့ပြောနေတယ်နော်"

"ဟင့်အင်း. . . ဟင့်အင်း. . . မသွားဘူး၊ ဟန်နီလေး ဆေးခန်းကို လိုက်ခဲ့မယ်ဆိုမှ အတူသွားမယ်"

သူမ စိတ်တိုလာပြီ။ ဒါနဲ့ သူ့ကို မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေနဲ့ ကြည့်ပေးလိုက်ရင်း သွားကြားထဲကထွက်တဲ့ လေသံနဲ့. . .

"ရှင်. . . တကယ်မသွားဘူးလား"

"သွားဘူး"

"သေချာတယ်နော်"

"သေချာတယ်၊ ဟန်နီမပါရင် မသွားဘူး၊ လုံးဝ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း. . . ကောင်းပြီလေ၊ တွေ့ကြသေးတာပေါ့"

သူမက ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီးနောက် တစ်နေ့ကလိုပဲ အသံကုန်ခြစ်ကာ အော်ချလိုက်တော့တယ်။

"ဟောဒီမှာ လာကြပါဦးရှင်၊ လာကြပါဦး၊ ကျွန်မကို နှမချင်းမစာမနာ ဆိုဒ်လာမေးနေလို့ပါ၊ လာကြပါဦး ရှင်"

"ဟာ. . . ဟာ. . . မဟုတ်ဘူးလေ၊ မဟုတ်ဘူးလေ"

"လာကြပါဦးရှင်၊ လာကြပါဦး၊ ကျွန်မကို ညစ်တီးညစ်ပတ်နဲ့ ဆိုဒ်လာမေးနေလို့ပါ. . . လာကြပါဦး"

"မဟုတ်ဘူးလေ၊ မဟုတ်ဘူး. . ."

"လာကြပါဦးရှင်. . . ဟောဒီ"

အဲဒီလိုအော်နေတုန်းမှာပဲ ခုံတန်းလျားမှာ ခေါင်းမှီထိုင်ကာ သီချင်းနားထောင်နေတဲ့ မိုးစက်ကိုက ခေါင်းထောင်လာတာကြောင့် သူမအော်သံက ရှေ့ဆက်မထွက်တော့ဘဲ "ဟောဒီ" ဆိုတဲ့ နေရာမှာတင် ရပ်တန့်သွားရတယ်။

ဒီတော့ သတ္တိခဲပန်တျာညီညီတ လှစ်ခနဲဆို ဖနောင့်နဲ့တင်ပါး တစ်သားတည်းကျအောင် ပြေးတော့တယ်။

ပန်တျာညီညီတင်ပဲလားဆိုတော့လည်း မဟုတ်။ သူမကိုယ်တိုင်လည်းပဲ မိုးစက်ကို မကြားလောက်ဘူးထင်ပြီး အော်ချင်ရာ





အော်ထားတာဆိုတော့ မိုးစက်ကိုလည်းခေါင်းထောင်လာရော ပူထူသွားကာ ပန်တျာညီညီရဲ လမ်းစဉ်အတိုင်းပဲ တရှုတ်သိုင်းကားတွေထဲကလို ဝှစ်ဝှစ်ဝှစ်ဝှစ်နဲ့မြည်အောင် လွတ်ရာကျွတ်ရာကို ပြေးထွက်လာခဲ့လိုက်တော့တယ်။

www.burmeseclassic.com





နားမှာနားကြပ်ကိုတပ်ပြီး သူက ခုံတန်းလျားနောက်မှီကို မှီထားပြီး သီချင်းနားထောင်ရင်း တဖြေးဖြေးအိပ်ချင်လာတာနဲ့ သူက အိတ်ထဲက နေကာမျက်မှန်ကိုထုတ်တပ်ပြီး(သူများတွေမြင်ရင် အိပ်နေမှန်းမသိအောင်) ခဏမှိန်းနေလိုက်မိတာပါ။ ဒါပေမယ့် တကယ် အိပ်ပျော်သွားတယ်။

အဲဒီလိုအိပ်ပျော်နေရင်းကနေ ဆူဆူညံညံနဲ့ အော်သံ တစ်ခုကြောင့် သူက အိပ်ပျော်နေရာကနေ လန့်ပြီးပြန်နိုးလာရ တော့ကာ ခေါင်းထောင်ပြီး ပတ်ဝန်းကျင်ကိုကြည့်တော့ ဘယ်သူ့ ကိုမှ မတွေ့ရဘူး။

မဟုတ်သေးပါဘူး။ စောစောတုန်းက ဒီနားလေးမှာ ဒီနီးကပ်ကပ်ကိုပဲ မိန်းကလေးတစ်ယောက်အော်လိုက်တဲ့ အသံ ကြီးကြားလိုက်ရတာပါ။ ခုကျတော့လည်း ဘယ်သူမှရှိမနေပြန်။



www.burmeseclassic.com

www.burmeseclassic.com



သရဲခြောက်တာများလား။ ဒါတော့မဖြစ်နိုင်။ ဒါမျိုးတွေလည်း သူ့အယုံအကြည်မရှိ။ ဒါဆို အိပ်မက်မက်တာများလား။ ဒါလည်း မသေချာ။ စိတ်ထဲမှာ ဇဝေဇဝါရယ်ပါပဲ။

အိပ်မက်လား။

တစ်ယောက်ယောက် တကယ်အော်လိုက်တာလား။

သေချာမသိဘူး။

နောက်တော့ ဘာမှမစဉ်းစားမနေတော့ဘဲ စောစောက ပုံစံအတိုင်းပဲ သူက ခုံတန်းလျားကိုပြန်မှီကာ အသာပြန်မှိန်းနေလိုက်တယ်။ ဒါပဲ ကောင်းတယ်မဟုတ်လား။



သူ့မအဖြစ်ကိုတွေးပြီး သူငယ်ချင်းတွေက တခွိုးခွိုးအော်ရယ်ကြတယ်။

"ငါတို့မပြောဘူးလားဟယ်၊ နင်နဲ့ ပန်တျာညီညီနဲ့က ရေစက်ကိုပါတာပါလို့ဆိုနေ"

"ဘာရေစက်လဲ၊ ဘာရေစက်လဲ၊ နင်တို့ကလေ. . . သူငယ်ချင်းကောင်းကို မပီသကြဘူး၊ သူလာနေတာမြင်ရင်လည်း ငါကို အချက်ကလေးဘာလေးပေးပါတော့လားလို့"

"ငါတို့လည်း မမြင်လိုက်ဘူးဟဲ့၊ မြင်လိုက်တော့ သူက နင့်အနားကိုရောက်နေပြီ"

"အဲဒီတစ်ယောက်ကလည်းလေ၊ အရေးအကြောင်းဆိုရင် ပေါ်ပေါ်လာတယ်၊ ဘယ်လိုများအနံ့ရနေတယ် မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟီးဟီး. . . အဲဒါပြောတာပေါ့၊ ဖူးစာပါလာရင် ဘာနဲ့မှ မတားနိုင်ဘူးဆိုတာ"

"တော်ပါတော့ဟယ်၊ စိတ်ညစ်ပါတယ်ဆို၊ နင်တို့က လည်းတစ်မျိုး၊ မိုးစက်ကိုကလည်း ငါဒီလောက် ခေါင်းမူးလိုက်တာဆိုပြီးပြောနေတာကို မကြားဘူး၊ အဲဒီနားကြပ်ကြီးနဲ့ချည်းပဲ၊ မဟုတ်တဲ့ ငါအော်တာကျတော့ ကြားသွားတယ်နဲ့တူတယ်. . . ရှက်လိုက်တာ"

နောက်တော့ သုံးယောက်သား အတန်းချိန်နီးလာပြီမို့ အတန်းရှိရာကို လျှောက်လာလိုက်ကြတယ်။ ကောင်းကင်မှာက မိုးသားတွေ ညို့မှိုင်းလို့။

ဒီနေ့လည်း မိုးရွာမယ်ထင်ပါရဲ့။



အတန်းဆင်းချိန်မှာတော့ တစ်နေ့လုံး စွေနေ့တဲ့မိုးက သည်းသည်းမည်းမည်းကို ရွာချလာပါတော့တယ်။ သူမက အပြင်ဘက်က မိုးရေစက်တွေကို ငေးကြည့်နေရင်းကနေ ခေါင်းထဲမှာ မိုးစက်ကိုထီးပါရဲ့လားဆိုတာကို သွားတွေးမိတယ်။ ဟုတ်သားပဲ။ သူမှာသာ ဒီနေ့အတွက် ထီးမပါလာဘူးဆိုရင် သူမထီးကို ပေးလိုက်ပြီး ရင်းနှီးမှုယူလို့ရတာပဲမဟုတ်လား။ သူမကတော့ သူငယ်ချင်းတွေနဲ့ ကပ်လိုက်သွားလို့ရသလို မိုးချစ်သူပီပီ မိုးရေ ဒိုလည်း ကိစ္စမရှိ။ မိုးရေထဲကို ဒီအတိုင်းလျှောက်သွားလို့ရတာပဲ။

သူမက အတွေးနဲ့အတူ တစ်ချက်ပြုံးလိုက်ကာ အိတ်ထဲက ထီးလေးကို ထုတ်ဖွင့်လိုက်တယ်။

"ဟဲ့. . . ဘယ်သွားမလို့လဲ"

သာယာ့အမေးကို သူမက ပြုံးစစဟန်နဲ့. . .



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်နား ခဏသွားမလို့၊ ဒါနဲ့ နင့်ထီး ငါ့ကို ခဏ ပေးလိုက်"

"ဟဲ့. . . ထီးနှစ်လက်ကြီးနဲ့ ဘာလုပ်မှာလဲ"

"ပေးမှာပေးစမ်းပါဟယ်၊ အရေးကြီးတယ်၊ မြန်မြန်ပေး နင်တို့ ဒီနားကပဲစောင့်နေနော်၊ ငါပြန်လာခဲ့မယ်၊ မကြာဘူး"

သူမက ပြောလည်းပြော သာယာ့လက်ထဲက ခေါက်ထီးကိုလည်း ခပ်မြန်မြန်ပဲ ဖျတ်ခနဲဆွဲယူလိုက်ကာ မိုးစက်တို့ရဲ့ အတန်းရှိရာကို ထွက်လာခဲ့လိုက်တယ်။ တစ်လမ်းလုံးလည်း မိုးစက်ကိုမှာရော၊ သူသူငယ်ချင်းမှာပါ ထီးမပါပါစေနဲ့လို့ တစ်လမ်းလုံး ဆုတောင်းလာခဲ့လိုတ်မိတယ်။



အငြိုးတကြီးနဲ့ တဖွားကိုရွာနေတဲ့ မိုးတွေကိုကြည့်ကာ သူက စိတ်ပျက်လက်ပျက်နဲ့ ကျွတ်ခနဲရေရွတ်လိုက်မိတယ်။ ကျန်တဲ့အချိန်တွေတုန်းက မရွာဘဲနဲ့ အခုလိုကျောင်းဆင်းချိန် ကျမှ ကောက်ရွာရသတဲ့လား။

"ကျွတ်. . . ထီးကလည်း ဗိုနေ့မှ ကျန်နေခဲ့ရတယ်လို့ကွာ၊ စိတ်ညစ်လိုက်တာ၊ မိုးဟာ တော်တော်နဲ့ တိတ်ဦးမယ့်ပုံ မပေါ်ဘူး"

စိတ်ပျက်လက်ပျက်နဲ့ ရေရွတ်လိုက်တဲ့ သူ့စကားအဆုံးသည်စိုးကလည်း ဟန်းဖုန်းကို ဘေးလွယ်အိတ်ထဲ ထိုးထည့်လိုက်ရင်းတ. . . .

"အင်း. . . ဗီအတိုင်းပဲ ကားဆီကိုရောက်အောင် ပြေးကြမလား"



www.burmeseclassic.com

www.burmeseclassic.com



“အဝတ်လဲစရာမှမပါတာကွ၊ ပြီးတော့ ကျောင်းနဲ့အိမ် ကလည်းအဝေးကြီး၊ မိုးစိုကြီးနဲ့ ကားမောင်းရမှာ၊ လမ်း ပိတ်မှာနဲ့ဘာနဲ့ဆိုတော့ မိုးစိုကြီးနဲ့ အကြာကြီးဖြစ်နေ မှာကွ၊ အဆင်မပြေဘူး”

“အင်း. . . ဒါလည်းဟုတ်တာပဲ၊ ဘယ်တတ်နိုင်မလဲ ကွာ၊ ဒီလိုဆိုတော့လည်း မိုးတိတ်အောင်ပဲ ထိုင်စောင့် ရတော့မှာပေါ့”

သူက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်မိ တယ်။ ကျောင်းသူကျောင်းသားတွေက ကျောင်းဆင်းချိန်ဆို တော့ အတန်းထဲမှာရော၊ ကော်ရစ်တာတွေဘက်မှာရော။ ထီးပါ တဲ့ လူကတော့ သူတို့လိုရာကို ထီးလေးဖွင့်ပြီး သွားကြပြီ ဖြစ်ပေ မယ့် သူတို့လို ထီးမပါသူတွေကတော့ သူတို့လိုပဲ ကော်ရစ်တာ နားလိုလို၊ အတန်းလိုလိုနဲ့ ရစ်သီရစ်သီလုပ်ကာ မိုးအတိတ်ကို စောင့်နေကြတော့တယ်။

အဲဒီအချိန်မှာပဲ သူတို့အနားကို မျှော်လင့်မထားတဲ့ ကောင်မလေးတစ်ယောက်က ရောက်လာခဲ့တာဖြစ်ပါတယ်။

“ဟို. . . မိုးစက်ကို၊ ဟန်နီ့ကို မှတ်မိတယ်မလား”

အသံကြောင့် နောက်ဘက်ကိုလှည့်အကြည့်မှာတော့ သူတွေ့လိုက်ရတာက တစ်နေ့တုန်းက သူ့ဆီကနေ ပိုက်ဆံချေး





ခဲ့တဲ့ ကောင်မလေး။ နေပါဦး။ သူ့မနာမည်က. . . ဟန်နီ၊ ဟန်နီမိုးကျော်။

“ဪ. . . ဟုတ်၊ မှတ်မိပါတယ်”

သူက ပြောလည်းပြော ခေါင်းကိုလည်းညိတ်ပြလိုက် တော့ ကောင်မလေးက အားရပါးရပြုံးပြလာရင်း. . .

“ဟုတ်. . . ထီးမပါဘူးထင်တယ်နော်”

တဲ့။ သူက ခေါင်းတစ်ချက်ညိတ်ပြလိုက်ရင်းက. . .

“ဟုတ်”

ဆိုတော့ ကောင်မလေးရဲ့ မျက်လုံးတွေက အရောင်တွေ တောက်သွားသလို ထင်လိုက်ရကာ. . .

“ဟိုဟာ. . . ဟန်နီက ဒီအတန်းက သူငယ်ချင်းဆီကို ထီးလာပေးတာလေ၊ သူက တခြားသူငယ်ချင်းရဲ့ ထီးနဲ့ ပြန်သွားတယ်ထင်တယ်၊ အဲဒါ ထီးတစ်လက်ပိုနေလို့ ယူသွားပါလား”

လို့ပြောလာကာ သူမက ခေါက်ထီးတစ်လက်ကို သူ့ဆီ ထိုးပေးလာတယ်။ ဒါပေမယ့် သူက အားနာတာမို့. . .

“ရပါတယ်၊ ဟိုဟာ”

ဆိုပြီး ငြင်းမလို့ရှိသေးတယ်။ ပြည်စိုးက. . .



www.burmeseclassic.com

www.burmeseclassic.com



"အာ. . . မင်းကလည်း၊ ဘာလို့ရတာလဲ၊ ပေးပေး. . . ကျွန်တော့်ကိုပေးခင်ဗျာ"

ဆိုပြီး သူမဆီက ထီးကို လက်လှဲယူလိုက်ကာ. . .

"ကျေးဇူး. . . ကျေးဇူးဗျာ၊ ထီးမပါလို့ နှစ်ယောက်သား တိုင်ပတ်နေကြတာ၊ ဘုရားမ,တာမဟုတ်ဘူး၊ ခင်ဗျားမ,တာပဲ. . . ဟဲဟဲ"

သူမက ပြည်စိုးစကားကြောင့် ပြုံးတယ်။ ပြီးနောက် သူ့ကိုပဲ ဦးတည်ကြည့်လာကာ. . .

"ရပါတယ်၊ ဟန်နီ့တုန်းကလည်း ကူညီပေးထားကြတာပဲဟာ၊ ကျေးဇူးတင်စရာမလိုပါဘူး၊ ဟို. . . ဒါဆို ဟန်နီ့ သွားတော့မယ်နော်"

သူက ခေါင်းညိတ်ပြလိုက်ရင်းမှ. . .

"ဟုတ်. . ."

ဆိုတော့ သူမက လှည့်ထွက်သွားတယ်။ ဒီတော့မှ သူက ထီးပြန်ပေးရမှာကို သတိရသွားရရင်း. . .

"ဩော်. . . ဒါနဲ့. . ."

ဆိုတော့ သူမက ဘာလဲမသိဘူးဆိုတဲ့ အထာနဲ့ နောက်ဘက်ကို ခေါင်းလေးတင် သမင်လည်ပြန်လှည့်ကြည့်လာတယ်။

"ဟို. . . ထီးက ဘယ်လိုပြန်ပေးရမလဲမသိဘူး"





ဒီတော့မှ သူမက တစ်ကိုယ်လုံးပြန်လှည့်လာကာ သူ့ကို မှုးပြလာပြန်ရင်း. . .

"ဟို. . . ကြုံမှာပါ၊ ကြုံတော့မှ ပေးပေါ့၊ ဒါမှမဟုတ် မနက်ဖြန်နေ့လည် ထမင်းစားကျောင်းဆင်းရင် ကန်တင်းမှာဆုံကြမယ်လေ၊ အဲဒီမှာပေးပေါ့၊ အဆင်ပြေလား မသိဘူး"

"ဩော်. . . ဟုတ်၊ ဒါဆိုလည်း အဲဒီမှာဆုံမယ်လေ"

"ဟုတ်. . . သွားပြီနော်"

သူမက ထီးအနီရဲရဲလေးနဲ့ မိုးရေထဲကို လျှောက်ဝင်သွားတယ်။ သူက မိုးရာသီဆိုရင် ဘယ်သွားသွား ထီးယူသွားလေ့ရှိတဲ့ လူပါ။ ဒီနေ့မှသာ မေ့ကျန်နေခဲ့ရတာ။ ပြီးတော့ ဒီနေ့လိုနေ့ကျတော့မှ သူမမှာကလည်း ထီးတစ်လက်က လာပို့နေပါသတဲ့။ တိုက်ဆိုင်လွန်းတဲ့ကံကြမ္မာအတွက် နည်းနည်းတော့ အံ့ဩချင်စရာ။

"မဆိုးတော့မဆိုးဘူးနော် သားကြီး. . . ကောင်မလေးက မိုက်တော့အမိုက်စားလေး"

မိုးရွာထဲက သူမနောက်ကိုမြင်နိုင်သမျှ အကွာအဝေးအထိ လိုက်ကြည့်နေရင်းကနေ ပြောလာတဲ့ပြည်စိုးစကားကြောင့် သူက နှာခေါင်းတစ်ချက်ရှုံ့၊ ရယ်သွမ်းသွေးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



“ဟင်း. . . မင်းမမိုက်တဲ့ ကောင်မလေးရောရှိလို့လား”

“ဟီး. . . မင်းကလည်း၊ သူကတော့ တကယ်မိုက်တာ ပါကွ၊ ဒါနဲ့သူ့နာမည်မင်းသိတယ်မလား၊ ဘယ်သူတဲ့လဲ”

“နာမည်လား. . . ဟန်နီမိုးကျော်ဆိုလားပဲ၊ ဟုတ်တယ်၊ ဟန်နီမိုးကျော်တဲ့”

သူက ပြည်စိုးကိုပြောပြသလိုလို ကိုယ့်ဘာသာရေရွတ် ကြည့်သလိုလိုပုံစံမျိုးနဲ့ ပြောလိုက်မိတယ်။

နောက်တော့ သူတို့နှစ်ယောက်လည်း သူမရဲ့ကောင်းမှု ကြောင့်ရလိုက်တဲ့ ခေါက်ထီးလေးကိုထုတ်ဖွင့်ဆောင်းကာ သည်း ထန်စွာရွာနေတဲ့ မိုးရေစက်တွေကို အံတုရင်း မိုးရေစက်တွေအောက် ခိုဝင်လိုက်တော့တယ်။



## အခန်း (၆)

သူမတို့နှစ်ဖွဲ့က ကဲန်တင်းမှာ အတူတူပဲထိုင်ဖြစ်ကြ တယ်။ မနေ့က ထီးငှားလိုက်တာကို သာယာတို့ကမေးတော့ သူမက အသိတစ်ယောက်ထီးမပါလို့ သွားပေးတာလို့ပဲ ပြော ထားတာဖြစ်ပြီး အဲဒီအသိဟာ မိုးစက်ကိုပါဆိုတာကိုတော့ သူမက ချန်ထားတာပါ။ အခုမှ မိုးစက်ကိုမှန်းသိတဲ့ သာယာနဲ့ စိမ့်စမ်းတို့က သူမခြေထောက်ကို ခုံအောက်ကနေ ခပ်နာနာ ထေး လာနင်းသွားကြတယ်။ ဟန်နီကတော့ မိုးစက်ကိုနဲ့ ခင်ခွင့်ရ ပြီဆိုတဲ့အသိနဲ့ လုံးဝကို အပြုံးမပျက်ပါ။

“ဒါ. . . ဟန်နီ့သူငယ်ချင်းတွေလေ၊ သူက သာယာ၊ သူက စိမ့်စမ်းတဲ့”

“သြော. . . ဟုတ်ကဲ့၊ ကျွန်တော့်နာမည်က မိုးစက်ကို ပါ၊ သူကတော့ ပြည်စိုးတဲ့၊ ဒီမှာနော်၊ မနေ့က ငှားပေး လိုက်တဲ့ထီး၊ ကျေးဇူးလည်းတင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ရုံပဲလား"

ဟန်နီ့စကားကြောင့် သူက ကြောင်တောင်တောင်ဖြစ်သွားရပုံမျိုးနဲ့. . .

"ဗျာ!"

တဲ့။ သူမက အဲဒီပုံကိုကြည့်ကာ အားရပါးရတစ်ချက်ပြုံးလိုက်ပြီးမှ. . .

"ဒီဝိုင်းလေးကို မရှင်းချင်ဘူးလားလို့ပါ. . . အဟင်း"

သူမစကားအဆုံး တစ်ဝိုင်းလုံး ဝိုးလို့အော်ကာ ပွဲကျသွားကြတယ်။

"ဩော်. . . ဟော်ဟော်၊ ရှင်းပါမယ်ဗျာ၊ ရှင်းပါတယ်၊ မှာပါ၊ ကြိုက်တာမှာပါ၊ ကျွန်တော်ရှင်းပါ့မယ်"

"တကယ်နော်၊ ဒါဆို အားမနာတော့ဘူး"

"ဟုတ်. . . မှာပါ"

အစားအသောက်ဆိုရင် ဘာလာလာဆွဲသလို ကိုယ်ပိုက်ဆံမကုန်ရဘူးဆိုရင် ဗိုက်ရိုက်စားတတ်တဲ့ သူမတို့သုံးယောက်က စားပွဲထိုးလေးကိုခေါ်ကာ အစားအသောက်တွေ မှာကြတယ်။ သူကတော့ သူမတို့သုံးယောက်ဗရုတ်ကျနေတာကိုကြည့်ကာ ပြုံးလို့။



# လက်ခုပ်ထဲက မိုးစေရက်များ

အဲဒီလို အစားအသောက်တွေမှာအပြီးမှာတင်ပဲ သူမတို့ဝိုင်းဆီကို ကောင်မလေးတစ်ယောက်က ရောက်လာခဲ့တာဖြစ်ပါတယ်။

"မိုးစက်. . ."

သူအပါအဝင် အားလုံးရဲ့အကြည့်တွေက ကောင်မလေးဆီကိုရောက်သွားကြတယ်။ ကောင်မလေးကိုအတွေ့မှာ မိုးစက်ရဲ့မျက်လုံးတွေက တောက်ပသွားတာကို ဟန်နီက တွေ့ဖြစ်အောင် တွေ့လိုက်ပါသေးတယ်။

"ဟာ. . . သခင်၊ လာလေ. . . ထိုင်"

ကောင်မလေးက မိုးစက်ဘေးက လွတ်နေတဲ့ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ကာ. . .

"ဘာတွေ သဘောကျနေကြတာလဲ"

"ဩော်. . . ဒီလိုပါပဲ၊ သခင်တစ်ခုခုမှာလေ၊ ဘာစားမလဲ"

"မစားတော့ဘူး၊ အအေးပဲ သောက်မယ်"

"အိုခေ. . . ထုံးစံအတိုင်း လိမ္မော်ပဲမဟုတ်လား"

"အင်း. . ."

မိုးစက်က စားပွဲထိုးလေးကိုလှမ်းခေါ်ကာ လိမ္မော်တစ်လုံး မှာလိုက်တယ်။ ပြီးတော့မှ ဟန်နီတို့သုံးယောက်ကို ဝေ့ဝဲကြည့်လာကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးရဦးမယ် သခင်နဲ့ သခင်. . . ဒါကိုယ့် သူငယ်ချင်းတွေဆိုပါတော့၊ ခင်တာသိပ်မကြာသေးဘူး၊ သူက ဟန်နီမိုးကျော်တဲ့၊ သူက သာယာ၊ သူက စိမ့်စမ်း၊ အားလုံးပဲ မှတ်ထားကြပေါ့၊ သူကတော့ မေ့သခင်တဲ့"

စိမ့်စမ်းနဲ့သာယာတို့က ခေါင်းတွေကိုယ်စီသာ ညိတ်ပြလိုက်ကြပေမယ့် ဟန်နီကတော့ မေ့သခင်ကိုပြုံးပြလိုက်ကာ. . .

"ဟုတ်ကဲ့. . . တွေ့ရတာဝမ်းသာပါတယ်"

ဆိုတော့ မေ့သခင်ရဲ့အကြည့်က ဟန်နီ့ဆီကိုပဲ ဝင့်ခနဲ တစ်ချက်ရောက်လာကာ မရယ်မပြုံး ခပ်တည်တည်မျက်နှာပေးနဲ့ပဲ. . .

"ဟုတ်ကဲ့. . . me too"

ဟန်နီ့ကိုကြည့်တဲ့ မေ့သခင်ရဲ့အကြည့်တွေက တစ်မျိုးပါပဲ၊ တစ်ခုခုကို မနှစ်မြို့သလိုလို၊ ပြီးတော့ စကားဝိုင်းက ခဏလေး တိတ်ဆိတ်သွားရတယ်။

စားပွဲထိုးလေးက အအေးတစ်လုံး လာချပေးတယ်။ မေ့သခင်က အအေးကို ပိုက်ကတဆင့် တစ်ငုံသောက်လိုက်ပြီးမှ. . .





"ဩော. . . တစ်ယောက်နဲ့တစ်ယောက်မိတ်ဆက်နေတာနဲ့ပဲ လာရင်းကိစ္စကိုမေ့နေတယ်၊ မိုးစက်. . . သခင်နဲ့ ခဏလိုက်ခဲ့ပေး"

"ဘယ်သွားမလို့လဲ"

"ကျောင်းသားရေးရာကို သွားရမှာ၊ တစ်ယောက်တည်းဆိုတော့ ကြောင်တောင်တောင်ဖြစ်နေလို့"

"အိုခေလေ. . . သွားတာပေါ့"

"သွားတာပေါ့ဆို ထတော့၊ အခုသွားရမှာ"

"အာ. . . ချက်ချင်းကြီးလား"

"အင်းပါဆို၊ သွားမယ်ကွာ၊ ထတော့"

"အော်. . . အင်းအင်း"

မိုးစက်ကိုက မေ့သခင်ကိုလည်းပြော ဟန်နီတို့ဘက်ကိုလည်း အားနာသလို တစ်ချက်ကြည့်လာကာ. . .

"ဟို. . . အားတော့နာတယ်ဗျာ၊ သူနဲ့လိုက်သွားပေးလိုက်ဦးမယ်၊ နောက်မှထပ်ဆုံကြတာပေါ့နော"

လို့ဆိုလာတော့ ဟန်နီက တစ်ချက်ပြုံးလိုက်ကာ ဘာမှမဖြစ်သလိုနဲ့ ပြန်ပြောရတယ်။

"ဩော. . . ရပါတယ်၊ သွားပါ၊ သွားပါ၊ ဟန်နီတို့က

www.burmeseclassic.com



ဒီလိုပဲ ကဲန်တင်းမှာ တစ်လကိုးသီတင်းထိုင်နေကြ

သူမစကားအဆုံး သူက ကျေးဇူးတင်ပါတယ်ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်လာတယ်။ ပြီးနောက် ပြည်စိုးဘက်ကိုလှည့်လိုက်ကာ. . .

"သားကြီး. . . ငါလိုက်သွားလိုက်ဦးမယ်၊ ဒီဝိုင်းကို ခဏရှင်းပေးထားလိုက်ဦးကွာလား၊ ငါပြီးမှပြန်လာမယ် မင်းကို"

"အေးပါ. . . ရတယ်၊ လစ်လစ်"

ထွက်ခွာသွားတဲ့ မိုးစက်ကိုတို့နှစ်ယောက်နောက်ကို လိုက်ကြည့်နေမိကာ ဟန်နီ့စိတ်ထဲမှာ ဘယ်လိုကြီးမှန်းမသိ၊ ဝမ်းနည်းလာတာလိုလို၊ တစ်ခုခုကို နှမြောသွားတာလိုလို။

"အဟင်း. . . အဲဒီနှစ်ယောက်က ဘာညာဘာညာလေ"

ပြည်စိုးဆီက ထွက်လာတဲ့ စကားသံက နားထဲမှာ မသဲကွဲ။ ဟင့်အင်း. . . မဟုတ်ဘူး။ ဟန်နီသေချာကြားလိုက်ပါတယ်။ ဒါပေမယ့် နားတွေက မကြားချင်ယောင်ဆောင်လိုက်တာများလား။

"ရှင်. . ."

"ဪ. . . သူတို့က ဘာညာဘာညာလို့ပြောတာ၊ သိ



# လက်ခုပ်ထဲက မိုးရေစက်များ

တယ်မလား"

"ဪ. . ."

သူမ အဲဒီလောက်ပဲ တုန့်ပြန်ဖြစ်လိုက်တယ်။ ရင်ထဲမှာ တစ်ခုခု သေသွားသလိုလိုပါပဲ။ ဘယ်လိုခံစားချက်ကြီးပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com





အခန်းထဲက ခုတင်ပေါ်မှာ လှဲလျှက်နေမိတယ်။ အခုအချိန်ထိ လုံးဝအိပ်လို့မရသေး။ ရင်ထဲမှာ အလိုမကျမှု၊ ဝမ်းနည်းနာကျင်ရမှုတွေက ပြေးလွှားလှည့်လည်ကာ တယ်လီဆိုင်းဇီရဲ့ "အချစ်အတွက်ကံမကောင်းခဲ့သူ" သီချင်းကိုပဲ ထပ်ကာထပ်ကာ အောင့်နေမိတယ်။

"မိုးရေတွေစိုနေတဲ့ မင်းလေးကို×××ဝါခွဲလမ်းလို့×××
မင်းအကြည့်နဲ့ မင်းအသံလေးကြောင့်××× ခဏလေး
အတွင်းကို ×××ငါချစ်မိခဲ့×××နောက်ကျမှ သိခွင့်ရတဲ့
မင်းအကြောင်းတွေကြောင့် ဝါဝမ်းနည်းနေ×××မင်းမှာ
အသက်ထက်ချစ်ရမယ့်သူ×××ရှိပြီးသားတဲ့×××"

သီချင်းက ဘာ့ကြောင့်များ သူမနဲ့ ဖဲဒီလောက်တောင် တိုက်ဆိုင်ရတာတဲ့လဲ။ ဘာ့ကြောင့် သူမဟာလည်း ဒီသီချင်းထဲကလို



www.burmeseclassic.com

အချစ်မှာ ကံမကောင်းခဲ့ရတာလဲ။ သူမနှလုံးသားကရော ဘာ့ကြောင့်များ ပိုင်ရှင်ရှိနေတဲ့ ယောကျ်ားတစ်ယောက်ကိုမှ ချစ်မိသွားရတာတဲ့လဲ။

"ငါကျရှုံးခဲ့ပြီပဲ×××ချစ်ခဲ့မိတာ ငါမှားလားကွာ××× ဖုန်းဆက်လည်း မပြောချင်ဘူးလား×××မင်းအတွက်ငါ အရှုပ်ထုပ်ပဲလား××× မေ့ပျောက်ဖို့ကြိုးစားလည်းကွာ ×××ဘယ်လိုမှ ငါမေ့မရပါ×××အရှုံးနဲ့အမုန်း ငါ့အတွက်ပဲလား ××× အချစ်အတွက် ကံမကောင်းခဲ့သူပါ×××"

မဖြစ်သင့်ဘူး။ လုံးဝမဖြစ်သင့်ပါဘူး လောကကြီးရယ်၊ သူ့မှာချစ်သူရှိနေရဲ့သားနဲ့ ဘာဖြစ်လို့များ မိမိနှလုံးသားကို သူ့ရှေ့မှာ ဒူးထောက်စေခဲ့တာလဲ။

အခုတော့ နောက်ထပ်ရောက်လာဦးမယ့် မနက်ဖြန်တိုင်းမှာ ဘာတွေကိုများ ထပ်မျှော်လင့်နိုင်ဦးတော့မှာလဲ။ အဲဒီလောက်တော့ ကျွန်မကို မကျီစယ်သင့်ပါဘူး မြားနတ်မောင်ရယ်။



မိုးစက်နဲ့ ပြည့်စိုးတို့ ကန်တင်းကိုရောက်သွားတော့ ကန်တင်းမှာ စိမ့်စမ်းနဲ့သာယာတို့ကိုသာ တွေ့ရပြီး ဟန်နီမိုးကျော်ကို တွေ့ရဘူး။

ဒါနဲ့ သူတို့က မေးကြည့်ကြတယ်။

"ဒီနေ့ ဟန်နီမိုးကျော်မလာဘူးလား ကျောင်းကို"

ဆိုတော့ စိမ့်စမ်းက ခေါင်းတစ်ချက်ညိတ်ပြလာရင်း. . .

"ဟုတ်တယ်၊ မလာဘူး"

"ဘာလို့လဲဗျာ"

"မသိဘူး၊ ဖုန်းခေါ်တော့လည်း သူ့ဖုန်းက စက်ပိတ်ထားတယ်တဲ့"

"ဩော်. . ."



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

မိုးစက်ကိုက "ဩော်" ဆိုတဲ့ မှတ်ချက်တစ်ခုနဲ့တင် ပြီးသွားပေမယ့် သူမတို့ကတော့ မပြီးလိုက်နိုင်ပါ။ ဟန်နီဘာလို့ ကျောင်းမလာလဲဆိုတာကို သူမတို့ရိပ်မိနေသလိုပါပင်။ အဲဒါကြောင့် ဒီနေ့ တစ်ရက်တော့ လွှတ်ထားပေးလိုက်ကာ မနက်ဖြန်မှ သူမအိမ်ကို လိုက်သွားဖို့ ဆုံးဖြတ်ထားကြတာဖြစ်ပါတယ်။



နောက်တစ်နေ့ ဟန်နီ့အိမ်ကို သာယာတို့ရောက်သွားတော့ ဟန်နီ့ကို အိမ်ရှေ့မြက်ခင်းအစပ်က ဒန်းစင်ပေါ်မှာ စာအုပ်တစ်အုပ်နှင့် ငြိမ့်နေတာကို တွေ့လိုက်ရတယ်။

သူမတို့ကို မြင်တော့ ဟန်နီက ဖတ်နေတဲ့စာအုပ်ကိုချလိုက်ရင်းက. . .

"ထင်သားပဲ၊ နင်တို့ရောက်လာမယ်ဆိုတာ"

"လာရတာပေါ့အေ၊ ညည်းက စာမလာ သတင်းမကြားလုပ်နေတာကိုး"

"မိန်းမ. . . ပြောစမ်း၊ မနေ့က ဘာလို့ ကျောင်းမလာတာလဲ"

စိမ့်စမ်းစကားအဆုံး ဟန်နီက ပေါ့ပေါ့ပါးပါးဟန်မျိုးနဲ့ တစ်ချက်ပြုံးလိုက်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါပဲဟာ၊ ဘာရယ်တော့မဟုတ်ပါဘူး"

"ငါတို့သိပါတယ်နော်၊ နင်အသည်းကွဲနေတာ မဟုတ်လား"

စိမ့်စမ်းရဲ့စကားက ဟန်နီ့ကို ဆတ်ခနဲဖြစ်သွားစေတယ်။ ဒါပေမယ့် ဟန်နီဘာမှ ပြန်မပြောဖြစ်လိုက်။

ဟန်နီက ငြိမ်နေတော့ စိမ့်စမ်းဆီက စကားသံ ဆက်ထွက်လာတယ်။

"ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းတစ်မျိုးတဲ့၊ သေချာပါပြီ၊ နင်. . . မိုးစက်ကိုနဲ့ပတ်သက်ပြီး ခံစားနေရတာ မဟုတ်လား၊ ငါတို့ရိပ်မိပါတယ်၊ ငါတို့မေးတုန်းကတော့ ဘူးခံငြင်းနေပြီးတော့. . ."

ဟန်နီက စိတ်ညစ်ညူးသလိုနဲ့ သက်ပြင်းတစ်ချက်ကို မှုတ် ထုတ်လိုက်တယ်။ ပြီးမှ တစ်ခွန်းချင်းပြောလိုက်တယ်။

"ငါအသည်းမကွဲပါဘူးဟာ"

ဟန်နီ့စကားအဆုံး သာယာနဲ့ စိမ့်စမ်းဆီက မယုံသင်္ကာ အကြည့်တွေ ရောက်လာကြတယ်။

"အဟင်း. . . ဟုတ်တယ်၊ ငါ တကယ် မသည်းမကွဲဘူး"

ဒါကိုလည်း သာယာတို့က ယုံချင်ကြဟန်မပြသေး။ ဟန်နီ့မျက်နှာက အဲဒီလောက်တောင်ပဲ ပြိုပျက်နေလို့လား။





"နင်တို့ နားမလည်ဘူးထင်တယ်၊ ငါရှင်းပြမယ်၊ ဒီလိုဟာ၊ ငါနဲ့မိုးစက်ကိုနဲ့က ဘာမှမှ မသက်ဆိုင်တာ၊ အဲဒီတော့ သူ့မှာ ချစ်သူရည်းစားရှိနေတာနဲ့ ပတ်သက်ပြီးတော့ ငါ့မှာ အသည်းကွဲတာတွေ ဘာတွေမရှိဘူး၊ ပြောရရင် အဲလိုအသည်းကွဲတယ်လို့ ပြောလို့မရဘူးပေါ့ဟာ၊ ဒါပေမယ့် ခံစားရတာတော့ ဖာမှန်ပဲဟာ၊ ငါ သူ့ကိုမချစ်ဘူး. . . စိတ်ဝင်စားရုံသက်သက်ပဲလို့ ထင်နေခဲ့တာ၊ သူ့မှာ ချစ်သူရှိနေတယ်ဆိုတာကို သိလိုက်ရတော့မှ ငါသူ့ကိုချစ်နေပါလားဆိုတာကို ထိတ်လန့်တကြား သိလိုက်ရတာ၊ ဘာတတ်နိုင်မှာလဲ၊ ကိုယ့်နှလုံးသားရဲ့ ကံကြမ္မာပဲပေါ့၊ ဒါပေမယ့် သေချာပါတယ်၊ ဒါက ခံစားရရုံအဆင့်ပါပဲ၊ ငါအသည်းမကွဲပါဘူး"

ဟန်နီ့စကားအဆုံး စိမ့်စမ်းနဲ့သာယာတို့က ခေါင်းတညိတ်ညိတ်လုပ်ကြတယ်။

"ကဲ. . . ထားလိုက်တော့ဟာ၊ အသည်းမကွဲဘူးဆိုရင်လည်း ပြီးတာပါပဲ၊ စိတ်ညစ်နေရင်လည်း ပျော်စရာရှာပြီး လျှော်ပစ်လိုက်ရအောင်၊ ဒီတော့ ငါတို့ ဈေးလျှောက်ဝယ်ကြရအောင်လေ၊ မကောင်းဘူးလား"

"ကောင်းသားပဲ၊ ဘယ်သွားကြမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"တာမွေမှာ အသစ်ဖွင့်ထားတဲ့ Ocean ကိုသွားကြမ
လေ၊ မကောင်းဘူးလား၊ ငါတို့တွေ အဲဒီကိုတစ်
ခေါက်ပဲ ရောက်သေးတာလေ၊ သွားတုန်းကလည်း ဖွင့်
ကာစဆိုတော့ ဆိုင်ခန်းတွေလည်း ဘာမှမှမရှိသေးတာ
ခုတော့ ဆိုင်ခန်းတွေ စုံလောက်ပြီထင်တယ်၊ အဲဒီကို
သွားရအောင်"

"အိုခေ. . . ဒါဆိုလည်း လိမ့်မယ်လေ"

သုံးယောက်သား ထိုင်ရာက ထလိုက်ကြတယ်။ အပေါ်
အသင်းဆိုတာ ဒါပါပဲ။ ဘယ်လောက်ပဲစိတ်ညစ်စရာရှိရှိ
အပေါင်းအသင်းကောင်းရင် အဲဒီစိတ်ညစ်စရာဟာ ခဏလေး
ထွက်ပြေးရတာပါပဲ။ ဘော်ဒါမကောင်း သူကောင်းမဖြစ်ဆိုတဲ့
သီချင်းတောင် ရှိသေးတာပဲ မဟုတ်ပါလား။



သူမတို့သုံးယောက်သားက ဝယ်တာမဝယ်တာ အသာ
ထား၊ ဆိုင်တကာစေ့အောင်တော့ Ocean ထဲမှာ ပတ်ကြတယ်။
သုံးနာရီလောက်ကြာအောင် ပတ်ပြီးကျတဲ့အခါမှာတော့
အားလုံးလည်း ခြေတိုကုန်ကြပြီ။ ဒီတော့မှ ဗိုက်ဆာတာကို သတိ
ကြကာ ဗိုက်ဖြည့်ဖို့အတွက် အောက်ထပ်က အစားအသောက်
ဆိုင်တန်းတွေရှိရာကို ပြန်ဆင်းလာခဲ့လိုက်ကြကာ YKKO မှာ
ကြေးအိုးဝင်ဆွဲကြတယ်။ သုံးယောက်သားက ကြေးအိုးသရဲတွေ
ဆိုတော့ ဒီနေရာမှာလည်း တက်ညီလက်ညီပါးစပ်ညီပါပဲ။

ကြေးအိုးပူပူကို မှုတ်သောက်လိုက်၊ YKKO ကလွတ်
ပေးထားတဲ့ wifi free လေးကိုသုံးလိုက်နဲ့ ခုတော့လည်း လောက
ကြီးက သာသာယာယာပါပဲ။

"ဟဲ့. . . မလေးရှားမှာ ဝေလယာဉ်နောက်တစ်စီးပျောက်
ကျပြန်ပြီဆို ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“အေးလေ၊ မသိသေးဘူးလား၊ MH 17 တဲ့”

“ဟုတ်လား၊ ကြားပဲကြားတာဟဲ့ သေချာမသိသေးဘူး MH 370 ပျက်ကျပြီးတာမှ ဘာကြာသေးလို့လဲ”

“MH 17 က ပျက်ကျတာမဟုတ်ဘူး၊ ပစ်ချခံရတာလို့ ပြောတာပဲ”

“တကယ်! ”

“အင်း”

“စိတ်မကောင်းလိုက်တာဟယ်၊ လူတွေလည်း ကိုယ်ချင်းစာစိတ်မရှိတော့ဘူးလားမသိပါဘူး၊ အဲဒီအကြောင်းဘယ်မှာ ဖတ်လို့ရလဲ ပြည့်ပြည့်စုံစုံ”

“ နင် Facebook ဖွင့်ထားတာမဟုတ်လား၊ Yo Yar Lay ကိုဝင်ကြည့်လိုက်၊ တွေ့လိမ့်မယ်”

ဟန်နီ့စကားအဆုံး သာယာက သူမဖုန်းကို စိတ်ဝင်တစားနဲ့ ပွတ်နေပြန်တော့တယ်။ စိမ့်စမ်းကတော့ လေယာဉ်ပေါ်မှာပါသွားတဲ့ လူတွေရဲ့အဖြစ်ကိုတွေးမိလိုက်ဟန်နဲ့ ကြက်သီးထသလို ပခုံးတစ်ချက်တွန့်လိုက်ပြီးမှ. . .

“ငါတော့ လေယာဉ်စီးရမှာတောင် ကြောက်နေပြီ၊ တကယ်”





“ဟင်း. . . နင်ကသာ လေယာဉ်စီးရမှာကြောက်နေ၊ မကြောက်တဲ့သူတွေများကျပြန်တော့လည်း လကမ္ဘာပေါ်ကိုတောင် ဟန်းနီးမွန်းထွက်မလို့ပါတဲ့ဆို”

“ဓအေးဟယ်. . . အဲဒီကော်ဖီမစ်ထုပ်နှယ်၊ သတ္တိကတော့ လေးစားလောက်ပါတယ်”

သုံးယောက်သား ပွဲကျသွားကြတယ်။ ဒီအချိန်မှာပဲ သာသာက တစ်စုံတစ်ခုကိုမြင်လိုက်ဟန်နဲ့ လှုပ်လှုပ်ရှရှဖြစ်သွားသာ. .

“ဟဲ့. . . ဟဲ့. . . ဟန်နီ၊ ဟိုဟာ မေ့သခင်မဟုတ်လား”

သာယာ့စကားကြောင့် ဟန်နီနဲ့ စိမ့်စမ်းရဲ့အကြည့်က သာယာကြည့်နေရာဆီကို လိုက်ကြည့်မိကြတော့တယ်။ သာယာကြည့်နေတာက ဟန်နီ့ရဲ့နောက်ဘက်မှာမို့ ဟန်နီက အဲဒီနေရာကို ကျောပေးအနေအထားကနေ လည်ပြန် ပြန်ကြည့်လိုက်စဉ်မှာတော့. . .

“ဟင်!”

သူမတို့ထိုင်နေတဲ့ဆိုင်နဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ သာဂါဆိုင်ထဲကနေ ထွက်လာတဲ့ မေ့သခင်နဲ့ အမျိုးသားတစ်ယောက်။ ဒါပေမယ့် အဲဒါက မထူးဆန်းပါဘူး။ ထူးဆန်းတာက သူတို့ရဲ့ပုံစံပါပဲ။ အမျိုးသားဖြစ်သူက မေ့သခင်ရဲ့ပခုံးကို သိုင်းဖက်



www.burmeseclassic.com

ထားသလို မေ့သခင်ကလည်း အဲဒီအမျိုးသားရဲ့ခါးကို ဖြစ် လည်သိုင်းဖက်ထားတာရယ်ပါ။ အမျိုးသားရဲ့ အသက်အရွယ်က သူမတို့အထင် သုံးဆယ့်ငါးလောက်တော့ ရှိပါလိမ့်မယ်။

ဟန်နီက ဘာကိုမှန်းမသိ အလိုမကျသလို မျက်မှောင် ကုပ်လိုက်မိစဉ်မှာပဲ စိမ့်စမ်းဆီက စကားသံထွက်လာတယ်။

"ဟဲ့. . . အဲဒါက ဘယ်လိုကြီးလဲ"

"မသိဘူးလေ"

မေ့သခင်ကတော့ သူ့အာရုံနဲ့သူဆိုတော့ သူမတို့ကို မမြင်။ သူမတို့ကတော့ မေ့သခင်တို့နှစ်ယောက် သူမတို့ရဲ့ ကွယ်ရာကို ရောက်သွားတဲ့အထိ လိုက်ကြည့်နေမိကြတယ်။

"သူငယ်ချင်းတော့ မဖြစ်နိုင်ဘူး"

"မောင်နှမတွေများလား"

စိမ့်စမ်းနဲ့သာယာတို့ရဲ့ စကားတွေကို ဟန်နီက တွေ တွေးဆဆနဲ့ ခေါင်းခါငြင်းဆန်လိုက်ရင်းက. . .

"မဖြစ်နိုင်ဘူး၊ ဘယ်မောင်နှမတွေက အဲဒီလိုပုံစံမျိုးနဲ့ သွားလာမှာလဲ၊ ကလေးအရွယ်တွေလည်း မဟုတ် တော့ဘူး"

"ဒါဆို. . ."





"ဟုတ်တယ်. . . သူတို့နှစ်ယောက်က သေချာပေါက် အတွဲပဲ"

စိမ့်စမ်းက မျက်နှာကို တမင်တကာ ရှုံ့မဲ့ပစ်လိုက်ရင်းက ဆိုတယ်။

"ဟင်. . . ဒါဆို မေ့သခင်က ဘယ်လိုကြီးလဲ၊ လှေနှစ် ဖက်နင်းနေတာလား၊ ဒါကို မိုးစက်ကိုကရော မသိဘူး တဲ့လား"

သာယာက ခေါင်းတစ်ချက်ခါယမ်းလိုက်ရင်း. . .

"မသိလို့နေမှာပေါ့ဟဲ့"

ဆိုတော့ ဟန်နီက ရင်နာနာနဲ့ ဝင်ပြောလိုက်တယ်။

"မသိရင် သိအောင်လုပ်ရမယ်လေ"

ဟန်နီ့စကားကြောင့် သာယာနဲ့စိမ့်စမ်းရဲ့အကြည့်တွေ က ဟန်နီ့ဆီကို ရောက်လာတော့တယ်။ သာယာက တွေးတွေး ဆဆဟန်နဲ့. . .

"ဟဲ့. . . သူများကိစ္စကို ကောင်းပါ့မလား"

"အေးလေ၊ တော်ကြာ ငါတို့ပါ သူတို့ပြဿနာတွေထဲ ကြားညပ်နေဦးမယ်"

"ဘာလို့မကောင်းရမှာလဲ၊ လုပ်ကိုလုပ်ရမယ်၊ ငါ ဒီလို ပြောလို့ နင်တို့ငါ့ကို တလွဲမထင်နဲ့နော်၊ ဒီလိုလုပ်ဖို့ပြော

www.burmeseclassic.com



တာကလည်း မိုးစက်ကိုကို ငါမရလို့ ပြောတာမဟုတ်ဘူး နင်တို့ပဲ စဉ်းစားကြည့်ဟာ၊ တစ်နေ့က နင်တို့လည်း သူတို့နှစ်ယောက်ကို ကန်တင်းမှာတွဲလျက်တွေ့ထားပြီး သားပါ၊ မိုးစက်ကိုက မေ့သခင်ဆီမှာ တော်တော်ယော ကို ပျော်ဝင်နေတာဟ၊ တော်တော်လည်း ချစ်ပုံရတယ် မိုးစက်ကိုရဲ့ဘဝက မေ့သခင်ရဲ့ စကားတစ်ခွန်းပဲဆိုတာ လိုမျိုး၊ ဟုတ်တယ်နော်၊ အဲဒီလောက် မိုးစက်ကိုက ချစ် ထားတာတောင် မေ့သခင်က သစ္စာမစောင့်ဘဲ နောက် တစ်ယောက် ထပ်ထားထားသေးတယ်ဆိုတာကြီးက ဖြစ်သင့်လို့လား၊ မိုးစက်ကိုအတွက် မတရားရာ ကျမနေ ဘူးလား၊ ခုနကနှစ်ယောက်သာ အတွဲဆိုတာသေချာ ရင် မိုးစက်ကိုရဲ့အချစ်နဲ့ မေ့သခင်ဟာ လုံးဝမတန်ဘူး ဟာ၊ ငါလက်လှမ်းလို့မမီတဲ့ အချစ်တစ်ခုကို အဲဒီထို နှံ့နစ်နေမယ့်အဖြစ်မျိုးကြီးနဲ့တော့ မမြင်ချင်ဘူး၊ အခြား ထိုက်တန်တဲ့ မိန်းကလေးတစ်ယောက်ယောက်ရဲ့ လက်ထဲ မှာပဲ မြင်ချင်တယ်၊ အဲဒီအတွက် ဒီကိစ္စကို မိုးစက်ကို သိကိုသိသင့်တယ်၊ သိအောင်လည်း လုပ်ရမယ်"

"အင်း. . . နင်ပြောတာလည်း ဟုတ်တာပဲ၊ ဒါပေမယ့် မေ့သခင်က ငါတို့ကို ပြဿနာလာရှာရင် ဘယ်လိုလုပ် မလဲ၊ အသားလွတ်ကြီး ငါတို့ကို မုန်းသွားမှာနော်"





"ဒါကတော့ ငါတို့ ပညာသားပါပါလုပ်ရမှာပေါ့၊ မေ့သခင်မှာ အခြားတစ်ယောက် ရှိသေးတယ်ဆိုတာကို မိုးစက်ကိုလည်းသိသွားအောင် ငါတို့ပြောတဲ့အဖြစ်ဆိုတာကြီးကိုလည်း မပေါ်လွင်ရလေအောင် တစ်ဖက်လှည့်နဲ့ အသိပေးရမှာပေါ့"

နောက်တော့ သုံးယောက်သားက မိုးစက်ကိုရဲ့ကိစ္စကို ခေါင်းထဲက ခဏထုတ်ထားလိုက်ကြကာ အင်တာနက်ပေါ်ကို ပြန်ရောက်သွားကြတယ်။

အချစ်ဆိုတာကြီးက တချို့လူတွေအတွက် သိပ်ကိုမြင့်မြတ်ခမ်းနားကြီးကျယ်နေသလောက် တချို့တွေအတွက်ကျပြန်တော့လည်း ကလေးကစားစရာသာသာလောက်သာ သဘောထားနေကြတာ ရင်နာစရာမကောင်းပေဘူးလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

နောက်နေ့ရောက်တော့ သူမတို့သုံးယောက်သားက ...န်တင်းမှာ မိုးစက်ကိုနဲ့ မေ့သခင်တို့ အတူတွဲပြီးလာထိုင်မယ့် ...ချိန်ကိုပဲ ကျွားချောင်းချောင်းနေလိုက်ကြတယ်။ ဒီလိုနဲ့ ...သည်နှစ်နာရီ အတန်းခဏအားချိန်မှာတော့ သူမတို့မျှော်နေ... မိုးစက်ကိုနဲ့မေ့သခင်ကို ကန်တင်းရှိရာဆီ ထွက်သွားတာကို ...လိုက်ကြတာနဲ့ သူမတို့က ခဏလောက်စောင့်နေလိုက်ပြီးမှ ...န်တင်းရှိရာဆီကိုပဲ ထွက်လာခဲ့လိုက်ကြတယ်။

ကန်တင်းကိုရောက်တော့ မိုးစက်ကိုနဲ့မေ့သခင်ကို ...ပြုံးပြုံးနဲ့ စကားတွတ်ထိုးနေတာကို တွေ့လိုက်ကြရတယ်။ ...ဘျေးမှုအရဆိုရင်တော့ သူမတို့က အဲဒီအတွဲသာယာနေ ...တို ရှောင်ကွင်းကာ တခြားဝိုင်းမှာ အလိုက်တသိ သွားထိုင် ...မှာဖြစ်ပေမယ့်လို့ သူမတို့ကတော့ ရည်ရွယ်ချက်ရှိရှိလာကြ ...ဆိုတော့ အဲဒီဝိုင်းဆီကိုပဲ တန်းတန်းမတ်မတ်လျှောက်လာ ...ကြရင်းက. . .

www.burmeseclassic.com



"ဟဲ့. . . ဒီမှာ ဒကာတွေ့ပြီဟဲ့"

"အေး. . . အကိုက်ပဲ"

ဆိုပြီး စကားရောဖောရောနဲ့ ဝင်လုံးလိုက်တယ်ဆိုရ

မိုးစက်ကိုက သူမတို့ကိုမော့ကြည့်လာရင်းက. . .

"အော. . . ဟန်နီတို့ပါလား၊ ထိုင်လေဗျာ"

လို့ဆိုလာတယ်။ သူမတို့က ထိုင်ခုံအသီးသီးမှာ ဝင်ထို

လိုက်ကြရင်းက. . .

"အဟင်း. . . အနှောက်အယှက်တော့မဖြစ်ပါဘူးနော်

ဟန်နီ့အမေးစကားအဆုံး မိုးစက်ကိုက တစ်ချက်ရှ

သွားဟန်နဲ့ ခေါင်းကုတ်ပြုံးလိုက်ရင်းက ဆိုတယ်။

"အာ. . . မဖြစ်ပါဘူးဗျာ၊ မဖြစ်ပါဘူး၊ ပြီးတော

ကျွန်တော်ကျွေးပါ့မယ်၊ စားချင်တာသာ မှာကြပါ"

"နောက်တာပါရှင်၊ တွေ့တိုင်းကျွေးနေရင် အားနာစ

ကြီး၊ ဟန်နီတို့ဘာသာ ရှင်းပါ့မယ်"

ပြောပြီး သူမတို့က ဝိတ်တာလေးကိုခေါ်ကာ စားသော

စရာတွေ မှာလိုက်ကြတယ်။

သူမတို့လာထိုင်တာကို မေ့သခင်က သိပ်တော့သဘော

မကျသလိုခံစားမိလိုက်ပေမယ့် သူမတို့သုံးယောက်ကတော

ဘာမှမဖြစ်တဲ့ပုံစံ၊ ဘာမှမသိတဲ့ပုံစံနဲ့ လုံးဝကိုပဲ ပလိန်းအော





သားလိုက်ကြတယ်။ သူမတို့စားသောက်စရာတွေ မှာအပြီး

တော့ မိုးစက်ကိုက ဟန်နီ့ဆီကို ဦးတည်ကြည့်လာရင်း

. . .

"တစ်နေ့က ကျောင်းမတက်ဘူးနော်၊ နေမကောင်းလို့

လား"

တဲ့။ ဟန်နီက တစ်ချက်ပြုံးလိုက်ရင်းက. . .

"အြော်. . . မဟုတ်ပါဘူး၊ အလုပ်ကိစ္စလေးတစ်ခု

ရှိလို့ပါ"

"အြော်. . . ဟုတ်"

မိုးစက်ကိုက အဲဒီလောက်သာပြောပြီး ဘာပြောရမှန်း

သိတော့ဟန်နဲ့ စကားစပြတ်သွားပေမယ့် ဟန်နီကတော့

သခင်ကို ဦးတည်ကြည့်လိုက်ရင်းက (မျက်နှာကိုလည်း နှစ်လို

ဖြစ်အောင် အချိုဆုံးပြုံးထားလိုက်ရင်း). . .

"မေ့သခင်ကိုတောင်မှ မနေ့က ကျွန်မတို့ Ocean မှာ

တွေ့လိုက်သေးတယ်"

ဆိုတော့ မေ့သခင်ရဲ့မျက်နှာက တစ်ချက် ကွက်ခနဲ

သွားတယ်။ ဒါပေမယ့် ခဏလေးပါပဲ။ မေ့သခင်မျက်နှာက

တဲ့တည်ပုံစံကို ချက်ချင်းပြောင်းသွားကာ. . .

"ရှင်. . . ဟုတ်. . . ဟုတ်လား"



www.burmeseclassic.com

# ရာခင်ကို

"အင်း. . . လှမ်းခေါ်တာကို မကြားဘူးလေ၊ ပြီးတော့ ဘေးမှာကလည်း လူတစ်ယောက်ရှိနေတာနဲ့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ဆက်မခေါ်တော့တာ"

ပြောပြီး ဟန်နီက မေသခင်ရဲ့ မျက်နှာရိပ်မျက်နှာကဲကို မလွတ်တမ်း အသာအကဲခတ်နေလိုက်တယ်။ မေသခင်ရဲ့ မျက်နှာက မည်းခနဲဖြစ်သွားပြန်တယ်။ ဒါကို မိုးစက်ကိုကတော့ လုံးဝကိုပဲ မရိပ်မိဟန်ပါပဲ။ သူမတို့ကသာ ကိစ္စကြီးတစ်ခု သိထားသူတွေမို့ အဲဒီအခံရှိတဲ့ မျက်လုံးနဲ့ကြည့်နေတော့ ရိပ်မိနေတာ။

"ဪ. . . ဟုတ်တယ်၊ အစ်ကို. . . သခင့်ရဲ့ အစ်ကို ဝမ်းကွဲတစ်ယောက်နဲ့လေ၊ ကြားအောင်ခေါ်လိုက်ပါ ရော၊ သခင်က ကိုယ့်အာရုံနဲ့ကိုယ်ဆိုတော့ အဲ ပတ်ဝန်းကျင်ကို သိပ်သတိမထားမိတတ်ဘူး. . . အဟင်း. . . ဆောရီးနော်"

"အာ. . . ရပါတယ်၊ မလိုပါဘူး"

သူမတို့သုံးယောက်က ခုံအောက်ကနေ တစ်ယောက် တစ်ယောက်ခြေထောက်တွေကို အသာတို့လိုက်မိကြတယ်။ အစ်ကိုမဟုတ်တာ အသိသာကြီးကို. . . အစ်ကိုဆိုတော့လည်း အစ်ကိုပေါ့လေ။



# လက်ခုပ်ထက မိုးရေစက်များ

ဒီအချိန်မှာပဲ သူမတို့မှာထားတာတွေကို စားပွဲထိုးလေးက လာချပေးတော့ စကားစက ပြတ်သွားတယ်။ စားပွဲထိုးလေး ပြန်ထွက်သွားစဉ်မှာပဲ မေသခင်က မိုးစက်ကို့ကို ကြည့်လိုက်ရင်း. . .

"သခင်အတန်းရှိသေးတယ်၊ သွားတော့မယ်လေ၊ မိုးစက် နေခဲ့မလား၊ ပြန်လိုက်မလား"

မိုးစက်ကိုက မေသခင်ကိုတစ်လှည့် ဟန်နီတို့သုံးယောက်ကိုတစ်လှည့် ကြည့်လာတယ်။

"ဪ. . . သွားတော့မလို့လား၊ ကိုယ်နေခဲ့လိုက်မယ်လေ၊ ပြည်စိုးနဲ့လည်း ချိန်းထားသေးတာဆိုတော့ သူလာအောင် စောင့်လိုက်ဦးမယ်"

"အိုခေ. . . ဒါဆို သခင်သွားတော့မယ်နော်၊ ခွင့်ပြုပါဦးနော်၊ အတန်းလေးရှိသေးလို့ နောက်မှဆုံကြတာပေါ့"

မေသခင်က မိုးစက်ကို့ကိုလည်းပြော၊ သူမတို့ကိုလည်း တစ်ခါတည်း ဝေ့ဝဲနှုတ်ဆက်တယ်။ ဒီတော့ သူမတို့ကလည်း "ဪ ဟုတ်ကဲ့" တွေ ဘာတွေ လုပ်လိုက်ကြရတယ်။

မေသခင် သူမတို့ဝိုင်းနဲ့ ခပ်လှမ်းလှမ်းရောက်သွားတဲ့ အထိ သူမတို့က လိုက်ကြည့်နေလိုက်ကြပြီးမှ သာယာက အား



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ စကားပိုင်းကို ပေါ့ပေါ့ပါးပါးဖြစ်သွားအောင် စကားဖြန့်တယ်။

"မေ့သခင်က ချောတယ်နော်၊ မိုးစက်က အရွေးတော်သားပဲ. . . ဟဲဟဲ"

သာယာစကားအဆုံး မိုးစက်ကိုက အားရပါးရပြုံးလိုက်ရင်းကနေ နားထင်စပ်ကို လက်ညှိုးလေးနဲ့ တစ်ချက်ကုတ်လိုက်ရင်းကနေ. . .

"ဪ. . . အဟင်း၊ ကျေးဇူး၊ ဒီဝိုင်းကို ကျွန်တော်ရှင်းသင့်နေပြီထင်တယ်"

ပြောပြီး သူကရယ်တော့ သူမတို့ပါ ရောယောင်ကာလိုက်ရယ်ဖြစ်ကြတယ်။ ဒါပေမယ့် ဟန်နီတို့သုံးယောက်ရဲ့ ရယ်သံတွေက အသက်မပါတာ သူမတို့သာ အသိဆုံးပါလေ။

ရှင် သိလား မိုးစက်။ ရှင်. . . ချစ်သူရွေးတာ သိပ်ကိုမှားသွားပြီဆိုတာကိုလေ။ ဒါပေမယ့် အချိန်မီပါသေးတယ်။ နွံနစ်နေတဲ့ ရှင့်အချစ်တွေကို စုံးစုံးမမြုပ်ခင်မှာ ဟန်နီပြန်ဆယ်ပေးမှာပါ။ အဲဒီအချိန် ရှင့်နှလုံးသားက ဆေးတိုးသေးတဲ့ အဆင့်မှာပဲ ရှိနေဖို့တော့ မျှော်လင့်ရတာပါပဲ။



ကန်တင်းမှာ မိုးစက်ကိုနဲ့လမ်းခွဲပြီး သူမတို့အတန်းထဲကိုပြန်ရောက်တော့မှ သူမတို့က ကိုယ်စီကိုယ်စီ ခံစားချက်တွေကိုဖွင့်ထုတ်ကြရတော့တယ်။

"အစ်ကိုဝမ်းကွဲတဲ့ဟဲ့၊ ပြောတတ်လိုက်တာ၊ ဒီလောက်အသိသာကြီးကို"

"အေးနော်. . . ဆရာကြီးအဆင့်ပဲနေမှာ၊ မိုးစက်ကိုကလည်း ညံ့လိုက်တာ၊ ကိုယ့်ရည်းစားတစ်ယောက်လုံး ဝမ်းတူးရိုက်နေတာကို မသိဘူးတဲ့လား၊ သေချာပါတယ်၊ သူ့ပုံစံက ဘာမှမသိတဲ့ပုံစံပါ၊ မေ့သခင်ရဲ့ အချစ်ကိုရထားတယ်ဆိုပြီး သူ့ချစ်သူအတွက် ဂုဏ်ယူနေတဲ့ ရုပ်မျိုးကြီးနဲ့. . ."



www.burmeseclassic.com

www.burmeseclassic.com

မကျေမနပ်ရေရွတ်နေကြတဲ့ စိမ့်စမ်းနဲ့သာယာတို့
ကြည့်ကာ ဟန်နီက သဘောတကျပြုံးလိုက်မိရင်းမှ. . .

"ဒါကတော့ သူက ချစ်နေတဲ့လူကိုးဟ၊ အချစ်ဆိုတာမျိုး
က အရမ်းပမာဏကြီးလွန်းလာတဲ့အခါ မျက်လုံးတွေ
ကန်းသွားစေတယ်လေ "

"အဲဒီတော့ ဘာဆက်လုပ်ကြမလဲ ငါတို့"

"မေ့သခင်ကို စောင့်ကြည့်ပြီး သက်သေအတိအကျ
အောင် ရှာရမှာပေါ့ဟာ"

သူမစကားအဆုံးမှာပဲ အတန်းရဲ့အပြင်ဘက်ဆီမှာ မိုး
ရုတ်တရက်ဆိုသလို ရွာချလာတော့တယ်။ သာယာက အဲဒါ
စိတ်ညစ်ညူးသလိုကြည့်လိုက်ရင်း. . . .

"ဟဲ့. . . မိုးက ရွာလာပြန်ပြီ"

လို့ဆိုတော့ စိမ့်စမ်းကလည်း အလိုမကျသလိုဟန်နဲ့. . .

"အင်း. . . ကျောင်းဆင်းကာနီးရင် အဲလိုချည်းပဲ"

လို့ ဆိုတယ်။ ဟန်နီကတော့ စိတ်မညစ်ပေါင်။ မိုးရွာ
တာက စိတ်ညစ်စရာမှမဟုတ်တာ။ ကမ္ဘာလောကကြီးကို အေး
မှုပေးတဲ့ မိုးရေစက်တွေက သူမအတွက် သိပ်ကိုချစ်စရာကောင်း
တဲ့ အရာပါ။



# လက်ခုပ်ထဲက မိုးရေစက်များ

အဲဒီလို တွေးမိရင်းကနေ စိတ်က မိုးစက်ကိုဆီကို ဖျတ်ခနဲ ရောက်သွားရတော့ သူမက ခပ်တိုးတိုးရေရွတ်လိုက်မိတယ်။

"မိုးစက်ကို ထီးရောပါရဲ့လား မသိဘူးနော်"

"မိဟန်နီ. . . ထီးသွားပေးဖို့တော့ စိတ်မကူးနဲ့နော်၊ တစ်ခါပဲ ကောင်းတယ်၊ နှစ်ခါဆို မကောင်းတော့ဘူး၊ အချစ်ကြောင့် မိုးစက်ကိုမျက်လုံးကန်းတာက ပြဿနာ မဟုတ်ဘူးနော်၊ နင်မကန်းဖို့က အရေးကြီးတယ်"

"အေးပါဟယ်၊ မသွားပါဘူး၊ ငါက ဒီလိုပဲ ပြောလိုက်မိတာပါ"

"ဟင်း. . . နင်လည်း ရောဂါပဲ"

ဟန်နီ့လက်တွေက လွယ်အိတ်ထဲမှာ ထည့်ထားတဲ့ ခေါက်ထီးလေးကို အသာသွားစမ်းလိုက်မိတယ်။ လောကကြီးမှာ ကိုယ့်အချစ်ကို ထုတ်ဖော်ပြသခွင့်မရှိတာလောက် ဆိုးရွားလွန်းတဲ့အဖြစ်မျိုး နောက်ထပ်ရှိတော့မယ် မထင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





ဒီလိုနဲ့ ညနေကျောင်းဆင်းတော့ သူမတို့သုံးယောက်က မေ့သခင်ရဲ့ ကားနောက်ကနေ မသိမသာ လိုက်လာခဲ့လိုက်ကြတယ်။ ရည်ရွယ်ချက်က မေ့သခင်ရဲ့အိမ်ကို သိဖို့ပါ။

"ဟဲ့. . . တအားကပ်မလိုက်နဲ့ဦး၊ မေ့သခင်ရိပ်မိသွားဦးမယ်"

"အေးပါဟယ်. . . ငါသိပါတယ်၊ သူ မသိနိုင်ပါဘူး"

ဒီလိုနဲ့ မေ့သခင်ရဲ့ကားနောက်ကနေ အသာခွာလိုက်လာရင်းကနေ မေ့သခင်ရဲ့ကားက ခြံကြီးတစ်ခုထဲကိုချိုးကွေ့ဝင်သွားတော့ ဟန်နီက ကားကိုအရှိန်လျှော့လိုက်တာ ကားကို မေ့သခင်တို့ ခြံရှေ့ကနေ ခပ်ဖြည်းဖြည်းချင်းဖြတ်မောင်းတယ်။

"ဟဲ့. . . ချိုးဝင်သွားပြီဟဲ့၊ ဒီအိမ်ထင်တယ်၊ အိမ်ကြီးကတော့ အကြီးကြီးပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းဟဲ့. . ."

အဲလိုမောင်းလာရင်းကနေ လမ်းထိပ်တစ်ဖက်ကို ရောက်တော့မှ နောက်ကိုပြန်လှည့်လာလိုက်ကာ မေ့သခင်ရဲ့ အိမ်ကြီးဆီ နောက်တစ်ခါ ပြန်အကဲခတ်တယ်။ မေ့သခင်ရဲ့ အိမ်မှန်း သေချာသလောက်ရှိသွားတော့မှ သူမတို့လည်း ပြန်လာခဲ့လိုက်ကြတယ်။



အခန်း (၈)

ဒီနေ့တော့ ဟန်နီက ကျောင်းကိုစောရောက်လာတာနဲ့ ...န်တင်းဆီကိုလည်း တစ်ယောက်တည်းမသွားချင်တော့ သူမ ...အတန်းနဲ့ ခပ်လှမ်းလှမ်းဆီက အုတ်ခုံလေးမှာ သာယာတို့ ...ာကိုစောင့်ဖို့ ထွက်လာခဲ့လိုက်တယ်။ ဒါပေမယ့် အုတ်ခုံကို ...်းအမြင်မှာတော့ သူမမျက်လုံးတွေက ပြူးကျယ်ဝိုင်းစက်သွား ...ယ်။ အဲဒီအုတ်ခုံပေါ်မှာက မိုးစက်ကို။

သူက သူ့ထုံးစံအတိုင်း သူ့ဖုန်းကိုငုံ့ကြည့်ကာ ပွတ်လို့ ...တော တစ်ချက်ပြုံးလိုက်ကာ အဲဒီဆီကိုပဲ လျှောက်လာခဲ့လိုက် ...ယ်၊ သူမအဲဒီကိုရောက်သွားတဲ့အခိုက်မှာတင်ပဲ မိုးစက်ကိုရဲ့ ...တဲ့ခေါင်းကလည်း မော့လာတယ်။

"ဟော. . ."



www.burmeseclassic.com

www.burmeseclassic.com



သူက အဲလိုရေရွတ်ကာ ပြုံးပြတယ်။ သူမကလည်း ပြန်ပြုံးပြလိုက်ကာ. . .

“တစ်ယောက်တည်းလား”

ဆိုပြီး ခုံရဲ့တစ်ဖက်စွန်းမှာ ဝင်ထိုင်လိုက်တယ်။

“ဟုတ်တယ်. . . တစ်ယောက်တည်းပဲ၊ ဟိုကောင် မလာသေးဘူးလေ၊ ဒီမှာသူ့ကိုလာစောင့်နေတာ ဟန်နီရော တစ်ယောက်တည်းပါလား”

“ဟုတ်တယ်. . . သာယာတို့မလာသေးတာနဲ့ ဒီမှာထိုင် စောင့်မယ်ဆိုပြီး ထွက်လာတာ၊ မိုးစက်နဲ့ တည့်တည့် တွေ့တာပဲ”

နောက်တော့ စကားက ဘာဆက်ပြောရမှန်းမသိတော့ ဘဲ တိတ်သွားကြတယ်။ ဒါနဲ့ သူမကပဲ စကားမရှိစကားရှာတာ ပြောရ တယ်။

“မေ့သခင်ရော မလာသေးဘူးလား”

ဆိုတော့ မိုးစက်ကိုရဲ့မျက်လုံးတွေက အရောင်တွေ လက်ဖြာသွားတယ်။ ချစ်သူအကြောင်းကိုပြောလိုက်တာနဲ့ မျက်လုံးတွေက အဲဒီလောက်တောင် လက်ဖြာသွားရသတဲ့လား ရှင့်အချစ်တွေကို နှမျောလိုက်တာ မိုးစက်တိုရယ်။



“ဪ. . . သူလား၊ သူက ကျောင်းကို ဘယ်တုန်းကမှ စောစောမလာတတ်ဘူးလေ၊ ကျောင်းတက်ကာနီးမှ ကပ်ကပ်ရောက်တာတတ်တာ”

“ဩော. . .”

သူက သူ့ဖုန်းက အင်တာနက်လိုင်းကိုပိတ်လိုက်ကာ ဖုန်းကို ဘေးလွယ်အိတ်ထဲ ထည့်လိုက်တယ်။

“ရှင်တို့ချစ်သူဖြစ်တာ ကြာပြီထင်နော်”

“အဟင်း. . . ဘာလို့ အဲလိုထင်ရတာလဲ”

“ဘာလို့ရယ်တော့ မဟုတ်ပါဘူး၊ ထင်လို့မေးကြည့်တာ ပါ၊ မဟုတ်ဘူးလား”

“မဟုတ်ပါဘူးဗျာ. . . အခုမှ ချစ်သူသက်တမ်းက သုံးလကျော်ကျော်လေးပဲရှိပါသေးတယ်”

“ဪ. . . ဟုတ်လား၊ အဟင်း. . . အဲလိုပဲ ကျွန်မမှန်း ရင် မှန်ခဲ့တယ်ရှင့်”

နှစ်ယောက်သား ရယ်လိုက်မိကြတယ်။ ရှင်သိလား မိုးစက်ကို။ ရှင့်အပြုံးတွေ၊ ရှင်အရယ်တွေက သိပ်ကိုဖြူစင်လွန်း နေတယ်။ အဲဒါကြောင့်ပဲ ရှင်ကို မေ့သခင်က အကွက်ရွှေ့ထား နိုင်တာ ထင်ပါရဲ့။

www.burmeseclassic.com



"ဟန်နီ့မှာရော ချစ်သူမရှိဘူးလား၊ မိတ်ဆက်ပေးထား ဦးလေဗျာ"

သူ့ဆီက ထင်မှတ်မထားတဲ့ စကားမျိုးထွက်လာတာ သူမက သဘောတကျနဲ့ ခေါင်းမော့ကာ အသံတိတ်ရယ်လိုက် ပြီးမှ. . .

"အထင်မကြီးပါနဲ့ရှင်၊ ဟန်နီက အပျိုကြီးဇာတာရှ လေ"

"အဟား. . . မထင်ပါဘူးဗျာ၊ ဒီအရွယ်တောင်ရော နေပြီ၊ ချင်ပန်ဇီတော့ မဖြစ်နိုင်ကောင်းပါဘူး၊ လျှိုတာ နေမှာပါ"

"အဟင်း. . . မယုံလည်း မတတ်နိုင်ဘူးရှင်၊ မြှားန မောင်က ကျွန်မကို မေ့ထားတာတော့ အမှန်ပဲ၊ တွေ ကို တောင်ပံတွေရိုက်ချိုးပြီး အကင်လုပ်. . . အချ နဲ့တို့စားပစ်ဦးမယ်. . . အဲဒီမြှားနတ်မောင်ကို"

နှစ်ယောက်သား ရယ်လိုက်မိကြပြန်တယ်။ ဒီအခိုက် တင်ပဲ မလှမ်းမကမ်းမှာ သာယာတို့လျှောက်လာနေတာကို တွေ လိုက်ရတာမို့ သူမက ထိုင်ရာက ထရပ်လိုက်ရင်း. . .





"ဟော. . . ဟိုမှာ သာယာတို့လာနေပြီ၊ သွားလိုက်ဦး မယ် နော်၊ ဆီးယူ. . ."

"အိုခေပါဗျာ"

ပြောပြီး သူမက သာယာတို့ဆီကို လျှောက်သွားလိုက် တယ်။ သာယာတို့ကတော့ ဟန်နီ့ကိုကျော်ကာ မိုးစက်ကိုထိုင်နေ တာကို လှမ်းကြည့်ရင်း ဟန်နီ့ကို မျက်စောင်းတထိုးထိုး။

"မိန်းမ. . . နှစ်ယောက်တည်း ဘာတွေပြောနေတာလဲ ပြောစမ်း"

"ဘာရယ်မဟုတ်ပါဘူးဟယ်၊ သူနဲ့ မေ့သခင်ကြားက အတိမ်အနက်ကို တီးခေါက်ကြည့်နေတာပါ"

"ဟုတ်လား. . . ဘာတွေသိခဲ့ရလဲ"

"ဘာသိခဲ့လဲဆိုတော့ သူတို့ချစ်သူဖြစ်တာ မကြာသေး ဘူးဟဲ့၊ သုံးလကျော်ပဲရှိသေးတယ်တဲ့"

"ဟုတ်လား. . . ဒါဆိုရင်တော့ ကံကောင်းတယ်ပဲ ပြောရတော့မှာပေါ့၊ တစ်ခုခုဆိုရင်တောင် သူဖြေသာ နိုင်ဦးမှာပါ"

"အင်း. . . မျှော်လင့်ရတာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

## ရာနခင်ကို

သူမက ပြောနေရင်းကနေ နောက်မှာကျန်ခဲ့တဲ့ မိုးစင်ကို ထိုင်နေရာဆီကို လည်ပြန်ပြန်ကြည့်လိုက်မိတယ်။ သူကတော့ ထုံးစံအတိုင်း သူ့ဖုန်းကိုပြန်ထုတ်ကာ ပွတ်လို့။ အင်တာနက်သုံးနေပြန်ပြီနဲ့ တူပါရဲ့။



အခန်း (၉)

ဒီနေ့တော့ ကျောင်းပိတ်ရက်မို့ သူမတို့သုံးယောက်က ခင်ခုခုများ သတင်းထူးရမလားဆိုတဲ့ မျှော်လင့်ချက်နဲ့သုံးယောက်သား မေ့သခင်ရဲ့အိမ်ဘက်ကို စနည်းနာထွက်လာခဲ့ကြတာဖြစ်ပါတယ်။

ဟန်နီက ကားကို မေ့သခင်ရဲ့အိမ်ရှေ့ကနေ ဖြည်းဖြည်းသားဖြတ်မောင်းပြီး အထဲကိုကြည့်။ ပြီးနောက် တစ်ဖက်လမ်းထိပ်ကနေ နောက်ဘက်ကိုပြန်လှည့်မောင်းလာပြန်ကာ အဲဒီအိမ်ရှေ့ကအဖြတ်မှာ အထဲကို နောက်တစ်ခါ ဝေ့ဝဲအကဲခတ်။

ဒါပေမယ့် အိမ်ကြီးက တိတ်ဆိတ်နေကာ ဘာမှမထူးခြား ဒါနဲ့ပဲ သူမတို့က စိတ်ပျက်သွားကြကာ အဲဒီလမ်းကြားထဲကနေ ထွက်လာခဲ့လိုက်ပြီး အဲဒီလမ်းရဲ့ထိပ်တည့်တည့် ကားလမ်းတစ်ဖက်မှာရှိတဲ့ ဆိုင်တစ်ခုမှာ ထိုင်နေမိကြပြီး သိပ်မကြာ



www.burmeseclassic.com

www.burmeseclassic.com



ခင်မှာပဲ လမ်းထဲကထွက်လာတဲ့ မေ့သခင်ကိုတွေ့လိုက်ရတာပေါ့

"ဟဲ့. . . ဟိုမှာ မေ့သခင်. . . မေ့သခင်"

"အေးဟဲ့. . . ကားတော့မပါဘူးနော်၊ လမ်းလျှောက်ထွက်လာတာဆိုတော့ အဝေးကြီးသွားမှာတော့ မဟုတ်လောက်ဘူး၊ ဒီဆိုင်ကိုလာတာများလား၊ ငါတို့ကိုတွေ့သွားဦးမယ် နော်၊ ဘယ်လိုလုပ်မလဲ"

သူမတို့က မေ့သခင်သာ ဒီကိုရောက်လာရင် သေချာပေါက် သူမတို့ကို သက်ာမကင်းဖြစ်တော့မှာမို့ ပျာသွားကြပေမယ့် မေ့သခင်က သူမတို့ထင်သလို သူမတို့ထိုင်နေတဲ့ဆိုင်ကို ရောက် လာသလို ကားလမ်းရဲ့တစ်ဖက်ကိုလည်း ကူးမလာခဲ့ပါ။ တစ်ဖက်လမ်းထိပ်မှာတင်ပဲ နာရီကိုတစ်ချက်ကြည့်ကာ မတ်တတ်ရပ်နေတော့တာဖြစ်ပါတယ်။ သူမတို့ထိုင်နေတဲ့ဆိုင်က လမ်းဘေဘက်တစ်ခြမ်းလုံးကို မှန်တွေနဲ့ကာထားတာမို့ သူမတို့က လမ်းပေပေါ်ကဖြစ်နေသမျှကို အတိုင်းသားကြည့်နေ မြင်နေရတာ တစ်ခုတော့ကောင်းတယ် ပြောရပါမယ်။

"ဟဲ့. . . ဒီကိုမလာဘူးဟဲ့၊ ထိပ်မှာတင်ရပ်နေတာ၊ တစ်ယောက်ယောက်ကို စောင့်နေတာနဲ့တူတယ်"

"အင်း. . . ဖြစ်နိုင်တယ်၊ သူ့ပုံစံက အဲဒီလိုပုံစံ"



# လက်ခုပ်ထဲက မိုးရေစက်များ

သူမတို့က ထင်မြင်ချက် အမျိုးမျိုးပေးကာ မေ့သခင်ကို မျက်တောင်မခတ်စတမ်း လှမ်းကြည့်နေကြတယ်။ စိတ်ထဲမှာလည်း တစ်ခုခုကော့ ထူးခြားတော့မယ်ဆိုတာကို သိနေသလိုလို။

သိပ်တော့ မစောင့်လိုက်ရပါ။ ခဏအကြာမှာတင်ပဲ မေ့သခင်ရှေ့နားမှာ ကားတစ်စီးထိုးရပ်သွားတာကို တွေ့လိုက်ကြရတယ်။ အားလုံးက သတိအနေအထား။

"ဟဲ့. . . ဟဲ့. . . ကားတစ်စီးရပ်သွားပြီ"

"ကားပေါ်က အမျိုးသားတစ်ယောက်ဟဲ့"

"ဟိုနေ့က တစ်ယောက်ပဲဖြစ်မှာ"

"ဟဲ့. . . တက်သွားပြီ၊ တက်သွားပြီ၊ လာလာ. . . နောက်ကနေ လိုက်သွားရအောင်"

မေ့သခင်တို့ကားက Junction Square ကိုသွားတာပါ။ သူမတို့ကလည်း အဲဒီကားနောက်ကနေ လိုက်သွားရင်းက ကား ပါကင်ထိုးပြီးပေမယ့် မဆင်းကြသေးဘဲ မေ့သခင်တို့အတွဲ အရင် ဆင်းသွားအောင် အသာစောင့်နေလိုက်ကြတယ်။

"ဟုတ်တယ်ဟဲ့၊ ဟိုနေ့က အမျိုးသားပဲ"

"shopping ထွက်လာတာထင်တယ်၊ မမြင်စေနဲ့နော်၊ ဒီတစ်ခါတော့ ဓာတ်ပုံအမိအရရိုက်ယူရမယ်၊ ဒါမှမငြင်းနိုင်တော့မှာ"



www.burmeseclassic.com

www.burmeseclassic.com

# ရာခေင်ကို

သုံးယောက်သားက မေ့သခင်တို့အတွဲနောက်ကနေ မသိမသာ ပုန်းလျှိုးကွယ်လျှိုးနဲ့ လိုက်လာခဲ့ကြတယ်။ မေ့သခင်တို့ကတော့ သူတို့အာရုံနဲ့သူတို့ဖြစ်သလို နောက်ကိုလည်း လှည့်ကြည့်ကြတာမို့ သူမတို့ပါလာတာကို မသိရှာ။

ဒီလိုနဲ့ မေ့သခင်တို့က အင်္ကျီဆိုင်တစ်ခုထဲကို ဝင်သွားကာ အဝတ်အစားတွေကို ရွေးနေကြတယ်။ ဒါပေမယ့် နှစ်ယောက်သားက ခပ်ခွာခွာမို့ သူမတို့က ဓာတ်ပုံမရိုက်ကြသေးဘဲ ဖုန်းကင်မရာဖွင့်ကာ အဆင်သင့်ပုံနဲ့ စောင့်နေလိုက်ကြတယ်။ တစ်ခါမှာတော့ မေ့သခင်က ယောကျ်ားဝတ်အင်္ကျီတစ်ထည်ကိုယူပြီး အမျိုးသားရဲ့ခန္ဓာကိုယ်မှာ သွားကပ်ကြည့်တယ်။ မေ့သခင်ရဲ့ အထာက ညာတုတုအထာနဲ့။

ဒါကိုမြင်လိုက်ရတဲ့ ဟန်နီက အသင့်ပြင်ထားတဲ့အတိုင်း အရုပ်ကြီးတစ်ရုပ်ကိုကွယ်ကာ ဓာတ်ပုံရိုက်မလို့ ချိန်လိုက်စဉ်မှာပဲ သူမဖုန်းကင်မရာရှေ့တည့်တည့်ကနေ လူတစ်ယောက်က လာကွယ်ရပ်တာကို ခံလိုက်ရခြင်းနဲ့အတူ စိတ်ပျက်စရာအသံကြီး တစ်ခုကိုပါ တစ်ခါတည်းကြားလိုက်ရတယ်။

"ဟေး. . . ဟန်နီ"

"ဟင်! ပန်တျာညီညီ. . . "

"ဘယ်ကိုလာတာလဲ"



# လက်ခုပ်ထဲက မိုးရေစက်များ

"သြော်. . . Junction Square မှာတွေ့မှတော့ Junction Square ကိုလာတာပေါ့လို့"

သူမက စိတ်ပျက်လက်ပျက်ပြောရင်းကနေ ရှေ့ဘက်မှာ ပိတ်ရပ်နေတဲ့ ပန်တျာညီညီရဲ့ ပခုံးပေါ်ကနေကျော်ကာ အင်္ကျီဆိုင်ထဲက အတွဲကို လှမ်းကြည့်ရတယ်။ ဒါကိုပဲ ပန်တျာညီညီက သူမမျက်လုံးသွားရာရှေ့ကို သူ့ခေါင်းကြီးလိုက်ထိုးခံကာ မျက်လုံးချင်းလိုက်ဆုံအောင်လုပ်ရင်း. . .

"မတွေ့တာတောင် ကြာပြီနော်၊ ကိုယ်လည်း ပွဲဆက်တွေ များနေတာနဲ့ ဟန်နီတို့ကျောင်းဘက်ကိုတောင် မရောက်ဖြစ်ဘူး၊ နည်းနည်းတောင် ပိုလှလာသလိုပဲနော်. . . ဟန်နီက"

တွေ ဘာတွေလုပ်နေတော့ ရှေ့ဘက်က အတွဲကို ဘယ်လိုမှ ချောင်းလို့မရတော့ပြန်ဘဲ ကွယ်နေတယ်။ ဒါနဲ့ သူမက ပန်တျာညီညီရဲ့ ခေါင်းကြီးကို လက်နဲ့တွန်းဖယ်လိုက်ရင်း. . .

"အင်း. . . အင်း၊ ရှေ့. . . ရှေ့က ဖယ်စမ်းပါ"

ဆိုပြီး ချောင်းရတယ်။ ဒါပေမယ့် သူက ကာထားပြန်တော့ ဘယ်လိုမှမမြင်ရ။

"တစ်ခုခုစားပါလား၊ ကိုယ်ကျွေးမယ်လေ၊ နော်. . . "



www.burmeseclassic.com

www.burmeseclassic.com



သူမက စိတ်ညစ်လာကာ ခပ်ဆတ်ဆတ်အော်မိတယ်။

"ဘယ်လိုဖြစ်နေတာလဲ၊ ရှေ့က ဖယ်စမ်းပါဆို"

"မဟုတ်ဘူးလေ၊ ကိုယ်က တစ်ခုခုကျွေးချင်လို့၊ စေတနာတွေနဲ့လေ၊ ကိုယ်က ဟန်နီ့အတွက်ဆိုရင် စေတနာရေစီးကမ်းပြိုလိုက်နေတာ သိရဲ့သားနဲ့. . . နော်. . . နော်"

သူမ စိတ်မရှည်တော့ဘူး။ ပန်တျာညီညီကိုလည်း အမြင်ကတ်၊ ရှေ့မှာကွယ်နေတဲ့ အတွဲကိုလည်း လွတ်သွားမှာစိုးတာနဲ့ ပန်တျာညီညီရဲ့ ခန္ဓာကိုယ်ကြီးကို ဘေးဘက်ဆီ အားရှိသမျှ ထုတ်သုံးပြီး ဆွဲဖယ်ပစ်လိုက်တယ်။

"ဪ. . . ဖယ်စမ်းပါဆိုမှ၊ ဟဲ. . ."

ဒီတော့မှ ရှေ့ဘက်ကိုပြန်ကြည့်လို့ရသွားလို့ ကြည့်လိုက်ပေမယ့် တစ်ဖက်ဆိုင်ထဲမှာ မေ့သခင်တို့အတွဲက မရှိတော့ဘူး။

"ဟင်. . . မရှိတော့ဘူး"

"ဟယ်. . . ဟုတ်ပ"

"ဟဲ့. . . ဘယ်ရောက်သွားတာလဲ"

"ငါတို့လည်း မသိဘူးလေ၊ ငါတို့က နင့်နောက်မှာပဲနေပြီး ချောင်းနေတာဆိုတော့ နင်ကွယ်တော့ ငါတို့လည်း ဘာမှမမြင်လိုက်ဘူး"





မေ့သခင်တို့အတွဲက ပျောက်သွားပြီ။ ဒါနဲ့ သူမတို့က ရှာသွားရတယ်။

"မြန်မြန်ရှာ၊ မြန်မြန်ရှာရအောင်. . . လာလာ"

ပြောပြီး သုံးယောက်သား ပတ်ရှာဖို့ လုပ်ပေမယ့် ပန်တျာညီညီက ရှေ့ကနေ ကာထ ပြန်ကာ. . .

"ဘာ. . . ဘာရှာတာလဲဟင်၊ ကိုယ်. . . ကိုယ်ပါရှာပေးမယ်လေ"

လုပ်လာပြန်တယ်။ ဒီတော့ ဟန်နီ့ဝေါသက ထိပ်ဆုံးကို ဆောင့်တက်သွားကာ. . .

"ဟာ. . . ဒီလောက်ဖြစ်နေတာ၊ ကဲဟယ်. . ."

ဆိုပြီး ခြေထောက်ကို ဒေါက်ဖိနပ်နဲ့ တက်နင်းခဲ့လိုက်တော့ ပန်တျာညီညီ့ခမျာ "အု. . . အု. . ." နဲ့ ကျိတ်အော်တာ ကျန်နေခဲ့တယ်။

သူမတို့ကတော့ သူ့ကို အာရုံမထားအား။ မေ့သခင်တို့အတွဲကိုပဲ ဆိုင်တကာ ပတ်ရှာရတယ်။ ဒါပေမယ့် လုံးဝကိုမတွေ့တော့ဘူး။ ပျောက်ခြင်းမလှကို ပျောက်သွားတယ်။

"မတွေ့တော့ဘူးဟဲ့၊ ပျောက်ချင်းမလှကို ပျောက်သွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား. . ကျွတ်. . . ဒီလောက်အပိုင်အခွင့်အရေးကြီး ရလိုက်တာကို၊ ဟိုဈေးထုပ်ကြီး ဝင်ရှုပ်တာ၊ သူသာမရှုပ်ရင် ပွဲကပြတ်နေပြီ၊ အဲဒီတစ်ယောက်နဲ့ကလည်း ဘယ်လို ရေစက်မှန်းကိုမသိဘူး၊ ဘယ်သွားသွား သူနဲ့လွဲတယ်လို့ကို မရှိဘူး၊ ဝင့်ပဲ. . ."

အထပ်တိုင်းကို လှူခဲ့ပြီး ရှာပေမယ့် မေ့သခင်တို့အတွဲကို လုံးဝမတွေ့တော့ဘူး။ သူမတို့အဖွဲ့ကိုတွေ့လို့ပဲ လစ်ရပြေးသွားလေသလားတော့ မပြောတတ်ပါချေ။



နောက်တစ်နေ့မှာတော့ ပညာရှိများတွေးကြည့်ရင် ပြေးကြည့်တာထက်မှန်တယ် ဆိုတဲ့စကားလိုပဲ သူမအတွေးမှန်တန်ကြောင်းကို သူမဆီ မေ့သခင်ရောက်လာခြင်းက သက်သေပြခဲ့ပါတော့တယ်။

အဲဒီအချိန်တုန်းက သူမက ကန်တင်းမှာထိုင်ပြီး သာယာနဲ့စိမ့်စမ်းတို့အလာကို စောင့်နေမိတာပါ။ အဲဒီအချိန်မှာပဲ မေ့သခင်က သူမရှေ့ကခုံမှာ ခွင့်မတောင်းဘဲ ခပ်တည်တည်ပဲဝင်ထိုင်လာရင်းက ဟန်နီ့မျက်နှာကို ခပ်ထေ့ထေ့ကြည့်လာရင်း. . .

"ရှင်းရှင်းပဲမေးမယ်၊ မနေ့က Junction Square ကို ဘာလာလုပ်တာလဲ"

ရုတ်တရက်တော့ ဟန်နီက ကြောင်သွားသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



မေ့သခင်သိသွားတာမှန်ခဲ့ရင်တောင် ဒီလိုတည့်တိုးကြီးလာမေးလိမ့်မယ်လို့တော့ ထင်မထားဘူးလေ။ ဒီတော့ သူမထမျက်နှာကို ခပ်ချိုချိုပုံစံ ဖမ်းထားလိုက်ရင်းက. . .

"တွေ့လိုက်တယ်လား၊ ဈေးလာဝယ်တာပေါ့၊ ကျောင်းပိတ်တာနဲ့"

"ဟက်. . ."

ဟန်နီ့စကားတောင် မဆုံးသေး။ မေ့သခင်က ဟက်ခနဲလှောင်ရယ်ရယ်တယ်။

"လုပ်တုန်းကတော့ လုပ်ထားပြီးတော့ ဝန်ခံရမှာကျတော့ သတ္တိမရှိဘူးလား၊ ဝန်ခံလိုက်စမ်းပါ၊ တို့နောက်ကို လိုက်လာရင်လည်း လိုက်လာတယ်ပေါ့"

ဒီတစ်ခါတော့ ဟန်နီ့မျက်နှာက ဟန်မဆောင်နိုင်တော့ဘဲ တည်သွားရတယ်။ ဒီအချိန်မှာပဲ မေ့သခင်က ဟန်နီ့အရှိက်တိုထိမယ့်စကားမျိုး ပြောလာတော့တယ်။

"နင်. . . ဘာစိတ်ကူးနဲ့ ငါ့နောက်ကိုလိုက်နေတာလဲဘာလဲ. . . နင် မိုးစက်ကိုကြိုက်နေတာလား၊ ဟုတ်လား"

ဟန်နီ့မျက်နှာက ရှက်စိတ်ကြောင့် ရဲခနဲဖြစ်သွားတယ်။ ဒါပေမယ့် ဟန်နီ့အမူအရာပျက်မသွားအောင်တော့ ထိန်းလိုက်





နိုင်တယ်။ ပြီးမှ မေ့သခင်ကို တည့်တည့်ပြန်ကြည့်ပေးလိုက်ရင်းဆိုမိတယ်။

"ဟုတ်တယ်ဆိုရင်ရော နင်ဘာလုပ်ချင်လဲ. . . ပြောကြည့်ပါလား"

ဟန်နီက အဲဒီလို ရှောင်မသွားဘဲ ခပ်တည့်တည့်ပြန်တိုက်ပေးလိုက်တော့ မေ့သခင်ရဲ့မျက်ခုံးတွေက အပေါ်ကို မြင့်တက်သွားကြတယ်။

"အလဲ့. . . ဝန်ခံသားပဲ၊ ဒီလိုကျတော့လည်း သတ္တိရှိသားပဲ၊ ဒါပေမယ့် နှမြောစရာပဲ၊ နင်က ငါနဲ့ငါ့အစ်ကိုဝမ်းကွဲကို လုပ်ဇာတ်ခင်းပြီး ငါနဲ့မိုးစက်ကိုရဲ့ ဇာတ်လမ်းကို ပွဲလန့်အောင်လုပ်ပေမယ့် နင်ထင်သလိုဖြစ်မလာဘူးလေ၊ နင်ဝင်ခင်းဖို့ပြင်ထားတဲ့ ဖျာကြီးသာဟောင်းဆွေးသွားမှာ. . . ဟင်းဟင်း၊ ငါ ရှည်ရှည်ဝေးဝေးမပြောချင်ဘူး၊ နင်လုပ်နေတာတွေကို ဒီမှာတင်ရပ်လိုက်ပါ၊ ရှေ့ဆက်တိုးလုပ်လည်း မိုးစက်ကိုကို နင်ရမှာမဟုတ်ဘူး၊ ဘာလို့လဲဆိုတော့ နင်မျှော်လင့်ထားတဲ့ပွဲလန့်မှုမျိုး ငါနဲ့မိုးစက်ကိုကြားထဲမှာ ဘယ်တော့မှဖြစ်လာမှာမဟုတ်လို့ပဲ၊ ရှင်းတယ်နော်. . .၊ တို့ပြောချင်တာဒါပဲ၊ ခွင့်ပြုပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး မေ့သခင်က ထထွက်သွားတယ်။ သူမမှာတော့ ပြောစရာစကားတွေ ပျောက်ရှကာ ဘာမှထပ်မပြောလိုက်နိုင်ပဲ သိပ်မကြာ။ အနားကို သာယာနဲ့စိမ့်စမ်းတို့ရောက်တယ်။ သူမတို့ကလည်း မေ့သခင်ကို အဝေးကနေ လှမ်းမြင်လိုက်ဟန်ပါပဲ။

"ဟဲ့. . . ဟိုတစ်ယောက် ဘာတွေပြောသွားတာလဲ"

"မနေ့က ငါတို့ကို သူတွေ့သွားတယ်လေ၊ အဲဒါလာကောသွားတာ"

"ဘုရားရေ! နင်ဘာပြန်ပြောလိုက်လဲ"

"ဒီလိုပါပဲ၊ သူတစ်ခွန်း ကိုယ်တစ်ခွန်းပေါ့"



အခန်း (၁၀)

ကျောင်းသားရေးရာမှာ အသိတစ်ယောက်နဲ့ တွေ့ပြီးပြန်အလာမှာပဲ လမ်းခုလတ်မှာ ပြည့်စိုးနဲ့ဆုံတယ်။ ပြည့်စိုးကတစ်ယောက်တည်းရယ်။ ဒါနဲ့ ဟန်နီက ပါမလာတဲ့ မိုးစက်ကိုကိုမေးမိတယ်။

"ဟော. . . တစ်ယောက်တည်းပါလား၊ မိုးစက်ကိုရော ဒီနေ့ကျောင်းမတက်ဘူးလား"

"ဟုတ်တယ်. . . ဒီနေ့မတက်ဘူးဗျာ့"

"ဟုတ်လား၊ ဘာလို့လဲ၊ နေမကောင်းလို့လား"

သူမ ့မေးကို ပြည့်စိုးက ရယ်ကျဲကျဲလုပ် ခေါင်းတယမ်းယမ်း လုပ်ပြလာရင်းက. . .

"မဟုတ်ပါဘူးဗျာ၊ ဒီနေ့က မေ့သခင်ရဲ့မွေးနေ့လေ၊ အဲဒါ စိန်လက်စွပ်ပူဆာသတဲ့လေ၊ အဲဒါလိုက်ဝယ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီနေ့တစ်နေ့ကုန် လျှောက်လည်ကြမယ်ပြော
တာပဲ"

သူမတို့က သူတို့လျှောက်လည်တာတွေဘာတွေကို စိတ်မဝင်စား။ ရှေ့မှာပြောလိုက်တဲ့ စိန်လက်စွပ်ဆိုတာဆီကိုသာ အာရုံတွေက စုပြုံရောက်သွားကြတယ်။

"စိန်လက်စွပ်!"

"အဲလောက်တန်ဖိုးကြီးတာကြီးကို တောင်းတယ်၊ ဟုတ်လား"

"ဘုရား. . . ဘုရား. . . ဘယ်လိုဟာကြီးလဲ"

သူမတို့ရဲ့အံ့သြခြင်းက စိတ်ထဲမှာတင်မဟုတ်ဘဲ သုံးယောက်စလုံးက တစ်ပြိုင်တည်းလိုလိုပဲ ဝေဖန်ချက်တွေ၊ အံ့ဩချက်တွေကို ထုတ်လိုက်ကြတဲ့အခါ ပြည်စိုးက အခြေအနေ သဘောပေါက်သွားရရင်း ရယ်ပြန်တယ်။

"ဩော်. . . ဟော်ဟော်၊ စိန်လက်စွပ်ဆိုပေမယ့် အကြီးကြီးမဟုတ်ပါဘူးဗျာ၊ တကယ်တမ်းက ပလက်တီနမ်လက်စွပ်ပါ၊ အဲဒီမှာမှ စိန်ပွင့်လေးက သေးသေးလေးပဲ ပါတာမျိုးပါ၊ တန်ဖိုးကလည်း လေးသိန်းလောက်တင်ရှိတာ ပြောပါတယ်"





"ဘာပဲဖြစ်ဖြစ်လေ၊ ချစ်သူဆိုပေမယ့် ယူရသေးတာမှမဟုတ်တာ၊ အဲလောက်တန်ဖိုးကြီးတာတစ်ခုကို တောင်းဆိုစရာလား၊ မိုးစက်က သူ့ဘာသာဝယ်ပေးတာဆို ဟုတ်တုတ်တုတ်ရယ်"

"အေးလေ. . ."

ဟန်နီက ဘာမှဆက်မပြောလိုက်မိပေမယ့် သာယာနဲ့ မြစမ်းကတော့ နောက်ဆက်တွဲတွေ ထပ်ပြီး ပြောချလိုက်ကြပြန်တယ်။

"ဟို. . . အား. . . အားမကျဘူးလား"

"အားကျရမယ်၊ ကျွန်မတို့က ဘာကိုအားကျရမှာလဲ ပြောစမ်းပါဦး"

"မေ့သခင်ကိုလေ"

"ဟင်း. . . ကျစရာလား၊ မကျပါဘူး"

"ကျွန်တော်ကတော့ မိုးစက်ကို,ကို အားကျတယ်၊ သိလား၊ သူ့မှာ ကြင်နာစရာလေးနဲ့လေ"

"အဲဒါဘာဖြစ်လဲ၊ ရှင်အားကျရင် ရှင်လည်း သူ့လိုရှာပေါ့၊ ဖင်မွေးတောင်မကျန်အောင် ခွာမယ့်မိန်းကလေးမျိုး"

"ဟိုဟာလေ. . . အဝေးကြီးလိုက်ရှာမနေတော့ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com

## ရာသခင်ကို

"ဒါဆို ဘယ်မှာသွားရှာမလို့လဲ"

"ခင်ဗျားတို့ထဲက တစ်ယောက်ယောက်ပဲ ကျွန်တော့်ကို ပြန်ကြင်နာလိုက်ပါလားလို့ သနားသဖြင့်ပေါ့နော်. . . အဟဲဟဲ. . ."

ပြည်စိုးရဲ့စကားလည်းဆုံးရော သာယာနဲ့စိမ့်စမ်းတို့ နှစ်ယောက်ခမျာ ခုန်ဆွခုန်ဆွတွေဖြစ်၊ ရင်ဘတ်စည်တီးတာ နှုဖူးတွေဘာတွေတောင် ရိုက် ဆလံပေးရင်းက. . .

"အောင်မလေး. . . အဲဒါမျိုးတွေ မသုံးဘူး"

"ဖွဟဲ့. . . လွယ်ပါစေ ချော်ပါစေ၊ မပြောကောင်း ခေ ကောင်းတွေ လျှောက်ပြောနေတယ်၊ မိုးကြိုးတွေ ကုန်တော့မှာပဲ"

ပြောလည်းပြော နှစ်ယောက်သားက ပြည်စိုးအနား ဆက်နေရင်ပဲ မင်္ဂလာမရှိတော့သလိုပုံစံမျိုးတွေနဲ့ ထွက်သွား တော့ ဟန်နီလည်း တခိခိရယ်ကာ သူတို့နောက်ကိုလို တယ်။

ပြည်စိုးကတော့ နေရာမှာတင် ရယ်ကျဲကျဲရုပ်နဲ့ တ တယ်။



ဟန်နီတို့သုံးယောက်သားက လက်ဖွဲ့ပ်လေးကို သူတို့ ရှေ့မှာ တပြပြလုပ်ကာ တမင်ဟိုပဲ ကြွားလုံးထုတ်နေတဲ့ မေ့သခင်ကို ကြည့်နေရင်းက အသည်းမှာ တအားကိုပဲ ယားနေ ရတော့တယ်။ ယားတာမှ ရင်ဘက်ထဲက အသည်းကို အပြင် ထုတ် ခုံပေါ်တင်ကာ စိမ်ပြေနပြေကုတ် နေချင် သ ိုပုံစံမျိုး နဲ့ကို ယားတာရယ်ပါ။

"အရမ်းသဘောကျတာပဲ မိုးစက်ရယ်၊ သိလား၊ ညက လေ. . . တစ်ညလုံး ဒီလက်စွပ်လေးကိုပဲ ကြည့်နေမိ တာ. . . အဟင်း၊ သခင့်သွယ်ချင်းတစ်ယောက်က ဆိုရင် ဒီလက်စွပ်လေးကိုမြင်ပြီး သဘောကျလွန်းလို့ တဲ့ ငိုတောင်ခုန်တယ် သိလား. . ."

www.burmeseclassic.com

ပြောရင်း မေ့သခင်က သူမတို့ဘက်ကို မသိမသာ ပုံစံမျိုးနဲ့ မျက်လုံးဝေ့ကြည့်တယ်။ သူမအကြည့်က "ကဲ. . . ဘယ်နှယ့်ရှိစ" လို့ မေးလိုက်တဲ့အထာမျိုး။

မိုးစက်ကိုကတော့ ဘာမှမသိ။ မေ့သခင်ပြောသမျှကို ပြုံးစိစိနဲ့သာ နားထောင်နေတယ်။

"သဘောကျရင် ပြီးတာပါပဲ မေ့သခင်ရာ၊ တပြပြလုပ်မနေစမ်းပါနဲ့၊ နင်က အဲဒီလိုပြနေတော့ လက်ဆုပ်လက်ကိုင်မရှိတဲ့ သုံးယောက်က ဘယ်လိုနေရမယ်မှန်းမသိကြတော့ဘူး. . . ကြည့်ဦး"

ပြည်စိုးဆီကထွက်လာတဲ့ စကားအဆုံးမှာတော့ သာယာက ဆတ်ဆတ်ထိမခံပုံစံမျိုးနဲ့ ပြန်ပက်တယ်။

"အမလေး. . . သူက ပြောရတယ်ရှိသေးတယ်၊ သူတပဲ ရှိနေသလိုလိုနဲ့၊ မိုးကြိုးတွေဘာတွေ ပစ်ကုန်ပါဦးမယ်၊ ဟဲ့. . . သွားရကြရအောင်၊ ငါတို့အတန်းထဲမှာ တစ်နေ့က လွတ်သွားတဲ့စာတွေ ပြန်ကူးစရာရှိသေးတယ်လေ"

ပြောလည်းပြော ထိုင်ရာကနေလည်း တစ်ခါတည်းထရပ်လိုက်တဲ့ သာယာ့ကြောင့် ချက်ဆို ဗိုက်မှာကပ်နေတတ်တဲ့ ဟန်နီနဲ့သာယာကလည်း ထိုင်ရာကနေ အလိုက်သင့်ထလိုက်ကြရင်း. . .





"သြော. . . အင်းအင်း"

"သြော်. . . အေး၊ ဟုတ်သားပဲ၊ သွားမယ်လေ"

လုပ်လိုက်ကြတယ်။ ဟန်နီက ကျွန်ခဲ့မယ့်သုံးယောက်လုံးကို ဝေ့ဝဲကာ. . .

"သွားပြီနော်"

လို့ နှုတ်ဆက်တော့ ပြည်စိုးက မျက်နှာရှစ်ခေါက်ချိုးဖြစ်နေတဲ့ သာယာ့ကိုကြည့်ကာ ပြုံးဖြဖြနဲ့ စ,တယ်။

"လိုက်ပို့ရဦးမလားဟင်"

"ကျွန်မတို့ကို လိုက်ပို့စရာမလိုပါဘူး၊ ရှင့်ကိုတော့ ကျွန်မတို့က သေချာပေါက် လိုက်ပို့ပေးမှာပါ၊ စိတ်ချ"

"ဟင်. . . ဟုတ်လား၊ ဘယ်ကိုလိုက်ပို့မှာလဲဟင်"

"ရေဝေးကိုလေ"

"ငင်!"

ပြောပြီး သုံးယောက်သား လှည့်ထွက်လာခဲ့လိုက်ကြတယ်။ တကယ်တမ်းက သူမတို့မှာ ဘာစာကူးစရာမှ မရှိပါဘူး။ မေ့သခင်ကိုဆက်ကြည့်ပြီး ခံစားမနေနိုင်တော့လို့ ထထွက်လာခဲ့လိုက်ကြတာပါ။

"အမြင်ကတ်လိုက်တာဟယ်၊ သူ့မျက်ခွက်ကို လက်သည်းနဲ့တောင် ထကုတ်ချင်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့"

သာယာနဲ့စိမ့်စမ်းက နှစ်ဦးသား မကျေမနပ်ရေရွတ်လာရင်းက ငြိမ်နေတဲ့ သူမဘက်ကိုလှည့်ကာ ထင်မြင်ချက်မေးလာတယ်။

"နှင်းရော ဘယ်လိုနေလဲ ဟန်နီ"

"ငါက စဉ်းစားနေတာ"

"ဘာကိုစဉ်းစားတာလဲ"

"မေ့သခင်ရဲ့လုပ်ရပ်ကိုလေ၊ သူ့ပုံစံကြီးကဟာ. . . ယောကျ်ားတွေဆီက ချူစားနေတာမျှားလားလို့၊ ဒါပေမယ့် သူ့မှာက အဲဒီလိုလုပ်စရာလည်း မလိုဘူးထင်တာပဲလေ၊ ကိုယ်ပိုင်ကားနဲ့ ကျောင်းတက်နိုင်တယ်ဟာနေတဲ့တိုက်ကြ ီးကလည်း ဟီးနေတာပဲ၊ ချမ်းချမ်းသာသာ ပစ္စည်းရှိလူတန်းစားပါပဲ၊ အဲဒါကို သူက ဘာလို့ဒီလိုတွေလုပ်နေရတာလဲဆိုတာကို စဉ်းစားနေတာ"

"အမလေး. . . ရှည်ရှည်ဝေးဝေး စဉ်းစားမနေစမ်းပါနဲ့ဟာ၊ ဝါသနာပါလို့နေမှာပေါ့၊ ငါတော့ အဲ့တစ်ယောက်ကို ကြာလေကြည့်မရလေပဲ"

စိမ့်စမ်းစကားအဆုံး သူမတို့ ရယ်လိုက်မိကြတယ်။ မေ့သခင်ကို တကယ်ကိုပဲ ဘယ်လိုနားလည်ရမှန်းမသိတာပါ။ မိန်း



# သောက်ခုပ်ထဲက မိုးရေစက်များ

ကလေးတစ်ယောက်လုပ်နေပြီး ပစ္စည်းရှိ မြောက်တက်လူတန်းစားထဲကလည်း ဖြစ်ပါရက်နဲ့ ယောကျ်ားနှစ်ယောက်ကို ဘာဖြစ်လို့ ဒီလိုတွဲနေရတာလဲ။ တကယ်ဆို တည်တည်တံ့တံ့နဲ့ တစ်ယောက်ယောက်ကိုပဲ ဖြတ်ဖြတ်သားသားရွေးချယ်တွဲလိုက်ပါတော့လား။ အဲဒါကမှ သူ့အတွက် ပိုကောင်းတဲ့လုပ်ရပ်မဟုတ်ဘူးလား။ အခုလို သူမ လုပ်နေတာတွေကို ကာယကံရှင် ယောကျ်ားနှစ်ယောက်ပြန်မသိခင် သူမဆီမှာ နောင်တဆိုတာက အရင်ရောက်လာရင်တော့ တစ်မျိုးပေါ့။ အဲဒီလိုသာမဟုတ်ဘဲ ကာယကံရှင်ယောကျ်ားသားနှစ်ယောက် ပြန်သိသွားမှသာဆိုရင်တော့ သူမအတွက်က ဘယ်လိုမှ ရလဒ်မကောင်းနိုင်။

တစ်ခုတော့ တွေးစရာရှိတယ်။ နှစ်ယောက်စလုံးကိုပဲ သူမက တကယ်မချစ်လို့ အပျော်တွဲနေတာမို့လို့ သိသွားလည်း အေးဆေးပဲဆိုတဲ့အထာနဲ့ပဲ လုပ်နေတာလားမပေါ့။ ဒါဆိုရင်တော့ ပြဿနာဘာမှမရှိပါ။

အဲဒီလိုမှမဟုတ်ဘဲ နှစ်ယောက်စလုံးကိုပဲ ချစ်နေပြီး တစ်ယောက်ယောက်ကိုပြတ်ပြတ်သားသားရွေးဖို့ပဲ ခက်နေသလား။ ဒါဆိုရင်တော့ သူမအဖြစ်က မလွယ်။ သူမလုပ်ရပ်ကြောင့် နှစ်ယောက်စလုံးကို ဆုံးရှုံးသွားရနိုင်တယ်မဟုတ်လား။

www.burmeseclassic.com



တွေးရင်းကနေ စိတ်ရှုပ်လာတဲ့ ဟန်နီက ခေါင်းတို
ခါယမ်းပစ်လိုက်တယ်။ ဟား. . . သွားသွား။ ဘယ်လိုနားလည်
မှုန်းကို မသိတော့ဘူး။ အဲဒီလိုနားလည်ရခက်တဲ့အထဲမှာ မိမိ
ကိုယ်မိမိ နားမလည်တာကလည်း ထိပ်ဆုံးက ပါဝင်နေတာပါပင်
ဘာဖြစ်လို့များ မေ့သခင်ရဲ့အရှုပ်ထုပ်ထဲကို တိုးဝင်ပြီး ရှင်းလင်
ချင်နေရတာလဲ မပြောတတ်။ ဒီလိုတွေးလိုက်တော့ မျက်ဝန်းထဲ
မှာ မိုးစက်ကိုရဲ့ပုံရိပ်က ဝင်ရောက်လာတယ်။ ဟုတ်ပါတယ်
သူမရဲ့တစ်ခုတည်းသော အကြောင်းပြချက်က မိုးစက်ကိုပါပဲ
မိုးစက်ကိုနေရာမှာသာ အခြားယောကျ်ားတစ်ယောက်ဆိုရင်
သူမ ဒီလိုလုပ်နေမိမှာမဟုတ်။ စဉ်းစားနေမိမှာမဟုတ်။

ဒါပေမယ့် ကိုယ်ချစ်နေရတဲ့ ယောကျ်ားလေးတစ်
ယောက် အချိန်ကြာလာတာနဲ့အမျှ နစ်နာထိခိုက်နေရမယ့် ကိစ္စကြီး
ဆိုတော့လည်း မိမိဝင်ပါမိတာ အလွန်တော့ မဟုတ်လောက်ပါ
ဘူးနော်။



အခန်း (၁၁)

coffee circle မှာ အေးအေးလူလူထိုင်နေတုန်းမှာပဲ
ဆိုင်ထဲကိုဝင်လာတဲ့ ပန်တျာညီညီကိုအတွေ့မှာတော့ ဟန်နီမိုး
ကျော်ရဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အကြောတွေက တွန့်လိမ်သွား
ကြကာ အနီးမှာရှိတဲ့ သတင်းစာတစ်စောင်နဲ့ မျက်နှာကို အကာ
အကွယ်ယူထားလိုက်မိတယ်။ တော်သေးတာက ပန်တျာညီညီ
က သူမကို မမြင်လိုက်။ ပြီးတော့ သွားထိုင်တော့လည်း သူမကို
ကျောပေးကာ ထိုင်လိုက်တာမို့ သူမက အလျင်အမြန်ပဲ ပိုက်ဆံ
ရှင်းကာ ဆိုင်ထဲက မပြေးရုံတမယ်ထွက်ပြီး ရပ်ထားတဲ့ကားဆီကို
လျှောက်လာလိုက်မိတော့တယ်။

"ဟင်!"

ကားနားအရောက်မှာတော့ သူမရှေ့မှာရပ်ထားတဲ့ကား
ပေါ်ကို တက်သွားတဲ့ လူတစ်ယောက်ကြောင့် သူမတစ်ကိုယ်လုံး



www.burmeseclassic.com

www.burmeseclassic.com



မှာရှိတဲ့အကြောင်တွေက ဒီတစ်ခါတော့ ဆူဝေလှုပ်ရှားသွားရ တယ်။

ကားပေါ်ကိုတက်သွားတာက မေ့သခင်နဲ့တွဲနေတဲ့ အမျိုးသားလေ။

ခဏအကြာမှာတော့ သူမက အဲဒီကားနောက်ကို ခပ်ခွာခွာကနေ လိုက်လာခဲ့မိပြီ။ မေ့သခင်မနောက်ကိုသာ မည်း သည်းပြီး လိုက်နေမိကြပေမယ့် ဒီလူကိုတော့ သူမတို့က လွှတ်ထားနေမိတာလေ။ တကယ်ဆို ဒီလူ့အကြောင်းကိုလည်း သူမသိထားဖို့ လိုအပ်သေးတာပဲ မဟုတ်လား။ အများကြီးမဟုတ် တောင် သူနေတဲ့လိ [illegible] တလေးပဲဖြစ်ဖြစ်။

အဲဒီလိုလိုက်လာရင်းကနေ [illegible] အထပ်အ တော်မြင့်တဲ့ ကွန်ဒိုကြီးတစ်ခုရှေ့မှာ ရပ်သွားတော့ သူမကလည်း ကားကို လမ်းဘေးတစ်နေရာမှာ ကပ်ရပ်[illegible]ပြီး ကားပေါ် ကနေပဲ အသာအကဲခတ်နေလိုက်တာ အဲဒီအမျိုးသား ကားပေါ် ကဆင်း၊ ကွန်ဒိုထဲဝင်ရောက်ပျောက်ကွယ်သွားတော့မှ သူမ ကားပေါ်က ဆင်းလိုက်တယ်။ ပြီးမှ ကွန်ဒိုကိုမော့ကြည့်မိပြန် တယ်။

တက်သွ[illegible]ကောင်းနိုး၊ အသာစောင့်နေရကောင်းနိုး ဖြ[illegible]နပြီးမှ အောက်[illegible]ဝင်ပေါက်န[illegible]က ဒ[illegible]စောင့်တစ်ယော ကိုအတွေ့မှာတော့ သူမက အကြံ[illegible]ခုရ[illegible]



# ဖေဟက်ခပ်ထဲက မိုးရေစက်များ

"အစ်ကို. . . တစ်ခုလောက်မေးချင်လို့ရှင့်"

"ဟုတ်ကဲ့. . . မေးပါခင်ဗျာ"

"ဟို. . . စောစောက တက်သွားတဲ့လူလေ၊ အဲဒါ သူက ဒီမှာနေတာလားလို့"

"သြော်. . . ဦးကောင်းမွန်ကိုပြောတာထင်တယ်၊ အကျႌ အညိုရောင်နဲ့လူကို ပြောတာမဟုတ်လား"

"ဟုတ်တယ်၊ ဟုတ်တယ်၊ သူက ဒီမှာနေတာများ လားလို့"

"မဟုတ်ဘူးခင်ဗျာ၊ ဒီမှာက သူ့ကုမ္ပဏီရုံးခန်းရှိတာလေ၊ ဒီကွန်ဒိုရဲ့သုံးလွှာမှာပါ၊ ဒါနဲ့ ဘာကိစ္စများရှိလို့လဲ မသိ ဘူး"

"သြော်. . . ဟိုဟာပါ၊ ဟို. . . တစ်နေ့က ကော်ဖီဆိုင် တစ်ခုမှာ သူနဲ့တိုက်မိပြီး ကျွန်မဝယ်လာတဲ့ကော်ဖီတွေ သူ့အကျႌကိုပေကုန်တာလေ၊ အဲဒါအစားပြန်ဝယ်ပေး ချင်လို့ပါ"

ပြောပြီးမှ ဟန်နီက မိုးထဲရေထဲမှာ ရုတ်တရက်ထွက် လာနိုင်လိုက်တဲ့ အကြံဉာဏ်ကြောင့် "တယ်ဟုတ်တဲ့ ငါပါလား" လို့ တွေးလိုက်မိသေးတယ်။

"သြော်. . . သူက တောင်းလို့လားဗျာ"



www.burmeseclassic.com

www.burmeseclassic.com

## ရာအခင်ကို

ကိုယ့်အတွေးနဲ့ကိုယ် ပြုံးလိုက်မိတုန်းမှာပဲ ရုတ်တရက် ထွက်လာတဲ့ လုံခြုံရေးအစောင့်ရဲ့စကားကြောင့် သူမက ကြောင် သွားရတယ်။ အဲ. . . မဟုတ်ဘူး။ သူမကြောင်သွားရတာက လုံခြုံရေးရဲ့ စကားကြောင့်မဟုတ်ဘူး။ လုံခြုံရေးရဲ့နှုတ်ခမ်းမှာ တွေ့လိုက်ရတဲ့ အပြုံးတစ်ခုကြောင့်ရယ်ပါ။ ဘယ်လိုအပြုံးမျိုးကြီး ပါလိမ့်။ လှောင်ပြုံးလိုလို၊ သရော်သလိုလိုအပြုံးမျိုးကြီး။ ဘာကြီး လဲ။

ဒါပေမယ့် သူမက အဲဒါကို ရှည်ရှည်ဝေးဝေး လိုက်ပါ စဉ်းစားမနေအား။

"ရှင်. . . ဩော်. . . သူကတော့ မတောင်းပါဘူး၊ ဒါ ပေမယ့် ကျွန်မဘက်က မှားထားတာဆိုတော့ ပြန်ပေး မှသင့်တော်မယ် ထင်လို့ပါ"

"သူ့အတွက်တော့ အကျီတစ်ထည်က ဘာမှမပြော လောက်ပါဘူးဗျာ၊ ကျိကျိတက်ချမ်းသာတဲ့ ဘောစိတစ် ယောက်ပဲဟာ"

"ဩော်. . . ဟုတ်ကဲ့၊ ကျေးဇူးပါပဲရှင့်၊ သွားလိုက်ပါဦး မယ်နော်"

"ဟုတ်ကဲ့ခင်ဗျာ. . . ဟုတ်"



## လက်ခုပ်ထဲက မိုးရေစက်များ

ပြန်လာရာလမ်းတလျှောက်မှာ သူမခေါင်းထဲ နောက် ထပ်အတွေးတွေများစွာက ကပ်ပါလာပြန်တယ်။ သူမတို့ ထင်ထားတာက ဒီအမျိုးသားဟာ ဒီလောက်လုပ်ငန်းကြီးတစ်ခု ကို လုပ်ကိုင်နေတဲ့ လူမျိုးလို့တော့မဟုတ်ချေ။ ဒီလိုပဲ အဆင့် အတန်းတစ်ခုမှာရှိနေပြီး မေ့သခင်ကြိုးဆွဲရာကနေရတဲ့ အချစ်ရဲ့ ကျေးကျွန်တစ်ယောက် သာသာလောက် အဆင့်မှာသာ ထားထားမိတာပါ။ အခုတော့ ကုမ္ပဏီပိုင်ရှင် သူဌေးတစ် ယောက်တဲ့။ အဲဒီလိုလူတစ်ယောက်က မေ့သခင်ကြိုးဆွဲရာမှာ လိုက်ကနေတဲ့အဖြစ်က ဘယ်လိုကြီးများပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com





"ဝါဆို ဇာဲဗီဦးကောဝ်းမွန်ဆိုတာက ကုမ္ပဏီပိုင်ရှင် လူဌေးတစ်ယောက်ပေါ့၊ ဟုတ်လား"

ဗိန်စမ်းရဲ့အမေးကို ဟန်နီကခေါင်းတစ်ချက်ညိတ်ပြ
တ်ရင်းက ဖြေမိတယ်။

"အင်း. . . ဟုတ်တယ်၊ တော်တော်ချမ်းသာမယ့်ပုံပဲ"

ဆိုတော့ သာယာကလည်း ခေါင်းတဆတ်ဆတ်ညိတ်
ရင်းက ဆိုတယ်။

"ဝါတို့ထင်ထားတာက ဇာဲဗီလုကို အသက်သုံးဆယ်ငါး လောက်ပဲရှိဦးမယ်လို့ထင်ထားတာနော်၊ သူ့ပုံစံကလည်း တကယ်ဇာဲဗီလောက်ပါပဲ၊ ဗီလောက်အသက်အရွယ်မှာ ဗီလိုကုမ္ပဏီတစ်ခုကို ဦးစီးပြီးဆောင်လုပ်ထားနိုင်တဲ့ လူတစ်ယောက်ရဲ့ အရည်အချင်းက လျှော့တွက်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



မရနိုင်ပါဘူး၊ အဲဒီလိုလူကိုတောင် မေ့သခင်က ကြိုး
ထားနိုင်တယ်ဆိုတော့ကာ မိုးစက်ကိုလိုလူတစ်ယောက်
ကို ချုပ်ကိုင်ထားနိုင်တာဟာ ဘာမှမပြောပလောက်
တော့ဘူး၊ ဖြစ်သင့်ပါတယ်လေ၊ ဒါနဲ့ နင်ဘာဆက်လု
မယ်စိတ်ကူးလဲ"

"မသိဘူး၊ ဘာဆက်လုပ်ရမယ်မှန်းမသိဘူး၊ မနေ့
လိုက်သွားမိတယ်ဆိုတာကလည်း ဟိုပန်တျာညီညီ
ကြောက်လို့ရှောင်ရင်းက တိုက်ဆိုင်သွားတာ"

"အဟင်း. . . နင်နဲ့အဲဒီတစ်ယောက်ကလည်း ရေစ
ကို ပါတာပါဟန်နီရယ်"

စိမ့်စမ်းစကားကြောင့် ဟန်နီက စိတ်ရှုပ်ရတဲ့ကြား
ရယ်လိုက်မိရင်း. . .

"ဟုတ်ပါ့၊ ဆုံ. . . ဆုံနိုင်လွန်းတယ်"

"ဟာ. . . ဟုတ်ပြီ"

ရုတ်တရက်ထအော်လိုက်တဲ့ သာယာ့ကြောင့် ဟန်နီ
စိမ့်စမ်းက လန့်ဖျတ်သွားရတယ်။

"လန့်လိုက်တာဟယ်၊ ဖြည်းဖြည်းလုပ်ပါ၊ ဘာဟုတ်
လဲ"

ဟန်နီ့အမေးကို သာယာက မချိုမချဉ်ပြုံးလိုက်
က. . .





"ပန်တျာညီညီလေ၊ ပန်တျာညီညီ"

"သူက ဘာဖြစ်လို့လဲ"

"ဩော်. . . ငါတို့ ပန်တျာညီညီကို အကူအညီတောင်း
လို့ ရတယ်လေဟယ်"

"ရှင်းအောင်ပြောဟာ၊ နားမလည်ဘူး"

"ဒီလိုလေဟာ၊ ငါတို့က မေ့သခင်နဲ့ဦးကောင်းမွန်ရဲ့
သက်သေကိုလိုချင်တာမဟုတ်လား၊ အဲဒီအတွက်
ငါတို့လုပ်နေတယ်ဆိုတာကိုလည်း မေ့သခင်က သိနေ
တယ်လေ၊ အဲဒီတော့ သူက ဦးကောင်းမွန်နဲ့တွေ့တိုင်း
ပတ်ဝန်းကျင်ကို သတိထားမှာပဲ၊ ငါတို့သာ သူ့နောက်
ကိုလျှောက်လိုက်နေရင် သူက ရှောင်ကွင်းနေမှာပဲ၊
အေး. . . သူမသိသေးတဲ့ ပန်တျာညီညီကိုသာ အကူ
အညီတောင်းပြီး လိုက်ခိုင်းထားလိုက်ရင် အေးဆေး
ပဲလေ၊ မဟုတ်ဘူးလား"

"ဟင်. . . နင်ကလည်း ဟိုတစ်နေ့တုန်းက Junction
Square မှာ ငါတို့နဲ့ ပန်တျာညီညီကို မေ့သခင်က အတူ
တွဲပြီး တွေ့ထားပြီးသားမဟုတ်လား"

"သူသတိမထားမိလောက်ပါဘူးဟယ်၊ တစ်ခါပဲ ဖျတ်ခနဲ
တွေ့လိုက်တာ၊ ပြီးတော့ အဲဒီနေ့က သူက ငါတို့ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com



ပြီး သူ့ဟာနဲ့သူ လန့်ဖျတ်ပြီး ရှောင်သွားတာမဟုတ်လား။ ပန်တျာညီညီကို သူမှတ်မိစရာအကြောင်းမရှိပါဘူး။ ပြီးတော့ မေ့သခင်က ဒါတို့ကိုပဲ စိတ်ထဲမှာမဲနေမှာ"

"အင်း. . . ဖြစ်နိုင်တယ်၊ မဆိုးဘူး၊ နင့်အကြံကောင်းတယ်"

သာယာ့စကားကို စိမ့်စမ်းကလည်း ထောက်ခံတယ်။ ဒါပေမယ့် ဟန်နီကတော့ ပန်တျာညီညီဆိုတာနဲ့တင်ကို တော်တော်ပဲ စိတ်ပိန်နေရပြီ။ ဒါနဲ့ပဲ ခပ်တွေတွေပုံစံလေးဖမ်းထားလိုက်ရင်းကနေ. . .

"ဒါပေမယ့် ပန်တျာညီညီက ကူညီပါ့မလား"

ဆိုတော့. . .

"အမလေး. . . ဟန်နီရယ်၊ မှုမနေစမ်းပါနဲ့၊ နင်ကသာ မြှောက်ပေးလိုက်၊ ဟိုက အဂ္ဂါတက်အောင်ကမှာ"

သုံးယောက်သား အသံထွက်ကာ ရယ်လိုက်မိကြတယ်။ အင်း. . . ဇာတ်မင်းသားကို စုံထောက်လုပ်နိုင်းရဦးတော့မှာပါလား။



အဝတ်အစားတွေကို တစ်စုံပြီးတစ်စုံ ခန္ဓာကိုယ်မှာ ကပ်ကြည့်ကာ မိုးစက်ကိုကို "ဒီဝတ်စုံလေး ဘယ်လိုနေလဲ" "ဒါလေးက သခင်နဲ့အဆင်ပြေလား" စသဖြင့် ပြောကာ ရွေးနေမိတုန်းမှာပဲ မျက်နှာချင်းဆိုင်က အဝတ်အစားဆိုင်ထဲက ထွက်လာတဲ့ လူတစ်ယောက်ကိုအတွေ့မှာတော့ မေ့သခင်ရဲ့ရင်ထဲမှာ ထိတ်ခနဲ ဆောင့်ခုန်သွားရကာ နီးစပ်ရာ အဝတ်တန်းတစ်ခုအောက်မှာ ငုံ့ထိုင်လိုက်ရတယ်။ သူက ဖုန်းပြောရင်းနဲ့ ထွက်လာကာ ဆိုင်နှစ်ခုကြားမှာ ရပ်နေတာဆိုတော့ ရုတ်တရက်သူမကို မတွေ့လိုက်။ တော်ပါသေးရဲ့။ သူမက အရင်တွေ့လိုက်လို့။ နို့မို့ဆိုမလွယ်။

"ဘာဖြစ်လို့လဲ သခင်၊ ဘာတွေ့လို့လဲ"

ဇဝေဇဝါဟန်နဲ့ မေးလာတဲ့ မိုးစက်ကိုကြောင့် သူမက မိုးစက်ရဲ့ လက်ကိုဆွဲကာ သူ့ကိုပါ အောက်ဘက်ထိုင်သွားအောင် ဆွဲယူလိုက်ရင်းက. . .



www.burmeseclassic.com

www.burmeseclassic.com



"ပြောမယ်၊ ပြောမယ်၊ အောက်ကိုထိုင်၊ အောက်ကို ထိုင်"

ဆိုတော့ မိုးစက်ကိုက အောက်ဘက်ကို ခပ်လေးလေးနဲ့ ထိုင်ချလာတယ်။

"ဘာဖြစ်လို့လဲ"

"အစ်ကို. . . အစ်ကိုဝမ်းကွဲကို တွေ့လိုက်လို့၊ သူက စည်းကမ်းအရမ်းကြီးတာ၊ ဒေါသလည်းကြီးတယ်၊ သခင့်ကို ကျောင်းမပြီးမချင်း ချစ်သူရည်းစားမထားရဘူးလို့ပြောထားတာ၊ အခုလိုမိုးစက်နဲ့နှစ်ယောက်တည်းတွေ့လို့ကတော့ သေပြီဆရာပဲ"

"ဩော်. . . အဲလိုလား"

"အင်း"

"ဘယ်နားမှာလဲ"

"ဒီဆိုင်ရှေ့မှာ အကျီအပြာနုနဲ့တစ်ယောက်၊ ဖုန်းပြောနေတာ"

"ဩော်. . . ကိုယ်ထကြည့်လိုက်မယ်လေ၊ ကိုယ့်ကို သူမှ မသိတာ"

ပြောပြောဆိုဆို မိုးစက်က မတ်ကပ်ထရပ်လိုက်တယ်။ သူမ ဆွဲချိန်တောင်မရလိုက်။





"ရှိသေးလား"

မေ့သခင်က လေသံသဲ့သဲ့နဲ့ မေးလိုက်မိတယ်။ ခပ်ကျယ်ကျယ်မေးရင်တောင် အပြင်က ကြားနိုင်မှာ မဟုတ်ပေမယ့်လို့ ထိတ်လန့်စိတ်ကြောင့် အသံကျယ်ကျယ်တောင် မထွက်ရဲဖြစ်သွားရတာပါ။

မိုးစက်က သူမကိုမကြည့်။ ဆိုင်ရှေ့ဘက်ကိုပဲ ကြည့်နေရင်းက ပြန်ပြောလာတယ်။

"ရှိသေးတယ်၊ ခဏနေဦး"

သူမက ခေါင်းညိတ်ကာ ဆက်ထိုင်နေလိုက်တယ်။ နှစ်မိနစ်သုံးမိနစ်လောက်ကြာသွားပြီးမှ မိုးစက်ကိုက ငုံ့ကြည့်ပြုံးပြလာရင်း ဆိုလာတယ်။

"ရပြီ. . . ရပြီ၊ ထွက်သွားပြီ၊ တတော့"

ဒီတော့မှ သူမလည်း ထိုင်ရာကနေ မရဲတရဲနဲ့ ထလိုက်ကာ ဆိုင်ရှေ့ကို ခေါင်းလေးဟင်ဖော်ပြီး ကြည့်ရသေးတယ်။ မရှိတော့တာ သေချာသွားတော့မှ ရဲရဲကင်းတင်း မတ်တပ်ပြန်ရပ်လိုက်ရင်းက. . .

"တော်ပါသေးရဲ့၊ တွေ့မသွားလို့"

ဆိုပြီး သက်ပြင်းမောကို မှုတ်ထုတ်ရတယ်။ ဒါကို မိုးစက်ကိုကကြည့်ကာ ရယ်လိုက်ရင်းမှ. . .



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း. . . တော်တော်လန့်သွားတာလား"

"ဒါပေါ့၊ ကြောက်တာတိုးလို့"

သူက ရယ်ပြန်တယ်၊ သူမကတော့ အခုထိ ရင်တုန်မ
မပျောက်ချင်သေး။



## အခန်း (၁၂)

သူမတို့ရဲ့စကားလည်းဆုံးရော ပန်တျာညီညီက စိတ်ပါလက်ပါကြီးကိုပဲ လက်ခံလာတော့တယ်။

"ဟာ. . . လုပ်မယ်၊ လုပ်မယ်၊ ဟန်းနီလေးကသာ ခိုင်းလို့ကတော့ လကမ္ဘာပေါ်ကိုပဲ ဟန်းနီးမွန်းထွက်ခိုင်းခိုင်း၊ အခု ခေတ်စားနေတဲ့ ဗီဘိုလာဗိုင်းရပ်စ်ကူးစက်နေတဲ့လူကိုပဲ ဖက်နမ်းခိုင်းခိုင်း၊ ဟော့ဒီရင်နှစ်ခြမ်း ပြန်းပြမ်းကွဲချင်ကွဲ သွားစမ်းပါစေ. . . လုပ်ပြီးသားပဲ၊ ဒါပေမယ့် တစ်ခုတော့မေးချင်တယ်၊ အဲဒီဦးကောင်းမွန်ဆိုတဲ့ကောင်နဲ့ ဟန်နီလေးနဲ့က ဘယ်လိုပတ်သက်နေလို့လဲ၊ ကိုယ်အသည်းကွဲရမယ့် ပတ်သက်မှုမျိုးဆိုရင်တော့ လုံးဝမကူညီနိုင်ဘူးနော်"

သူမတို့က မေ့သခင်နဲ့ဦးကောင်းမွန်တို့တွဲနေတာကို ဓာတ်ပုံရိုက်ခိုင်းပေမယ့်လို့ မိုးစက်ကိုနဲ့အကြောင်းတွေ၊ သုံးနိုင်သုံး



www.burmeseclassic.com

www.burmeseclassic.com



ဖလှယ် ကိစ္စတွေကိုတော့ ချန်လှပ်ထားတာဖြစ်ပါတယ်။ ဒီတော့ ပန်တျာညီညီက ဦးကောင်းမွန်ကို ဟန်နီနဲ့ပြေးမြင်လိုက်တာ ဆန်းတော့လည်း မဆန်းပါချေ။ ပန်တျာညီညီက ဒါမျိုးကျတော့ ပါးလိုက်တာမှ လှစ်လှစ်ကလေးရယ်။

"ဘာ. . . ဘာမှမပတ်သက်ပါဘူး၊ ပတ်သက်တာက ဟန်နီသူငယ်ချင်းတစ်ယောက်နဲ့ပါ"

ဟန်နီ့ရဲ့ ခြေတကာကာ လက်တကာကာနဲ့ အငြင်းစကားလည်းဆုံးရော ပန်တျာညီညီရဲ့အကြည့်က သာယာနဲ့ စိမ့်စမ်းတို့ဆီကိုရောက်သွားကာ တစ်ယောက်ဆီကို လက်ညိုးလိုက်ထိုးပြရင်းက. . .

"သူလား. . . သူလား"

လုပ်လာတော့ သာယာနဲ့ စိမ့်စမ်းတို့တွေ ရှုံ့မဲ့ကုန်ကြတယ်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အခြားတစ်ယောက်ပါ၊ ဖဲဒီ တစ်ယောက်က ကိုညီမသိဘူး. . . အဟင်းဟင်း. . ."

လိုချင်တာရှိတော့လည်း ဟန်နီ့မှာ "ကိုညီ"တွေဘာတွေ တောင်လုပ်လိုက်ရတယ်။

"သြော်. . . ဖဲဒီလိုလား။ အိုခေ. . . အိုခေ၊ ဒါဆို အဆင်ပြေတယ်. . . ဟဲဟဲ. . . ကိုယ်က ဟန်နီလေး





ကိုပဲစိတ်ပူတာ၊ သူတို့တွေ(သာယာနဲ့ စိမ့်စမ်းတို့ကို လက်ညိုးနဲ့ ဝေ့ထိုးပြလာရင်း)ကိုတော့ ကျီးထိုးထိုး လဒ(လင်းတ)ဆွဲဆွဲ စိတ်ကိုမဝင်စားဘူး. . . ယီး ဟီး"

သာယာနဲ့စိမ့်စမ်းတို့မျက်နှာတွေက တက်မတတ် ချက်မတတ်ပုံစံတွေ ဖြစ်ကုန်တယ်။ ဒါပေမယ့် ကိုယ်ကအကူအညီတောင်းနေရတာ ဖြစ်တာကတစ်ကြောင်း၊ ပြောနေပြန်ရင်လည်း ရှည်နေမှာစိုးတာက တစ်ကြောင်းတို့ကြောင့် ဘာမှပြောနေကြတော့ဘဲ အီလည်လည်မျက်နှာတွေနဲ့သာ ပြုံးနေကြရတော့တယ်။ ဟန်နီ့မှာ သူတို့နှစ်ယောက်ကိုကြည့်ကာ ရယ်ချင်လိုက်တာမှ အူတွေကို လိပ်နေတာပဲ။ ဒါပေမယ့် မရယ်မိအောင်ထိန်းရင်း ပန်တျာညီညီကို ပွဲသိမ်းရိုက်ဖို့ ချူဆီဆက်ညှိရတယ်။

"ဒါနဲ့ စိတ်ချလိုက်မယ်နော်၊ အားကိုးလို့ရတယ် မဟုတ်လားဟင်"

ဟန်နီ့စကားလည်းဆုံးရော ပန်တျာညီညီရဲ့ မျက်နှာကြီး ဝင်းပသွားလိုက်တာများ ဆလိုက်မီးကြီးတင်ခု ထိုးလိုက်သလို ပဲ၊

"ဟား. . . ရတာပေါ့၊ ရတာပေါ့လို့၊ အားကိုးလိုက်စမ်းပါ (အရိုးခေါက်ခက် သွားရင်ဘတ်ပြားပြားကြီးကို ဘုန်းခနဲမြည် အောင်ပုတ်ပြလာရင်းက) ဟန်နီ့အတွက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ဟောဒီကိုညီက ဆီဆားအစုံနဲ့ ပြည်စားရုံလေးပါကွယ် ဟဲဟဲ. . . ဟဲ. . . အားကိုးလိုတ်စမ်းပါ၊ ကိုယ်တာ ဇာတ်ထဲမှာဆို အဲဒီလို စုံထောက်ဇာတ်လမ်းတွေ အများကြီး သရုပ်ဆောင်ထားတာပါ ဟန်နီလေးရယ် ရှားလော့ခ်ဟုမ်းတို့၊ ဆားပုလင်းနှင်းမောင်တို့လော ကတော့ ဖျင်းတောင်ဖျင်းသေးတယ်. . . ငှဲငှဲငှဲ၊ အား ကိုးလိုက်စမ်းပါ. . . ယုံလိုက်စမ်းပါ. . . ”

“ကိုးတယ်. . . ကိုးပါတယ်၊ ယုံလည်းယုံတယ်၊ ဒါ သွားရမှာက ကျောင်းပိတ်ရက် စနေတနင်္ဂနွေနေ့ တွေ နော်၊ သွားရမယ့်လိပ်စာက ဒီမှာ”

သူမက ပန်တျာညီညီရှေ့ဘက်ဆီ လိပ်စာရေးထား စာရွက်တစ်ရွက်ကို ထိုးပေးလိုက်တယ်။ ပန်တျာညီညီက လိပ် ကို တစ်ချက်ဖတ်ကြည့်ပြီးနောက်မှာတော့ လက်ညှိုးလက် ဝိုင်းပြကာ ဇာတ်မင်းသားလေသံနဲ့ ဟထိုးသံ များများထည့် ပြောလာတယ်။

“ဟိုခေ(အိုခေကို ဆိုလိုသည်). . . ”



## အခန်း (၁၃)

သိပ်တော့ မစောင့်လိုက်ရပါဘူး။ ကြက်ကန်းပဲဆန်အိုးတိုး သလား။ မေ့သခင်ပဲ သတိလွှတ်သွားသလားတော့ မပြောတတ် ပါဘူး။ သုံးလေးရက်ကြာတဲ့အခါမှာတော့ ပန်တျာညီညီက သူမတို့ဆီကို မေ့သခင်နဲ့ ဦးကောင်းမွန်တို့ရဲ့ နှစ်ယောက်တွဲပုံတွေ ကိုယူဆောင်ကာ ရောက်လာပါတော့တယ်။ ပုံတွေက စားသောက် ဆိုင်မှာ ထိုင်နေတဲ့ပုံတွေရော၊ ဈေးဝယ်အတူထွက်နေတဲ့ပုံတွေ ရောပါပဲ။

“ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား ဟန်နီလေး”

“ပြေတယ်. . . ပြေတယ်၊ ကျေးဇူးလည်း အများကြီး တင်တယ်သိလား”

“ဒကျေးဇူးတင်စရာ မလိုပါဘူးဟန်နီလေးရယ်၊ this man နဲ့ this woman ကြားမှာ ဒါမျိုးတွေမလိုအပ်ပါဘူး၊ ဟန်



www.burmeseclassic.com

www.burmeseclassic.com



နီလေးနှလုံးသားမှာ ကိုယ့်ကြီးစားမှုအတွက် အသိအမှတ်
ပြုပေးထားရင်ပဲ ကိုညီက ကျေနပ်ပါပြီ. . . ဟဲဟဲ"

သူမတို့သုံးယောက်က ဓာတ်ပုံတွေကို စိတ်ဝင်တစား
ကြည့်နေရင်းက ဘေးမှာရှိနေတဲ့ ပန်တျာညီညီကို ပြောချင်ရာ
ပြော ဒီနေ့တော့ ဘေးမဲ့ပေးတယ်ဆိုတယ်အထာနဲ့ လွှတ်ပေး
ထားလိုက်တယ်။ ပြီးမှ သိချင်လာတာကို မေးရတယ်။

"ဒါနဲ့ ဒီပုံတွေရဖို့ ဘယ်လိုရိုက်ယူခဲ့ရလဲဟင်၊ သူတို့မသိ
ဘူးလား"

ဆိုတော့ ပန်တျာညီညီက တပ်ထားတဲ့ နေကာမျက်မှန်
ကို နဖူးပေါ် ဟန်ပါပါပင့်တင်၊ ကော်လာစကို ဆွဲဆန့်ထောင်
လိုက်ရင်းမှ. . .

"ဘယ်သိမလဲ၊ ကိုယ်ပါ၊ ပန်တျာညီညီလေ၊ တခြားသူ
မဟုတ်ပဲ၊ ကိုယ်က အဲဒီကောင်မလေး. . . ဘယ်သူ. . .
မေ့သခင်. . . အင်း. . . အဲဒီကောင်မလေးတို့ လမ်း
ထိပ်မှာ စနေနေ့ကတည်းက တစ်နေကုန်တစ်နေခင်း
ထမင်းထုပ်နဲ့ သွားစောင့်နေတာလေ၊ စနေနေ့ကတော့
ဘာမှမထူးခြားဘူး၊ တနင်္ဂနွေနေ့ရောက် သူ့ကို အဲဒီ
ဦးကောင်းမွန်ဆိုတဲ့ဘဲကြီးက လာခေါ်သွားတာ တွေ့
တာနဲ့ သူတို့နောက်ကနေ လိုက်သွားရတာပေါ့၊ ကိုယ်က



# လက်ခုပ်ထဲက မိုးရေစက်များ

ခပ်တည်တည်နဲ့ ဟန်ကိုယ့်ဖို့လုပ်ထားတော့ ဘယ်ရိပ်မိ
ပါ့မလဲ၊ ဟန်နီလေးသိတဲ့အတိုင်း ကိုယ်က ဥပမိရှပ်
ကိုယ်က ခန့်ညားပြီးသားဆိုတော့လေ. . . ဟဲဟဲဟဲ"

"ဟင်းဟင်းဟင်း. . . ဟုတ်တာပေါ့၊ ကိုညီဥပမိရှပ်က
ခန့်ခန့်ညားညားကြီးဆိုတော့ ဒီလို ခွေးသူခိုးအလုပ်မျိုး
ကို လုပ်လိမ့်မယ်လို့ ဘယ်ထင်ပါ့မလဲ ဟင်းဟင်း
ဟင်း. . ."

"ဒါပေါ့. . . ဒါပေါ့. . . အင်. . . မဟုတ်ဘူးလေ၊
ဘယ်က ခွေးသူခိုးက ပါလာရတာလဲ"

"ဩော်. . . အဟင်းဟင်း. . . မှားသွားလို့၊ မှားသွား
လို့၊ ခိုးကြောင်ခိုးဝှက်အလုပ်လို့ ပြောတာပါ. . . ဟင်း
ဟင်း"

"စုံထောက်အလုပ်လို့ပြောစမ်းပါ ဟန်နီလေးကလည်း. . .
မရှိမယ့်ရှိမယ့်ရိုးလ်ကို လာချနေပြန်ပြီ"

"အဟင်းဟင်း. . . ဟုတ်တယ်. . . ဟုတ်တယ်. . .
ဟန်နီဆိုလိုတာကလည်း အဲဒီအဓိပ္ပာယ်ပါပဲ၊ ဟိုဟာ
စကားလုံး ရွေးချယ်မှုအားနည်းသွားတာ. . . ဟင်း
ဟင်း"



www.burmeseclassic.com

www.burmeseclassic.com

# ရာဇဝင်ကို

ဟန်နီက ပန်တျာညီညီကိုလည်း၊ တလိုက်တထိုက် စကားပြောနေရသလို ခေါင်းထဲမှာလည်း ဓါတ်ပုံတွေကို မိုးစက်ကို ဆီရောက်အောင် ဘယ်လိုပို့ပေးရမလဲဆိုတာကို အကြံထုတ်နေမိတယ်။

ပန်တျာညီညီကို အကူအညီတောင်းလို့တော့ မဖြစ်တော့ဘူး။ တော်ကြာ "ဒီမိုးစက်ကိုဆိုတဲ့ကောင်က ဘယ်က ထပ်ပါလာရ ပြန်တာလဲ" ဆိုပြီး မေးနေရင် လှည့်ပတ်ပြီး ထပ်လိမ်နေရဦးမယ်။ ဒါနဲ့ သူမက delivery နဲ့ပဲ ပို့ပေးဖို့ ဆုံးဖြတ်လိုက်တော့တယ်။



နောက်တစ်နေ့မှာတော့ သူမတို့တွေက တစ်ခုခုတော့ ထူးခြားတော့မယ်ဆိုတဲ့ အတွေးမျိုးနဲ့ ကျောင်းကိုလာခဲ့ကြတာပါ။ ဒါပေမယ့် တကယ်တကယ် သူမတို့ရင်ဆိုင်လိုက်ရတာကတော့ ဘယ်လိုမှကိုထင်မှတ်မထားတဲ့ အဖြစ်မျိုးရယ်ပါ။

သူမတို့ပို့လိုက်တဲ့ပုံတွေကိုကြည့်ပြီး မိုးစက်ကိုနဲ့ မေ့ခင်တို့က သဘောတကျကို ရယ်နေကြတော့တာပါ။ သူမတို့ ကိုလည်း ပြလာသေးကာ. . .

"ဒီမှာကြည့်ပါဦးဗျာ၊ သခင်နဲ့ သူ့အစ်ကိုဝမ်းကွဲတို့ရဲ့ပုံတွေကို ကျွန်တော့်ဆီပို့ပေးပြီးတော့ ကျွန်တော်တို့နှစ်ယောက်ကို သွေးခွဲပေးတယ်တဲ့၊ ဘယ်သူလဲမသိပါဘူး၊ တော်တော်ရယ်ရတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



သူမတို့သုံးယောက်မှာတော့ မိုးစက်ကိုကိုကြည့် ဘာပြောလို့ပြောရမှန်းကိုမသိတော့။ ဒီလောက်အကောင်လို ပြထားတာကိုတောင် သူက မမြင်နိုင်ရှာ။

သူမက မေ့သခင်ကိုတစ်ချက်ကြည့်မိတော့ မေ့သခင် ဘယ့်နှယ်ရှိစဆိုတဲ့ပုံစံမျိုးနဲ့ သူမကို ခပ်ထေ့ထေ့ပြုံးပြလာတ မေ့သခင်ကတော့ ဒီဓာတ်ပုံတွေ သူမတို့ပို့လိုက်တယ်ဆိုတာ ဇသချာပေါက်ရိပ်နေတဲ့ပုံမျိုးပါ။

"ကျွန်တော်က သခင့်အစ်ကိုနဲ့ တွေ့ဖူးထားလို့ သ ဗျာ၊ သူ့ကိုသာမြင်ဖူးမထားရင် အဲဒီလူရဲ့လုပ်ရပ် ကျွန်တော်တို့ကို ခဏလောက်တော့ ပြဿနာတ သွားစေမှာ အမှန်ပဲ"

ဟန်နီက မေ့သခင်ဆီက အကြည့်ကို မိုးစက်ကို လိုက်တယ်။ ပြီးမှ မိုးစက်ကိုရဲ့ခေါင်းထဲ အတွေးတစ်ခုခု ဝင်သွားပါစေဆိုတဲ့ စိတ်မျိုးနဲ့ ပြောလိုက်မိတာက. . .

"အကြောင်းမဲ့ကြီးတော့ မလုပ်လောက်ပါဘူး၊ အကြေ တစ်ခုခုတော့ ရှိလို့နေမှာပေါ့"

"သခင့်ကိုကြိုက်နေတဲ့ကောင်တွေထဲက တစ်ယော ယောက်နေမှာပေါ့ဗျာ၊ ကျွန်တော်နဲ့သခင် အဆင်မ အောင် တမင်ချောက်ချတာဖြစ်မှာပါ"



# လက်ခုပ်ထဲက မိုးရေစက်များ

ဂိတ်ဆုံးရှာပြီ။ သူအတွေးက အဲဒီလောက်နဲ့တင် ရပ်တန့်သွားလေပြီ။ သူမက သက်ပြင်းမောကို မသိမသာ ကျိတ်ချလိုက်မိတယ်။ သာယာနဲ့စိမ့်စမ်းတို့ကတော့ မိုးစက်တို့ကိုပဲ စိတ်ပျက်သွားတာလား၊ ပြောစရာစကားတွေပဲ ပျောက်ဆုံးသွားကြတာလားတော့ မပြောတတ်။ ဘာမှကို ဝင်မပြောကြဘဲ ကျောက်ရုပ်တွေလို ငြိမ်သက်နေကြတယ်။

နောက်ဆုံးတော့ ဟန်နီနဲ့မေ့သခင်ပဲ မျက်လုံးချင်းဆုံသွားကြပြန်တယ်။ တစ်ယောက်ပြောချင်တာကို တစ်ယောက်က မျက်လုံးတွေကနေတဆင့် ကောင်းကောင်းဖတ်နေနိုင်ကြပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





ဟန်နီ့ဆီကို မေ့သခင်ရောက်လာတဲ့အခါမှာတော့ ဟန်နီက ဆူးပြီး အံ့သြမနေတော့ပါ။ ရောက်လာမယ်ဆိုတာကို ကြိုသိနေတဲ့အတွက် ဟန်နီကလည်း စောင့်နေတာပါပင်။ ဒီတော့ အေးအေးဆေးဆေး စကားပြောလို့ရမယ့်နေရာတစ်ခုကိုပဲ သူမတို့နှစ်ယောက်က ထွက်လာခဲ့လိုက်ကြတယ်။

"နင်တို့လုပ်ရပ်တွေ အခုထိမရပ်သေးဘူးလား၊ ဟင်. . . ဘယ်လောက်အထိ နှောက်ယှက်နေကြဦးမှာလဲ၊ ပြောကြစမ်းပါဦး၊ ဓာတ်ပုံတွေကို နင်တို့ပို့လိုက်တာမဟုတ်လား၊ ဟုတ်ပါတယ်၊ ငါ သိကိုသိနေတယ်၊ ဒါမျိုးလုပ်မှာ နင်တို့ပဲ ရှိတယ်"

ဒီတစ်ခါတော့ ဟန်နီက ဝေ့ဝိုက်ရှောင်ကွင်းကာ လိမ်မနေချင်တော့ပါ။ ဒီတော့ ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ငါတို့လုပ်တာ၊ အဲဒါဘာဖြစ်လဲ၊ ငါတို့လုပ်သင့်လို့ လုပ်တာပဲလေ"

"လုပ်သင့်လို့၊ ဟုတ်လား. . . ဘာလုပ်သင့်တာလဲ ငါတို့ချစ်သူနှစ်ယောက်ကို မကွဲကွဲအောင် လုပ်နေတာ အဲဒါ လုပ်သင့်တဲ့ကိစ္စလား"

"လုပ်သင့်တဲ့ကိစ္စ ဟုတ်သလား၊ မဟုတ်ဘူးလားဆိုတာ ကာယကံရှင်ဖြစ်တဲ့နင်က ပိုသိမှာပါ၊ ငါတို့ပြောနေစရာမလိုပါဘူး"

"သိတယ်၊ သိပ်ကိုသိတာပေါ့၊ နင့်မျက်လုံးတွေကို ငါက ကောင်းကောင်းကြီးကို သိနေတာ၊ နင် မိုးစက်ကို့ကို မျှော်လင့်နေတာ နင့်မျက်လုံးတွေမှာ ငါတွေ့နေသားပဲ နင်က မလန့်တဲ့ပွဲကို လှန့်ပြီး ဖျာဝင်ခင်းဖို့ လုပ်နေတာပဲ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ငါဝန်ခံတယ်၊ ငါ မိုးစက်ကို့ကို ချစ်တယ် ဒါပေမယ့် ဒီလိုလုပ်နေတယ်ဆိုတာ သူ့အချစ်ကိုမျှော်လင့်နေလို့လုပ်တာဆိုတာကိုတော့ ငါငြင်းတယ်၊ ငါ လုပ်နေတာက နင်နဲ့ မိုးစက်ကိုရဲ့အချစ်က မတန်ဘူး လို့ထင်လို့"





"နင်နဲ့တော့ တန်တယ်ပေါ့လေ၊ ဟင်းဟင်း. . . စကားလုံးလှအောင် လျှောက်ပြောမနေစမ်းပါနဲ့ ကိုယ့်အကြောင်း ကိုယ်သိစမ်းပါ၊ မိန်းမနောက်ပိုးဆိုပြီး အရှက်မကွဲချင်ရင် နင်လုပ်နေတာတွေကို ရပ်လိုက်တော့၊ ဒီထက်ဆိုးလာရင် ဒါတွေလုပ်နေတာဟာ နင်ပါဆိုတာကို မိုးစက်ကို သိအောင် ငါပြောပြရလိမ့်မယ်"

"ပြောလေ. . . ပြောလိုက်ပေါ့၊ နင့်ကိုလည်း ငါက ပြန်သတိပေးလိုက်မယ်၊ မိုးစက်ကိုကို နင်တကယ်ချစ်တယ်ဆိုရင် တခြားနင့်ဇာတ်လမ်းတွေကို ရှင်းပစ်လိုက်ပါ၊ အဲဒီလိုသာဆိုရင် ငါဘာမှဆက်မလုပ်ဘဲနေပေးလိုက်မယ်၊ ဒီလိုမှမဟုတ်ဘဲ နင်အချိုးမပြောင်ဘူးဆိုရင်တော့ နင်အားလုံးကို ဆုံးရှုံးသွားရလိမ့်မယ်ဆိုတာ နားလည်ထားလိုက်ပါ. . . အိုခေနော်"

"နင်အဲဒီလိုလုပ်လို့ ငါနဲ့မိုးစက်ကို ပြတ်သွားရင်ရော မိုးစက်ကိုက နင့်ကိုချစ်လာမယ်ထင်လို့လား၊ စိတ်ကူးတွေယဉ်မနေစမ်းပါနဲ့၊ အိပ်မက်မက်နေတယ်ဆိုရင်လည်း မျက်နှာသစ်ပစ်လိုက်ဖို့ သင့်နေပြီဟန်နီ"



www.burmeseclassic.com


www.burmeseclassic.com



မေ့သခင်ရဲ့စကားကြောင့် ဟန်နီက ပြုံးလိုက်မိတယ်။ မိုးစက်ကိုရဲ့အချစ်က သူမအတွက်ဖြစ်မလာနိုင်ဘူးဆိုတာ အစကတည်းက ကြိုတွက်ထားပြီးသားဖြစ်တဲ့အတွက် ဘာအိပ်မက်မှလည်း သူမ ကြိုတင်မက်မထားခဲ့ဖူးပါဘူးလေ။

"ငါပြောပြီးပါပကော၊ သူ့ဆီက ငါဘာကိုမှမမျှော်လင့်ဘူးလို့၊ ဒါပေမယ့် ငါ့အတွက် သိပ်ကိုတန်ဖိုးကြီးလွန်းတဲ့ အဖိုးတန်လွန်းတဲ့သူ့အချစ်တွေ နွံနစ်နေရတဲ့အဖြစ်ကိုတော့ ငါ လက်ပိုက်ကြည့်မနေနိုင်ဘူးမေ့သခင်၊ ရှင်းတယ်နော်၊ ဆီးယူ. . ."

ပြောပြီး ဟန်နီက လှည့်ထွက်လာခဲ့လိုက်တော့ မေ့သခင်ဟာ တောက်တစ်ချက်ကိုခပ်ပြင်းပြင်းခေါက်ကာ ကျန်နေခဲ့တယ်။ ကိုယ့်ချစ်ရသူရဲ့အချစ်က ကိုယ့်အတွက်ဖြစ်မလာခဲ့ရင်တောင် အဲဒီအချစ်ကို အရောင်တင်ပေးရတာဟာလည်း အချစ်ပဲတယ်ဆိုတာ နင်မှ မသိဘဲ မေ့သခင်ရယ်။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၄)

တကယ်လို့ အဲဒီနေ့ အဲဒီနေရာမှာသာ သူ့အသည်းကွဲရမယ်ဆိုတာကို ကြိုသိခဲ့ရင် မိုးစက်ကိုက အဲဒီနေ့ ဦးလေးဖြစ်သူဦးနေဝါခေါ်တဲ့ My Garden ကို လိုက်လာခဲ့မိမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ပုထုဇဉ်ဆိုတာမျိုးက ရှေ့ကိုကြိုသိနိုင်တဲ့အမျိုးတွေမဟုတ်လေတော့လည်း ဦးလေးခေါ်ရာနောက်ကို လိုက်လာခဲ့မိတော့တာပေါ့။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို ထူထောင်ထားတဲ့ ဦးလေးဖြစ်သူက အရင်ကလည်း သူ့အားရင်အားသလို သူ့ကိုခေါ်ကာ ဆိုင်တွေဘာတွေ သွားထိုင်တတ်သူမို့ ဒီနေ့လည်းဦးလေးက My Garden မှာ နေ့လည်စာ သွားစားရအောင်ကွာဆိုတာနဲ့ လိုက်လာခဲ့မိတာပါ။

ဒါပေမယ့် နေ့လည်စာစားနေတဲ့အထိတော့ ရာသီဥတုက သာသာယာယာပါပဲ။ အဲ. . . နေ့လည်စာထမင်းစားပြီးလို့



www.burmeseclassic.com

www.burmeseclassic.com



အအေးသောက်နေတဲ့အချိန်ကျတော့မှ ရုတ်တရက်ဆိုသလို မုန်တိုင်းက ကျလာတော့တာပါ။

မိမိတို့နဲ့ မလှမ်းမကမ်းက စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်တဲ့ လူတစ်ယောက်ကြောင့် မိုးစက်ကိုရဲ့ရင်ထဲမှာ ထိတ်ခနဲတောင် ဆောင့်ခုန်သွားရတယ်။

"ဦးကောင်းမွန်"

စိတ်ထဲကနေတောင် ရေရွတ်လိုက်မိတဲ့အထိပါပဲ။ ပြီးတော့ အဲဒီအချိန်မှာပဲ ဦးလေးဖြစ်သူက "ခဏကွာ" ဆိုပြီး ထသွားကာ ဦးကောင်းမွန်ရှိရာဝိုင်းဆီကို လျှောက်သွားပြီး စကားသွားပြောနေတဲ့ အချိန်မှာတော့ မိုးစက်ကိုရဲ့ရင်ထဲမှာက ကုလားဘုရားပွဲစလှည့်နေပြီ။

ဦးလေးနဲ့ ဦးကောင်းမွန်နဲ့က အသိတွေဆိုတဲ့အသိက ရင်ခုန်သံကိုမြန်စေတယ်။ ပြီးတော့ မျက်လုံးထဲမှာ သခင့်ကို ပြေးမြင်လိုက်ရင်းက မိမိတို့နှစ်ယောက်ကိစ္စကို ဦးကောင်းမွန် သိသွားရင်တောင်မှ ကိုယ်ဟာ ဦးလေးနေဝါရဲ့ တူအရင်းခေါက် ခေါက်ဖြစ်နေတယ်ဆိုတဲ့အဖြစ်က ပြဿနာတစ်ဝက်လောက်တော့ ငြိမ်းအေးသွားစေနိုင်လိမ့်မယ်လို့ ထင်လိုက်မိတာအမှန်။

အဲဒီအချိန်မှာပဲ ဦးလေးက ဦးကောင်းမွန်ရဲ့ဝိုင်းကနေ ထလာကာ ကိုယ့်ဝိုင်းမှာကိုယ် ပြန်လာထိုင်တယ်။ ဒီအချိန်မှာတော့





မိမိရဲ့စိတ်တွေက သိချင်စိတ်တွေ တဖွားဖွားပေါ်ပေါက်လာခဲ့ရပြီ။

"ဦးလေးနဲ့ ဦးကောင်းမွန်နဲ့က အသိတွေလား"

"အင်းလေ. . . စီးပွားဖက်တွေဆိုပါတော့၊ ဒါနဲ့ မင်းက သူ့ကိုသိတယ်လား"

"အဟင်း. . . သိတာပေါ့၊ သိဆို သူ့ညီမဝမ်းကွဲက ကျွန်တော့် သူငယ်ချင်းလေ"

သူက "ရည်းစားလေ" လို့မသုံးဘဲ ဆုတ်သာလှုံးသာဖြစ်အောင် "သူငယ်ချင်းလေ" လို့ပဲ သုံးလိုက်မိတယ်။ ဒီတော့ ဦးလေးက ခေါင်းတစ်ချက်ညိတ်ပြလာရင်းက. . .

"ဪ. . . ဟုတ်လား၊ အေး. . . အမ်. . . မဟုတ်သေးပါဘူး၊ သူ့မှာညီမဝမ်းကွဲမှ မရှိဘဲနဲ့"

လို့ဆိုလာတော့ သူကပြုံးလိုက်ရင်း ဆိုမိတယ်။

"ဦးလေးကလည်း ရှိပါတယ်၊ ဦးလေးမသိလို့ နေမှာပါ"

ဦးလေးက ခေါင်းယမ်းတယ်။

"မရှိပါဘူးဆိုကွာ၊ သူ့အကြောင်းကို ငါကောင်းကောင်း သိတယ်၊ သူ့မိဘနှစ်ပါးစလုံးကလည်း ကျိုကျိုတက်ချမ်းသာတဲ့ တစ်ဦးတည်းသောသားသမီးတွေ၊ သူတို့က မွေးလာတဲ့ သူကလည်း တစ်ဦးတည်းသောသား၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမဝမ်းကွဲမှ မရှိသလို အရင်းလည်းမရှိဘူး" သခင့်ကိုပြေးမြင်မိပြန်တယ်။ စိတ်ထဲမှာ ထင့်ခနဲဖြ သွားလိုက်ပေမယ့် သခင့်ကိုယုံကြည်ထားမိတဲ့စိတ်က ဦးလေ အပေါ်ကိုပဲ သံသယဖြစ်သွားစေတယ်။

"ဟုတ်လို့လား ဦးလေးရဲ့"

"ဟုတ်ပါတယ်ဆိုကွာ၊ ဦးကောင်းမွန်ဆိုတာက မျိုးရိုး ဆက် ချမ်းသာလာခဲ့သလို လောလောဆယ်မှာလည်း စီးပွားရေးလုပ်ငန်းများစွာကို ဦးစီးဦးဆောင်လုပ်ကို ထားနိုင်တဲ့သူ၊ ပြီးတော့ အလုပ်မှာလည်း သိပ်တော်တ အတွက် သူနဲ့ငါ ပရောဂျက်တစ်ခုမှာ အလုပ်တွဲလုပ် မယ်ဆိုတဲ့ အခါကျတော့ သူ့အကြောင်းတွေအကုန်လုံ ကို ငါ သေချာစုံစမ်းကြည့်ပြီးသား၊ သူ့မှာ ဘာမောင်နှ မှ မရှိဘူး"

"ဟုတ်လို့လား. . . ဦးလေးရ"

"ဩော်. . . ကဲ. . . ခက်နေပါပြီ၊ ဟုတ်ပါတယ်ဆိုေ ကွာ၊ သူ့မှာ မိန်းမမရှိဘူး၊ အေး. . . ဒါပေမယ့်လို့ အ အလင်းသာ ယူမထားတာ၊ ပေးကမ်းပြီး တိတ်တိတ်ပုန် ယူထားတဲ့ မိန်းမတွေတော့ အများကြီးရှိတယ်ပြော တယ်၊ စပွန်ဆာသဘောမျိုးပေါ့ကွာ၊ အထင်တော





သေးနဲ့နော်၊ ငါသိတာတင်ကို ငါးယောက်လောက်ရှိ တယ်၊ အကုန်လုံးက ငယ်ငယ်ချောချောလေးတွေ ချည်းပဲဆရာ၊ အကုန်လုံးကိုလည်း အိမ်တစ်ဆောင်မီး တပြောင်နဲ့ကို ထားပေးထားတာ၊ ချမ်းသာတဲ့လူဆို တော့ လုပ်ရင်လုပ်သလိုဖြစ်နေတာလေ၊ သူ့အသက်က လေးဆယ့်တစ်နှစ်ရှိနေပြီ၊ ငါ့ထက် သုံးနှစ်ပဲငယ်တာ၊ ဒါပေမယ့် မင်းကြည့်လိုက်လေ၊ သူ့ပုံစံက နုတော့ မသိရင် အသက်သုံးဆယ်ကျော်၊ သုံးဆယ့်ငါးလောက်ပဲထင်ရ တယ်မလား၊ အဲဒီလိုရုပ်ကလေးကလည်းရှိ ငွေကလည်း အိမ်မှာအပေါဆုံးက အဲဒါပဲဆိုတာလိုမျိုး ဖြစ်နေတော့ စွံပြီပေါ့၊ သူ့မိဘတွေက သူ့ကိုအတည်တကျ မိန်းမတစ် ယောက်ကိုယူစေချင်တာ၊ ဒါပေမယ့် သူက အဲဒီလို ချုပ်နှောင်ခံထားရမှာမျိုးကို လုံးဝမလိုချင်တာတဲ့ဆရာ၊ တော်တော်များများကို သူကပဲချုပ်ထားတာ၊ ငါထင်ပါ တယ် မင်းသူငယ်ချင်းဆိုတာလည်း သူ့ရဲ့ဆွဲတီလေး တွေထဲက ခပ်ငယ်ငယ်တစ်ယောက်ပဲနေမှာ၊ မင်းမှာ ဓာတ်ပုံရှိလား၊ ရှိရင်ငါ့ကိုပြ၊ သူ့ဆွဲတီလေး သုံးယောက် လောက်ကို ငါမြင်ထားဖူးတယ်၊ ဒီလိုပဲ လုပ်ငန်းလုပ်ရင်း နဲ့ သွားရင်းလာရင်း မြင်ထားဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးရဲ့စကားတွေက သူ့နားထဲမှာ မိုးကြိုးအစင်းပေါင်းများစွာ ပစ်ခွင်းချခံလိုက်ရသလိုပါပဲ။ ပြီးတော့ တစ်နေ့ကသူ့ဆီကိုရောက်လာတဲ့ ဦးကောင်းမွန်နဲ့ သခင့်ရဲ့ဓာတ်ပုံတွေ၊ အဲဒီဓာတ်ပုံတွေကို ဘယ်သူပို့လိုက်တာလဲ။ ဦးကောင်းမွန်များပို့လိုက်တာလား။ သခင်ကရော အဲဒီလိုမိန်းကလေးတစ်ယောက်ဖြစ်နိုင်ပါ့မလား။ စိတ်ထဲမှာတော့ နောက်ဆုံးအချိန်အထိ သခင့်ကို ယုံကြည်ပေးနေမိပြန်တယ်။

ဒါပေမယ့် သူ့လက်တွေကတော့ ဟန်ဖုန်းကိုထုတ်ကာ အထဲမှာသိမ်းထားမိတဲ့ သခင်တစ်ယောက်တည်းရိုက်ထားတဲ့ပုံတစ်ခုကို ထုတ်ကာနေမိပြီ။ ပြီးတော့မှ ဦးလေးရှေ့ကို တိုးပေးလိုက်ရင်းက. . .

"ဒီ. . . ဒီတစ်ယောက်လေ"

လက်တွေများတောင် တုန်နေသလားမသိပါ။ ဦးလေးက ဖုန်းကိုကောက်ယူကာ တစ်ချက်ကြည့်တယ်။ ဒါပေမယ့် သိပ်ကြာကြာမကြည့်။ သူ့ရှေ့ကို ဖျတ်ခနဲပြန်ထိုးပေးလာရင်းက "ငါထင်တဲ့ဒေတိုင်းပဲ" ဆိုတဲ့အထာမျိုးနဲ့ ပြုံးလာရင်းက. . .

"ဟင်း. . . သေချာတာပေါ့။ အဲဒါ သူ့ရဲ့ဆွိတ်ီလေးတွေထဲက တစ်ယောက်ပဲ၊ သူ့ကိုငါ မြင်ဖူးတယ်၊ ဟိုတယ်တစ်ခုက ရေကူးကန်မှာဆုံကြတာ၊ ပြီးတော့ စားသောက်





ဆိုင်တွေမှာလည်း နှစ်ခါလောက်အတူဆုံဖူးတယ်၊ တော်တော်ငယ်သေးတယ်လို့တော့ထင်သား၊ သူက မင်းတို့ကျောင်းမှာ တက်နေတာလား"

သူ ခေါင်းငိုက်စိုက်ကျသွားတယ်။ ဒါကို ဦးလေးက ခေါင်းညိတ်ပြတယ်လို့များ ထင်သွားလားမသိ။ သူပြောချင်တာကိုသာ အရှိန်ရနေဟန်နဲ့ ဆက်ပြောလာတယ်။

"ဦးကောင်းမွန်ကို သူ့အစ်ကိုဝမ်းကွဲလို့ပြောထားတယ်ပေါ့ အဟင်း. . . အဲလိုပဲပြောတော့မှာပေါ့ အတိအလင်းယူထားတာမှ မဟုတ်တာလေ၊ ဟားဟား. . . မင်းတို့ကျောင်းကကောင်တွေ သူ့ကိုသာ သွားကြိုက်မိလို့ကတော့ လှည်းကြိုးထမ်းဖို့သာ ပြင်ထားပေတော့ပဲ၊ ဦးကောင်းမွန်က သူ့ကို ဘယ်အချိန်ကန်ထုတ်မလဲ မသိဘူး၊ ဦးကောင်းမွန်က ဘယ်တစ်ယောက်ကိုမှ ကြာကြာမတွဲဘူး၊ သူ မလိုချင်တော့ရင် ကန်ထုတ်လိုက်တာချည်းပဲ၊ ဒါပေမယ့် သူနဲ့တွဲလိုက်ရတဲ့ မိန်းကလေးတွေကလည်း အဲဒီလိုကန်ထုတ်ခံရတာကို လွမ်းနေကြမယ်တော့ မထင်ပါဘူး၊ တစ်ယောက်လိုတာကို တစ်ယောက်က ဖြည့်ဆည်းပေးကြတာပဲလေ၊ ဦးကောင်းမွန်ကလည်း သူလိုလို့ သူတို့ကိုတွဲသလို၊ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း သူတို့လိုချင်တာရှိတော့ ဦးကောင်းမွန်ဆီမှာ ကျဆုံးခံလိုက်ကြတာပေါ့။ အခိုကတော့ ဆင်းရဲချို့တဲ့ပြီး ဘဝကိုချမ်းချမ်းသာသာနဲ့ အလွယ်လမ်းလိုက်ပြီး တည်ဆောက်ချင်တဲ့ မိန်းကလေးတွေပဲနေမှာပေါ့။ အစကတည်းက ပတ်သက်ကတည်းက အချစ်ကြောင့်ပတ်သက်ခဲ့ကြတာမဟုတ်ဘူးလေ၊ ငွေကြောင့်ပတ်သက်ခဲ့တာဆိုတော့ ဇာတ်လမ်းဆုံးသွားရင်တောင် သူတို့လိုတာရလိုက်တဲ့အတွက် အေးဆေးပဲဆိုတဲ့ မိန်းကလေးမျိုးတွေလေ၊ ပြီးတော့ ဦးကောင်းမွန်. . . သူလိုလူတစ်ယောက်ရဲ့လက်ထဲမှာ ပိုက်ဆံရှိနေတာဟာ ပန်းခူးသမားလက်ထဲ တံချူတစ်လက် ထည့်ပေးထားတာနဲ့ သွားတူနေတယ်၊ အညာလွယ်တဲ့ပန်းဟာ ကြွေမှာပဲ"

ဦးလေးရဲ့စကားတွေက နားထဲမှာ မကြားတစ်ချက်ကြားတစ်ချက်။ ဦးကောင်းမွန်ဟာ ကိုယ်နဲ့သခင့်အကြောင်းတွေကို သိနေတာလား။ သိနေတယ်ပဲဆိုကြပါစို့။ မိမိကို ကွယ်ရာမှာ ဘယ်လောက်တောင် ဟားနေမှာပါလိမ့်။ ကိုယ့်အဖြစ်က သူများခြေဖဝါးအောက်မှာ နင်းချေထားတဲ့ပန်းတစ်ပွင့်ကိုမှ မြတ်မြတ်နိုးနိုးနဲ့ နမ်းရှိုက်ပြီး ဦးထိပ်ပန်ထားမိတဲ့ အဖြစ်လေ။ ရှက်လိုက်တာ။ ရှက်ဖို့ ကောင်းလိုက်တာ။

ပြီးတော့. . .။



# လက်ခုပ်ထဲက မိုးရေစက်များ

ကိုယ့်အချစ်တွေကို နှမြောလိုက်တာ။ တကယ်တော့ ကိုယ့်အချစ်တွေက နှံ့အိုင်တစ်ခုမှာ နစ်မြုပ်နေတာပါလား။ ကိုယ်ကတော့ ဒါကိုမသိဘဲ ဂုဏ်ယူဝင့်ကြွားလို့။ လုပ်ရက်လိုက်တာ. . . သခင်ရယ်။ လုပ်ရက်လိုက်တာ။ ဖြူစင်လွန်းတဲ့ ငါ့အချစ်ကိုမှ ခင်းက အရောင်ဆိုးရက်တယ်။ ငါ့အချစ်တွေအတွက် ယူကြုံးမရဖြစ်လိုက်တာကွာ။



www.burmeseclassic.com

www.burmeseclassic.com





သူ့ရဲ့မေးခွန်းတွေအဆုံးမှာ သခင့်ရဲ့မျက်နှာက သွေးဆုတ်ဖြူရော်သွားတယ်။ ပြီးတော့ မျက်ဝန်းတွေက အထိတ်တလန့်။ နောက်ဘက်ကိုလည်း ခြေလှမ်း သုံးလေးလှမ်းလောက်ဆုတ်သွားတယ်။

"မိုး. . . မိုးစက်. . . သိ. . . သိသွားပြီလား"

"ငါ့ကိုပြန်မမေးပါနဲ့ကွာ၊ ငါမေးတာကိုသာ ဖြေစမ်းပါ၊ ငါ မေးတာကိုသာ အမှန်အတိုင်းဖြေလိုက်စမ်းပါ. . . ဟင်"

သူမမျက်ဝန်းမှာ မျက်ရည်တွေ စီးကျလာတယ်။ ပြီးတော့ တစ်ချက်ရှိုက်တယ်။ ဒီတော့ သူက သူမဆီကိုလျှောက်သွားလိုက်ရင်းက သူမပခုံးနှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်ညှမ်းခါပစ်လိုက်မိရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"မငိုနဲ့၊ မင်းမငိုနဲ့၊ မင်းငိုနေရင် အဲဒါဟာ အမှန်ပါလို့ ဝန်ခံသလိုဖြစ်သွားလိမ့်မယ်၊ ပြောစမ်းပါ၊ မဟုတ်ဘူးလို့ ပြောလိုက်စမ်းပါ၊ ငါ့အချစ်တွေ၊ မင်းအပေါ်မှာ မြတ်မြတ်နိုးနိုးနဲ့ ပုံအောထားမိတဲ့ငါ့အချစ်တွေအတွက် ငါ သိလာတာတွေဟာ အမှန်မဟုတ်ဘူးလို့ ငြင်းပေးစမ်းပါ ကွာ၊ ငြင်းပေးစမ်းပါ"

"သခင်. . . သခင်တောင်းပါတယ် မိုးစက်ရယ်၊ သခင် တောင်းပန်ပါတယ်"

"မတောင်းပန်နဲ့၊ မတောင်းပန်စမ်းပါနဲ့၊ မင်းဒီလို တောင်းပန်လိုက်လို့ရော မင်းကြောင့်စွန်းထင်းသွားတဲ့ ဖြူစင်တဲ့ ငါ့အချစ်တွေက အရင်တိုင်းပြန်ဖြူစင်သွားမှာ တဲ့လား၊ ပြောစမ်းပါသခင်ရဲ့၊ ပြောစမ်းပါ ဒေါ်မေ့သခင် ရဲ့၊ တကယ်ဆို မင်း ငါ့အချစ်ကို လက်မခံခဲ့သင့်ဘူး ငါ့မှာတော့ မင်းကို ချစ်လိုက်ရတာကွာ၊ ယုံကြည်လိုက်ရ တာ၊ မင်းကတော့ ငါ့ကို နဖားကြိုးထိုးဖို့ လုပ်နေတာကို ဟား. . . ဟား. . . ခံပြင်းလိုက်တာကွာ"

"သခင် ရှင်းပြပါရစေဦး မိုးစက်ရယ်၊ သခင့်ကိုခွင့်လွှတ်ဖို့ သခင်မမျှော်လင့်ပါဘူး၊ ဒါပေမယ့် သခင်ရှင်းပြတာ လေးကိုတော့ နားထောင်ပေးပါနော်. . . သခင်. . . မိုးစက်ကို တကယ်ချစ်. . ."





"တော်စမ်းပါ၊ တော်ပါတော့၊ တော်ပါတော့ကွာ၊ ဘာမှ ထပ်ပြီးရှင်းပြမနေပါနဲ့တော့၊ ငါမင်းကိုကြောက်ပါတယ်၊ ပြီးတော့ ငါ့အချစ်တွေအတွက်လည်း သိပ်ကိုနှမြော တယ်၊ တကယ်တော့ ငါ့အချစ်တွေက မင်းနဲ့ လုံးဝမတန် ဘူး၊ ပြီးတော့ မင်းကိုမှချစ်မိသွားခဲ့တဲ့ ငါ့နှလုံးသားကို ငါလည်း ရှက်တယ်၊ မင်းနဲ့ ငါ့ဇာတ်လမ်း ဒီမှာတင်ပြတ် ပြီလို့ မှတ်လိုက်တော့ မေ့သခင်၊ ငါသွားပြီ"

ပြောပြီး သူက လှည့်ထွက်သွားဖို့ပြင်လိုက်တယ်။ ဒါပေ မယ့် သူမက. . .

"မိုးစက်"

ဆိုပြီး သူ့လက်တစ်ဖက်ကို ဖမ်းဆွဲထားရင်းက. . .

"ရှင်. . . ဟန်နီမိုးကျော်ဆီကို သွားမှာလား"

သူမစကားကြောင့် သူမဖမ်းဆွဲထားတဲ့ လက်ကို ဆောင့် ရုန်းတော့မယ့် အားတွေက တန့်ခနဲဖြစ်သွားရတယ်။

"ဟန်နီမိုးကျော်! ဘာတွေလာပြောနေတာလဲ၊ ဒီကိစ္စနဲ့ သူနဲ့က ဘာဆိုင်လို့လဲ"

ဆိုတော့ သူမက မျက်နှာကိုတစ်ချက်မဲ့လိုက်ရင်း. . .

"ဆိုင်တာပေါ့၊ သခင်နဲ့ဦးတောင်းမွန်တို့ရဲ့ ပတ်သက်မှု တွေကို ရှင်သိအောင် သူတို့အဖွဲ့က လိုက်ဖော်ထုတ်နေ

www.burmeseclassic.com



တာလေ၊ အမိကက ဟန်နီမိုးကျော်ပဲ၊ သူက ရှင့်ကို ကျိတ်ချစ်နေတာ”

သူမစကားကြောင့် သူက ဆတ်ခနဲဖြစ်သွားတာ သူမ ကိုင်ထားတဲ့ လက်ကိုလည်း ဆောင့်ရုန်းပစ်လိုက်ရင်း. . .

“မင်း. . . သူများကို မဟုတ်ကဟုတ်ကတွေ လျှောက် ပြောမနေနဲ့”

“ဘာလို့မဟုတ်ရမှာလဲ၊ ရှင့်ဆီကို ကျွန်မနဲ့ ဦးကောင်းမွန် ရဲ့ဓာတ်ပုံတွေကို ပို့တာလဲ သူပဲ၊ အခု ဒီကိစ္စတွေကိုသိ လာတာလည်း သူပြောပြလို့မဟုတ်ဘူးလား”

“လျှောက်ရမ်းမနေနဲ့၊ ဘာမှမဆိုင်ဘူး၊ ဒီကိစ္စတွေကို ငါဘာသာသိလာတာ၊ သူဘာမှ မပြောဘူး”

“ထားလိုက်ပါလေ၊ ဒါပေမယ့် သူရှင့်ကိုချစ်နေတာ တော့ သေချာတယ်၊ သူကိုယ်တိုင် သူ့နှုတ်က ကျွန်မဆီ မှာ ဝန်ခံခဲ့တာ၊ ရှင်. . . သူ့ဆီကိုတော့ မသွားပါဘူး နော်”

သူ့ခေါင်းထဲမှာ ချာချာလည်သွားရတယ်။ သူ့ဆီကို ဓာတ်ပုံတွေပို့တာက ဟန်နီမိုးကျော်တို့အဖွဲ့ဆိုပါလား။ ဒါဆို မေ့သခင်၊ ဦးကောင်းမွန်နဲ့ မိမိတို့ရဲ့ သုံးဦးသုံးဖလှယ်ဓာတ်ထုပ် ကြီးကို သူမတို့က အစောကြီးကတည်းက ကြိုသိနေကြတာပေါ့



# လက်ခုပ်ထဲက မိုးရေစက်များ

မိမိထင်လိုက်တာက ဓာတ်ပုံတွေပို့လိုက်တာဟာ ဦးကောင်းမွန် လို့ပဲ ထင်လိုက်တာပါ။ အခုတော့ ဟန်နီမိုးကျော်တို့က ပို့လိုက် တာတဲ့။

ဟား. . . ဘာတွေလဲကွာ။ ဘာတွေလဲ။

“မိုးစက်. . . သခင်မေးနေတယ်လေ၊ ရှင် သူ့ကိုတော့ ပြောင်းချစ်မှာမဟုတ်ဘူးမဟုတ်လား. . . ဟင်”

မေ့သခင်ရဲ့စကားတွေကို သူမကြားချင်တော့ဘူး။ ပြီးတော့ ဖြေချင်စိတ်လည်း မရှိ။ ဖြေစရာစကားလုံးလည်း မရှိ။ ဒါနဲ့ သူမအနားကနေ ခြေလှမ်းကျဲကြီးတွေနဲ့ ခပ်မြန်မြန်ပဲလှည့် ထွက်လာခဲ့လိုက်တော့တယ်။

ဒါပေမယ့် ခြေလှမ်းတွေက ထုံကျင်အောင့်မျက်လို့. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၅)

“မိုးစက်ကိုက အသည်းကွဲသွားတယ်ဆိုတာထက် သူ့ကိုယ်သူအာပါအဝင် ပတ်ဝန်းကျင်၊ ကျောင်းသူကျောင်းသားအချို့၊ ဟန်နီမိုးကျော်တို့အုပ်စုစသဖြင့် တော်တော်များများကို ရှက်သွားခဲ့မိတာပါ။ အဆိုးဆုံးကတော့ ကိုယ့်နှလုံးသားကိုကိုယ် ရှက်သွားမိတာပါပဲ။

“မနေ့က ငါ့ဆီကို မေ့သခင်ရောက်လာတယ်မိုးစက်”

ပြည့်စိုးရဲ့စကားကို မိုးစက်က ထုံပေပေမျက်နှာမျိုးနဲ့ပဲ ပြန်ဖြေလိုက်မိတယ်။

“ဘာတွေ ပြောသွားသေးလဲ”

“မင်းကို တောင်းပန်ခိုင်းလိုက်တာပါ၊ ပြီးတော့ မင်းမသိသေးတဲ့ သူ့ရဲ့ဘဝအကြောင်းတစ်ချို့ကိုလည်း ပြောပြသွားသေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



မိုးစက်က သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်လိုက်ကာ ကြယ်တွေစုံနေတဲ့ ကောင်းကင်ကြီးကို မော့ကြည့်လိုက်မိတယ်။ ဒီအချိန်မှာတင်ပဲ ပြည်စိုးက စကားကိုဆက်တယ်။

"တကယ်တော့ သူ့ဘဝကလည်း သနားစရာပါကွာ၊ ငယ်ငယ်လေးကတည်းက မိဘမဲ့ဖြစ်ခဲ့တာတဲ့၊ ဆွေမျိုးနီးစပ်တော်တဲ့ အဒေါ်ဝမ်းကွဲတစ်ယောက်ဆီမှာနေပြီး ဘဝကို ခက်ခက်ခဲခဲနဲ့ ရုန်းကန်ခဲ့ရတာတဲ့၊ ဖြစ်ချင်တော့ သူဆယ်တန်းအောင်တဲ့နှစ်မှာပဲ သူ့အဒေါ်ဝမ်းကွဲက ဆုံးသွားတယ်တဲ့၊ အဲဒီလိုခိုးကိုးရာမဲ့သွားတဲ့အချိန်မှာပဲ ဦးကောင်းမွန်နဲ့ တွေ့ခဲ့တာတဲ့၊ ဘဝမှာ တစ်ခါမှ ချမ်းချမ်းသာသာမနေဖူးတော့ သူအရမ်းချမ်းသာချင်ခဲ့တယ် အဲဒီမှာတင်ပဲ ဦးကောင်းမွန်ရဲ့ မက်လုံးတွေကြားမှာ သူနစ်မြုပ်သွားခဲ့ရတယ် ဆိုပါတော့၊ တဒင်္ဂလေးစိတ်အလိုအတိုင်း လမ်းအလွှဲလိုက်မိရာကနေ သူနောက်ပြန်လှည့်လို့မရတဲ့အဖြစ်မျိုးကို ရောက်သွားခဲ့ရတယ်လေ၊ ဒါပေမယ့် သူက အဲဒီအထဲကနေပဲ သူ့ဘဝကိုသူ ဆက်တည်ဆောက်ယူတယ်၊ ဦးကောင်းမွန်ရဲ့ အထောက်အပံ့နဲ့ပဲ သူကျောင်းဆက်တက်တယ်၊ အဲဒီလိုတည်ဆောက်ယူနေတဲ့အချိန်မှာပဲ မင်းနဲ့တွေ့ခဲ့တာ ဆိုပါ





တော့၊ မင်းကိုတော့ သူတကယ် ချစ်ခဲ့ပါတယ်တဲ့၊ မချစ်သင့်ဘူးဆိုတာကို သိနေတဲ့ကြားကနေပဲ မင်းကိုသူ ပိုင်ဆိုင်ချင်ခဲ့တာပါတဲ့၊ အရာအားလုံးအတွက် မင်းကို သူတောင်းပန်ပါတယ်တဲ့၊ ပြီးတော့ သူတော်တော်လည်း ငိုထားပုံပဲ မိုးစက်၊ မျက်နှာတစ်ခုလုံး မို့အစ်နေတာပဲ"

သူက နောက်ထပ်သက်ပြင်းမောတစ်ခုကို မှုတ်ထုတ်ပစ်လိုက်မိပြန်တယ်။

"ဒါနဲ့မင်း တကယ်ပဲ နိုင်ငံခြားကို ထွက်သွားတော့မှာလား၊ ဆုံးဖြတ်ပြီးသွားပြီလား"

ဒီတစ်ခါတော့ သူနုတ်ဆိတ်မနေဖြစ်တော့ဘဲ ခေါင်းညိတ်ရင်းက ပြန်ဖြေမိတယ်။

"ဟုတ်တယ်၊ ငါဆုံးဖြတ်ပြီးသွားပြီ၊ ငါ့ဖေဖေရဲ့ရှုံးခဲ့ရှိတဲ့ စက်ာပူမှာပဲ ဖေဖေ့ကိုသွားကူရင်း သင်တန်းတွေတက်နေချင်တယ်၊ အမှိကက ငါ. . . ဗိုပတ်ဝန်းကျင်ကနေ ခဏလောက်ပဲဖြစ်ဖြစ် ရှောင်ထွက်သွားချင်တယ်ကွာ၊ ဟိုမှာပဲ ကိုယ့်ကိုကိုယ် အသစ်ကနေပြန်တည်ဆောက်ယူချင်တယ်"

"ဒါဆို ကျောင်းကရော. . ."



www.burmeseclassic.com

www.burmeseclassic.com



"အဝေးသင်ပြောင်းလိုက်ပြီးတော့ ဖြည်းဖြည်းချင်းမှပဲ ဘွဲ့ရအောင်ယူတော့မယ်ကွာ"

ပြည်စိုးက သူ့ကို နားလည်သလို ခေါင်းညိတ်ပြလာရင်း ကဆိုတယ်။

"ကောင်းပါတယ်လေ၊ ရေပြောင်းမြေပြောင်းဆိုတော့ မင်းအတွက် မြန်မြန်အနည်ထိုင်တာပေါ့၊ ဒါပေမယ့် မင်းမသွားခင် ဟန်နီမိုးကျော်ကိုတော့ သွားနှုတ်ဆက် လိုက်ပါဦးလား၊ ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ နှုတ်ဆက် သင့်တယ်လို့ ထင်တယ်လေ"

ပြည်စိုးစကားအဆုံး ဟန်နီမိုးကျော်ရဲ့ ပုံရိပ်တချို့ထ အာရုံမှာ လာထင်ဟပ်တယ်။ သူမက သူ့နှလုံးသား နွံနစ်နေတာ ကို ဆွဲထုတ်ပေးဖို့ ကြိုးစားခဲ့ပါသတဲ့လေ။

အင်းလျားကန်ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေနုအေးက စိတ်ကို အနည်းငယ်တော့ နေသာထိုင်သာရှိသွား စေသလိုပါပဲ။

"ဟန်နီ့ကို ကျွန်တော်ကျေးဇူးတင်ပါတယ်"

သူ့စကားအဆုံး သူမက ဘေးတိုက်အနေအထား ယှဉ်ထိုင် နေရင်းကနေ သူ့ဘက်ကို လှည့်ကြည့်ပြုံးပြလာရင်းက. . .

"ကျေးဇူးတင်တယ်၊ ဘာအတွက်လဲ"

"ကျွန်တော့်နှလုံးသားကို ကယ်တင်ဖို့ ကြိုးစားပေးခဲ့တဲ့ အတွက်ပေါ့"

သူမက ပြုံးပြန်တယ်။ ပြီးနောက် လေတိုက်လို့ နောက် ... ဝဲလွင့်ကာ ရှုပ်ပွသွားတဲ့ဆံနွယ်တွေကို ပခုံးတစ်ဖက်ကို ကျော် ... ရှေ့ဘက်ဆီ ဆွဲယူချလိုက်ရင်းကနေဆိုတယ်။

"ဟန်နီ စိုးရိမ်ခဲ့တယ်သိလား"

"ဘာကိုလဲ"

"ဩော်. . . နွံမှာနစ်နေတဲ့ ရှင့်နှလုံးသားကို ဆွဲထုတ်လိုက်





www.burmeseclassic.com

www.burmeseclassic.com



တဲ့အချိန်မှာ အကောင်းဝကတိအတိုင်း ပြန်ပါမလာမှာကို ပေါ့၊ ဟန်နီ တစ်ခုမေးမယ်နော်၊ မိုးစက် အမှန်အတိုင်း ဖြေမလား”

“မေးလေ၊ ဖြေမှာပေါ့”

သူမက တန်းမမေး။ ဆံပင်တွေတိုကိုင်ထားတဲ့လက်တွေကို အဲဒီဆံပင်တွေအပေါ်ကနေပဲ ဖိကာ ပိုက်ပစ်လိုက်ပြီးမှ သူ့မျက်ဝန်းတွေထဲကို စိုက်ကြည့်လာကာမေးလာတယ်။

“ရှင့်အသည်းက ဒဏ်ရာ. . . အတော်နက်သလား ဟင်”

“စသိသိချင်းတုန်းကတော့ တော်တော်လေးခံစားလိုက်ရတာပေါ့၊ ကျွန်တော်က သူ့ကို တအားကို ယုံကြည်ထားမိတာကိုး၊ ဒါပေမယ့် အချိန်ကြာလာတော့ အသည်းကနာတာထက် ရှက်တဲ့စိတ်က ပိုကြီးစိုးလာတယ်၊ ကျွန်တော် သူ့ကိုသိပ်ချစ်ခဲ့မိတယ်၊ အဲဒီအချစ်နဲ့ ဆင်တူညီစွာပဲ ကိုယ့်ကိုကိုယ် ရှက်တယ်၊ အဲဒါကြောင့် ကျွန်တော် ဒီပတ်ဝန်းကျင်ကနေ ရှောင်ထွက်သွားဖို့ ဆုံးဖြတ်လိုက်တာပါ”

သူမက ခေါင်းညိတ်ကာ အကြည့်ကို ကန်ရေပြင်ဘက် ဆီပို့တယ်။ တစ်ပြိုင်တည်းလိုလိုပဲ သူမဆီက သက်ပြင်းချသံလား၊ ဒါမှမဟုတ် နှာမှုတ်သံလားမသဲကွဲတဲ့ အသံတစ်ခုကို ကြားလိုက်မိပြန်တယ်။





“ဒါနဲ့. . . ရှင်. . . ဟိုမှာ ဘယ်လောက်ကြာကြာနေဖို့ စိတ်ကူးထားလဲ”

“အဲဒါတော့ ကျွန်တော်ကိုယ်တိုင်လည်း မသိသေးဘူး၊ အခြေအနေအရပေါ့”

“ရှင့်ဒဏ်ရာ မြန်မြန်သက်သာလာပါစေလို့ ဟန်နီဆုတောင်းပေးလိုက်ပါတယ်နော်၊ အဲနေ့ကျရင် လိုက်တော့ မပို့တော့ဘူး၊ ရှင်လည်း လိုက်ပို့စေချင်မယ် မထင်ပါဘူး”

“ဟုတ်. . . ကျွန်တော် အဲဒီနေ့ကျရင် တိတ်တိတ်လေးပဲ ထွက်သွားချင်တယ်ဗျာ၊ အဲဒါကြောင့် ပြည်စိုးကိုတောင် လိုက်မပို့ခိုင်းထားဘူး”

ဒီအချိန်မှာပဲ အစိုးမရ ခန့်မှန်းရခက်တဲ့ ရန်ကုန်မိုးက ဖြန်းခနဲဆို ရွာချလာတယ်။ ဒီမှာတင်ပဲ ခုံတန်းလျားကိုမှီးထားတဲ့ အမိုးက မလုံမှန်းသိတော့ နှစ်ယောက်သားက ထီးကိုယ်စီဖွင့်ဆောင်းကာ ငုတ်တုပ်ရပ်လိုက်မိကြတယ်။

သူမက သူထီးဖွင့်ဆောင်းတာမြင်တော့ ပြုံးလိုက်ရင်း. . .

“ဒီနေ့တော့ ထီးပါလာသားပဲ”

တဲ့။ သူမစကားကြောင့် သူမဆီက ထီးငှားခဲ့ဖူးတာကို သတိရပြီး ရယ်မိတယ်။ သူကရယ်တော့ သူမကပါ ရောယောင်ပြီး ဘာ လိုက်ရယ်ပြန်တယ်။

www.burmeseclassic.com



အဲဒီအခိုက် သူနားထဲကို ရုတ်တရက်ဝင်လာတာက မေ
သခင်ပြောဖူးတဲ့ စကားတချို့။

"သူရှင့်ကို ချစ်နေတာကတော့ သေချာတယ်၊ သူကို
တိုင် သူနှုတ်က ကျွန်မဆီမှာ ဝန်ခံခဲ့တာ"

မေ့သခင် လျှောက်ပြောခဲ့တာလည်း ဖြစ်နိုင်တာပဲလေ
ဒါပေမယ့် သူမမျက်ဝန်းတွေထဲကိုတော့ တစ်ချက်ခိုးကြည့်
အဖြေရှာမိတယ်။ ဒါပေမယ့် သူမမျက်ဝန်းတွေကို သူကော
ကောင်း မဖတ်တတ်ပါဘူးလေ။

သူက သူမမျက်ဝန်းတွေထဲကို ကြည့်ကာ ကိုယ့်အ
နဲ့တိုယ် ငြိမ်သွားတော့ သူမကလည်း သူကိုအကြည့်မှာ မျက်
ချင်း ခဏဆုံသွားရတယ်။ ဘာစကားမှလည်း မပြောမိကြ။

အင်လျားကန်ဘောင်ပေါ်မှာ လူနှစ်ယောက်။ ထိုး
လက်နဲ့ မျက်နှာချင်းဆိုင်။ မိုးတွေကလည်း သည်းသည်းမ
မည်း ရွာလို့။

နောက်တော့မှ သူမက သူ့ဆီကအကြည့်ကို ရုတ်သိ
ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်လိုက်ရင်းကဆိုတယ်။

"ဟို. . . ပြန်ကြရအောင်လေ၊ မိုးတွေကလည်း တ
သည်းလာပြီ"

"ဪ. . . ဟုတ်၊ ဒါပေမယ့်လေ မသွားခင် ကျွန်
တစ်ခုလောက်မေးချင်တယ်၊ ဖြေကြည့်ပေးပါလား"



# လက်ခုပ်ထဲက မိုးရေစက်များ

သူ့စကားကို သူမက နှုတ်က မဖြေ။ မေးလေဆိုတဲ့ သ
ဘောနဲ့ မျက်လုံးတွေကသာ ဖြေကြားလာတယ်။

"ဟို. . . ဟန်နီ့ရှေ့မှာကျတော့ ကျွန်တော့်အချစ်ရေး
ကိစ္စတွေက အမျိုးမျိုးအဖုံဖုံ ဖြစ်ပျက်သွားခဲ့တယ်လေ၊
ဒါပေမယ့် ဟန်နီကျတော့ ကျွန်တော်နဲ့ခင်မင်ခဲ့တဲ့
သက်တမ်းတလျှောက်မှာ အချစ်အကြောင်းကို တစ်ခါ
မှပြောတာ မကြားဖူးသလိုပဲ"

"အဲဒီတော့. . ."

"အဲဒါ ဟန်နီ့စိတ်ထဲမှာ အချစ်ဆိုတာကို ဘယ်လိုခံယူ
ထားလဲဆိုတာ ကျွန်တော်ရုတ်တရက်သိချင်လာလို့
ပြောပြပါလား"

သူ့မေးခွန်းအဆုံး သူမမျက်ခုံးတွေကို အပေါ်ကို လှပစွာ
ပင့်တက်သွားကြတယ်။ ပြီးနောက် သူမက လက်တစ်ဖက်ကို
မိုးအမိုးရဲ့အပြင်ဘက်ဆီရောက်အောင် ဆန့်ထုတ်လိုက်ကာ
မိုးရေစက်တွေကို လက်ခုပ်နဲ့ခံယူပြရင်းကနေ ဆိုလာတာက. . .

"ဟန်နီ့အထင်တော့ အချစ်ဆိုတာက အခုလိုရွာနေတဲ့
မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ ခံယူရသလိုပဲ၊ ကိုယ့်
လက်ထဲမှာ ကြာကြာဆုပ်ကိုင်ထားဖို့ ခက်ပါတယ်. . ."

သူမရဲ့ အချစ်အဓိပ္ပာယ်ဖွင့်ဆိုချက်က သူ့ကို တွေဝေနဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားစေတယ်။ အဲဒီအချိန်မှာပဲ သူမက သူ့ကို နောက်ဆုံး အနေနဲ့ ပြုံးပြလာရင်း. . .

"ဟန်နီ တစ်ခါတည်း နှုတ်ဆက်လိုက်တယ်နော်၊ အ
အရာရာ အဆင်ပြေပါစေ၊ good bye!"

ပါတဲ့။ သူကလည်း သူမကို အချိုမြဆုံးပြုံးပြကာ နှု
ဆက်လိုက်ရင်း. . .

"ဟုတ်ကဲ့. . . good bye ပါ၊ ကျွန်တော် ဟန်နီ့ကို
ချာပေါက် သတိရနေမှာပါ"

"ၛhank you! ”

နောက်တော့ လာရာလမ်းမတူညီတဲ့အတွက် နှစ်ယော
သားက ကျောခိုင်းလိုက်ကြတယ်။ အခုတော့လည်း အင်းလ
ကန်ဘောင်ပေါ်မှာ လူနှစ်ယောက်က ထီးကိုယ်စီနဲ့ ဆန့်
ဘက်ဆီကို တရွေ့ရွေ့လျှောက်လှမ်းလို့။

မိုးတွေကတော့ သည်းသည်းမည်းမည်းရွာနေဆဲ
ပဲလေ။



အဲဒီအချိန်ကစပြီး "မိုးစက်ကို" ဆိုတဲ့ကောင်လေးတစ်ယောက်ဟာ သူမဘဝထဲကနေ ပျောက်ချင်းမလှပျောက်ဆုံးသွားခဲ့တာပါပဲ။ ဒါပေမယ့်လို့ သူမဘဝထဲမှာတော့ သူက အမြဲတမ်းရှိနေတာပါပဲ။

မိုးရာသီတစ်ခုရောက်လာတိုင်း သူမဘဝထဲကို မိုးရေတော်တွေနဲ့ ဝင်ရောက်လာခဲ့တဲ့ သူ့ကို ပြင်းပြင်းပြပြ လွမ်းဆွတ်သတိရနေခဲ့ပါတယ်။ သူကတော့ သူမကို သတိရနေနိုင်ပါ့လား သူမ မတွေးတတ်ပါဘူး။

ဒါပေမယ့် သူ့ဆီက ဘယ်လိုတုံ့ပြန်မှုမျိုးကိုမှ သူမဘက်က တပ်မက်မှုနဲ့ မတောင့်တမိအောင် နေလာခဲ့တဲ့အခါ သူ့ကို လွမ်းနေရရုံနဲ့ သူ့ကို သူမဘက်က သတိရခွင့်ရှိနေရုံလေးနဲ့တင်ပဲ သူမဘဝကြီးက ပြည့်စုံနေသလို ခံစားရစေခဲ့ပါတယ်။ သူမအ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရယူလိုမှုနည်းနိုင်သမျှ နည်းခဲ့တဲ့အခါ နေ့ရက်တွေတိုင်းမှာ သူနဲ့ဝေးနေရပေမယ့်လို့ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ခံစားမနေရတော့ဘဲ အချစ်ဆိုတာလေးကိုသာ သီးသီးသန့်သန့်လေး လှပစွာ ခံစားနေနိုင်ခဲ့ပါတော့တယ်။

ကိုယ့်ဘဝထဲမှာ သူဖြတ်သန်းခဲ့ဖူးတယ်ဆိုတဲ့ အသိလေးနဲ့တင် သူမအချစ်က ရောင့်ရဲတတ်ခဲ့ပါတယ်။

အဲဒီလိုနဲ့ မိုးရာသီနှစ်ခုလောက် ကုန်ဆုံးသွားခဲ့ပြီးတဲ့အခါမှာတော့. . .။

အခန်း (၁၆)

Ruby Mart မှာ ဈေးလျှောက်ဝယ်နေရင်းကနေ အကျီဆိုင် Guy's Corner ရှေ့က အဖြတ်မှာတော့ မထင်မှတ်ဘဲ ပန်တျာညီညီတို့လင်မယားနဲ့ လာတွေ့တယ်။

"ဟေး. . . ယာနီနီ၊ တယ်ပျော်ပါတည်းလား"

ပန်တျာညီညီကိုတွေ့တော့ တစ်ချိန်တုန်းက ပန်တျာညီညီ သူမကို အသည်းအသန်လိုက် သော သူကို ပြေးမြင်မိကာ ပြုံးလိုက်မိသလို အဲဒါနဲ့ တစ်ဆက်တည်းမှာပဲ စိတ်က တစ်စုံတစ်ယောက်ကို ဖြတ်ခနဲသွားသတိရလိုက်တော့ ရင်ထဲမှာ ရှိန်းမြသွားရတယ်။ ဒီလိုပါပဲ. . . ချစ်ရသူဆိုတာက ကိုယ်နဲ့သူကြားမှာ အမှတ်တရတွေရှိမှ၊ တိုက်ဆိုင်မှုတွေရှိမှ သတိရတာမဟုတ်ပါဘူး။ တိုက်ဆိုင်မှုမရှိလည်း ရှအောင်ချိတ်ဆက်ပြီး သတိရမိတာမျိုးရယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . . တစ်ယောက်တည်းပဲ၊ စုံတွဲခုတ်လာကြ

တယ်ပေါ့လေ"

သူမစကားကြောင့် ပန်တျာညီညီက ရှက်ရယ်ရယ်လိုက်ရင်းက နွေ့စေ့လစေ့ဖြစ်နေတဲ့ သူ့ဖနီးသည်ရဲ့ဗိုက်ကြီးကို မေးငေါ့ပြကာ. . .

"ဟုတ်တယ်၊ ဒီမှာလေ. . . စုဗူးကြီးက ကွဲတော့မှာဆိုတော့ လိုအပ်တာလေးတွေ လာဝယ်ကြတာ"

"ကောင်းပါ့ရှင့်၊ ကောင်းပါ့၊ ဘာလေးတဲ့လဲဟင်"

"ယောကျ်ားလေးတဲ့. . . ဟဲဟဲ"

"အင်း. . . ဒါဆိုရင်တော့ ယောက္ခမတော်ရဦးတော့မှာပေါ့ နော. . ."

နောက်တော့ သူတို့ကို နှုတ်ဆက်ပြီး ပြန်ဆင်းလာခဲ့လိုက်တယ်။ ဒါပေမယ့် အထဲကအထွက်မှာတော့ ရန်ကုန်မြို့ရဲ့ မိုးရာသီထုံးစံအတိုင်း စောစောက ကျဲကျဲတောက်ပူနေတဲ့ နေလုံးက ပျောက်ချင်းမလှပျောက်သွားကာ မိုးတွေက ရွာလာတယ်။

"ဟာ. . . မိုးကလည်း လုပ်ပြီကွာ"

ဖြစ်ချင်တော့ သူမက အလာမှာ နေပူနေတာမို့ ကားထဲက ထီးကို ထုတ်ယူမလာခဲ့မိလိုက်။ ကားကလည်း ပါကင်ရတဲ့နေရာ ခပ်လှမ်းလှမ်းက လမ်းဘေးမှာပဲ ရပ်ထားခဲ့တာမို့ အခက်တွေ့ရ



# လက်ခုပ်ထဲက မိုးရေစက်များ

ပြီ။ ဒါပေမယ့်လည်း မိုးက အခုမှ စကျကာစဆိုတော့ ခပ်ဖွဲဖွဲပဲရှိသေးတာမို့ ပြေးသွားရင် သိပ်မစိုနိုင်သေးတဲ့အတွက် သူမက ဆုံးဖြတ်ချက်ကို ခပ်မြန်မြန်ပဲချလိုက်ကာ ကားဆီကိုပြေးဖို့အတွက် မိုးရွာထဲကို ထွက်လိုက်တယ်။

ဒါပေမယ့် သုံးလေးလှမ်းလှမ်းသာ သူမလျှောက်ရသေးစဉ်မှာပဲ သူမအပေါ်ကို ထီးတစ်ခုက လာရောက်မိုးပေးလာတာမို့ သူမက ထီးလာမိုးပေးသူကို လှည့်ကြည့်လိုက်စဉ်မှာတော့. . .

"ဟင်!"

သူမမှာ အဲဒီလောက်သာ ရေရွတ်လိုက်နိုင်ပြီး ငြိမ်သက်သွားရတယ်။

အနည်းငယ်ပြည့်လာတဲ့ မျက်နှာတစ်ခု။ သေချာရိတ်သင်ထားဟန်ရှိတဲ့ ပါးသိုင်းမွေးတစ်ခပ်စိမ်းစိမ်းတွေ၊ ပြီးတော့ အရင်လိုပဲ တောက်ပဆွဲဆောင်မှုရှိနေဆဲဖြစ်တဲ့ မျက်လုံးတွေ။ အို. . . အားလုံး. . . အားလုံးဟာ သူမ သိပ်ကိုလွမ်းဆွတ် သတိရနေခဲ့ရတဲ့ အရာတွေပေါ့။ ပြီးတော့ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူးလို့လည်း တစ်ခါတစ်ခါမှာ ထင်ထားမိခဲ့တဲ့ အရာတွေ။

သူမက ရုတ်တရက်ငေးကြည့်နေမိပြီးမှ သူ့အပြုံးတစ်ချက်ကြောင့် သတိဝင်လာရကာ. . .

"ဘယ်. . . ဘယ်တုန်းက ပြန်ရောက်နေတာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



လို့ အထစ်ထစ်အငေါ့ငေါ့နဲ့ မေးဖြစ်တော့ သူက ပြုံးလိုက်ပြန်ရင်းက. . .

"ဒီနေ့မနက်ပဲရောက်တာ"

"ဩော. . . အလည်ပြန်လာတာလား"

"မဟုတ်ဘူး၊ ဇလုံလာဝယ်တာ"

သူ့စကားကြောင့် သူမက ရုတ်တရက်ကြောင်သွားရပြန်ကာ မျက်ခုံးနှစ်ခုကို တွန့်ချိုးလိုက်မိရင်း. . .

"ဘယ်လို!"

"ဇလုံလာဝယ်တာလို့ပြော..."

"နားမလည်ဘူး၊ ဘာကိုပြောတာလဲ၊ ဘာဇလုံလဲ"

"အဟင်း. . . ဟန်နီပြောခဲ့ဖူးတယ်မဟုတ်လား၊ လူတစ်ယောက်ကိုချစ်ရတာက မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ ခံယူရသလိုပဲ ကိုယ့်လက်ထဲမှာ ကြာကြာ ဆုပ်ကိုင်ထားဖို့ ခက်တယ်ဆိုတာလေ"

သူ့စကားကြောင့် သူမမျက်ခုံးတွေက ပင့်တက်သွားကြရရင်း. . .





"ဩော. . . မှတ်မိနေသေးသားပဲ၊ အဲဒါနဲ့ အခုပြောနေတဲ့ ဇလုံကိစ္စက ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကျွန်တော်ကတော့ မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ မခံတော့ဘူး၊ ဇလုံနဲ့ပဲခံမလို့"

"ဘယ်လို!"

"ဟုတ်တယ်၊ ဟိုမှာရောက်နေတဲ့ နှစ်ပိုင်းခြားအတွင်းမှာ ကျွန်တော် ကောင်မလေးတစ်ယောက်ကို ပြင်းပြင်းပြပြ သတိရလွမ်းဆွတ်နေတတ်ခဲ့တာလေ၊ အခုတော့ အဲဒါက အချစ်ဆိုတာက သေချာသွားပြီ၊ အဲဒါကြောင့် မြန်မာပြည်က အချစ်မိုးရေစက်ကလေးကိုခံယူဖို့ မြန်မာပြည်မှာ ဇလုံလာဝယ်တာလို့ပြောတာ၊ ကျွန်တော်ကတော့ ဟန်နီ့လို မိုးရေစက်တွေကို လက်ခုပ်တစ်ခုနဲ့ မခံချင်ဘူး၊ ထွက်ကျသွားမှာစိုးလို့၊ ဘယ်တော့မှ ထွက်ကျမသွားအောင် ဇလုံကြီးကြီးတစ်လုံးလောက်နဲ့ပဲ ခံယူမလို့လေ"

သူ့စကားကို သူမက အခုမှ သဘောပေါက်သွားရကာ သူ့ကိုမျက်စောင်းထိုးလိုက်မိတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ်. . . ဟွန်း. . . သူများဒဿနကိုများ ဖျက်လိုဖျက်ဆီးနဲ့၊ ထားပါတော့. . . ဒါနဲ့ ရှင်က ဘယ်မိုးရေစက်တွေကို သွားခံမလို့တုန်း၊ အဲဒီဇလုံကြီးနဲ့"

"ဘယ်မိုးရေစက်ရမှာလဲ၊ ဟော့ဒီက မိုးရေစက်လေးကိုပေါ့၊ ကျွန်တော့်ဇလုံထဲကိုပဲ ကြွေဆင်းလိုက်ပါ မိုးရေစက်လေးရယ်. . . နော်. . . နော်"

သူ့အပြောကြောင့် သူမမှာ ရင်တွေတအားကြီးကို လှိုက်ခုန်နေရတဲ့ကြားက အသံထွက်အောင်ပဲရယ်လိုက်မိတော့ သူကပါ သူ့စကားကိုသူ ပြန်ရှက်သွားသလိုဟန်နဲ့ ရောယောင်ကာလိုက်ရယ်တယ်။

စောစောက ခပ်ဖွဲဖွဲသာရွာနေတဲ့ မိုးကလည်း အခုတော့ သည်းသည်းမည်းမည်းကို ရွာချလာခဲ့ပြီ။ အဲဒီမိုးရေစက်တွေထဲက ထီးလေးတစ်ချောင်းအောက်မှာတော့ မြတ်နိုးစွာ၊ လွမ်းဆွတ်စွာ ကြည့်နေကြတဲ့ လူနှစ်ယောက်။

သူတို့နှစ်ယောက်ကိုကြည့်ပြီး ပတ်ဝန်းကျင်က လူတချို့ကတော့ မိုးရွာထဲထွက်ပြီး ဘာကြောင်တာလဲဟုလို့ တွေးမိကြမှာ အမှန်ပါပဲ။ ဒါပေမယ့် သူမနဲ့သူကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ပါဘူး။



# လက်ခုပ်ထဲက မိုးရေစက်များ

ပတ်ဝန်းကျင်တခွင်နဲ့ ထီးလေးပေါ်မှာ သဘာဝမိုးက ရွာနေသလိုပဲ ထီးအောက်က သူတို့နှစ်ယောက်ကြားမှာတော့ အချစ်မိုးများစွာ ရွာနေတယ်လေ. . .။

ဘဝအမောများ ပြေပျောက်နိုင်ကြပါစေ. . .

ရာဇဝင်ကို

6 : 06 (am)

10-8-2014

Sunday



www.burmeseclassic.com

www.burmeseclassic.com

## "အချစ်ဆိုတာ စကားပြောတယ်"

ဘာပြောစရာပဲ...
ငါပြောလိုက်တဲ့ စကားတစ်ခွန်းက
နင့်ကိုဘာအကြောင်းပြန်ပေးသလဲ...
အို ကိုင် အမျိုးမျိုးအားပေးခဲ့တာပေါ့
အို ဘာတွေ့လဲ ငါကြိုးစားမှုက...
ဘာမှမသာတော့ဘူး။

ရှာဖွေနေလိုက်တာ...
ငါ့ရင်မှာ နင့်ပြုံးလိုက်တယ်ဆိုတာ
အို ဘာကြောင့်မှာပေါ့...
ငါ့ဘာ ပြုံးနေတာကြည့်ပြီး [illegible] ခဲ့ဘူး။

မယုံနိုင်စရာပဲ...
ငါ့နေ့တစ်ဘက်ကိုနေတာပေါ့
နင့်မိတ်ကိုတွေ့ခဲ့သော [illegible]...
[illegible]...
အို ကိုကြာကြာတွေ့ခဲ့ [illegible] ခဲ့ဘူး။

နင့်ဘာ [illegible] တွေ့မှာပေါ့
[illegible]
[illegible]...
[illegible] နိုင်တာပဲ...
[illegible] တုန်လှုပ်မှုမသိလိုက်ရတယ်...
[illegible] ပေါ့...
[illegible] ပြုံးကိုနောက်တစ်ခါမြင်ရဖို့...
နင့်ကိုမျှော်ပေးမယ်တော့ကြည့်နေလိုက်တယ်လေ။

ကျဝင်းကို

www.burmeseclassic.com



## ပုဂံစာရေးဆရာ ဂျူဝင်းကိုမြင့်

### ရေးသားထုတ်ဝေပြီးသော လုံးချင်းစဉ်များ


၁။ ဒေဝဦယျာဉ်ထဲက ပြဇာတ် (ဗီဒီယို)

၂။ ဗန်ဂိုးရဲ့နေကြာခင်းထဲမှာ
ပျောက်ဆုံးသွားသောခန္ဓာကိုယ်တစ်ခြမ်း (ဗီဒီယို)

၃။ ရည်းစားတစ်ခုလပ်များ

၄။ ငါ့အသည်းပေါ်မှာခြေစုံရပ်ပြီး
ရည်းစားလာဂါထာရွတ်နေတဲ့ ကောင်မလေး (ဗီဒီယို)

၅။ အရှေ့တောင်အာရှရဲ့
အချစ်တတ်ဆုံးယောက်ျား (ဗီဒီယို)

၆။ အနမ်းတွေပူဆာမလို့ (ဗီဒီယို)

၇။ ယခုနှစ်တွင်ရာသီဥတုကောင်းမွန်သောကြောင့်
အချစ်များထွက်နှုန်းတိုး၏ (ဗီဒီယို)

၈။ အချစ်ရှိရာအရပ်သို့ မျက်နှာမူ၍စပ်သောကဗျာ (ဗီဒီယို)

၉။ ဂန်းနမ်းစတိုင်လ် (ဗီဒီယို)

၁၀။ နှင်ရယ် ငါရယ် လူကြမ်းတွေရယ် (ဗီဒီယို)




ဟံ့ဘွန်တိုင်စာပေ

www.burmeseclassic.com